# မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၁၃)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၇ ရက်၊ တနင်္လာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**လုပဝေစည် တို့တိုင်းပြည်တွက် ကိုယ်စီဆန္ဒ မဲပေးကြ။**

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မွန်ပြည်နယ်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကိုလည်း ထပ်မံထုတ်ချေးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မွန်ပြည်နယ်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ✭



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား ပြခန်းတစ်ခုချင်းစီအလိုက် ခင်းကျင်းပြသထားမှုကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၇ ရက်)

# နိုင်ငံတော်အတွက် အမျိုး ဘာသာ သာသနာနှင့်မြတ်ပညာ

မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ပေါ်ပေါက်ခဲ့သည့် YMBA အသင်းကြီးသည် ယခုနှစ်ဆိုပါက နှစ်ပေါင်း ၁၁၉ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ စတင်ပေါ်ပေါက်ချိန်ကတည်းကချမှတ်ခဲ့သည့် **"အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာကိုအားပေးပါ"** ဆိုသည့်ရည်ရွယ်ချက်သည် ယနေ့ထက်တိုင် အသက်ဝင်နေဆဲ၊ မျိုးဆက်သစ်များက လက်ဆင့်ကမ်းဆောင်ရွက်နေရဆဲဖြစ်သည်။ အဆိုပါတာဝန်များကိုဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရအနေဖြင့်လည်း တစ်တပ်တစ်အားကြိုးစားဆောင်ရွက်နေသကဲ့သို့ အမိနိုင်ငံအတွင်းမှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း အမျိုးကိုချစ်သည့်စိတ်၊ ဘာသာကိုအလေးထားသည့်စိတ်၊ သာသနာကိုထိန်းသိမ်းစောင့်ရှောက်လိုသည့်စိတ်၊ပညာကိုမြှင့်တင်လိုသည့်စိတ်ဓာတ်ခံယူချက်များဖြင့်တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးကြီးဆုံးရှုံးခဲ့ရသော်လည်း မြန်မာတစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုအားကြောင့် ၁၉၀၆ ခုနှစ်တွင် ဘာသာရေးကိုအခြေခံသည့် YMBA အသင်းကြီးပေါ်ပေါက်ခဲ့သည်။ ထိုမှတစ်ဆင့် ၁၉၂၀ ပြည့်နှစ်တွင် YMBA မှ GCBA ဟူ၍ ပြောင်းလဲဖွဲ့စည်းကာ ယခင်ကထက် နိုင်ငံရေးလှုပ်ရှားမှုများကို ပိုမိုဆောင်ရွက်နိုင်ခဲ့ကြသည်။ ထို့နောက် တို့ဗမာအစည်းအရုံးပေါ်ပေါက်လာပြီး အစည်းအရုံးဝင်သခင်လူငယ်များမှတစ်ဆင့် ရဲဘော်သုံးကျိပ်၊ ရဲဘော်သုံးကျိပ်မှတစ်ဆင့် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို စတင်ဖွဲ့စည်းနိုင်ခဲ့ကာ လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့သည်အထိ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီးက အခြေခံအုတ်မြစ်ကောင်းများကို ချမှတ်ပေးနိုင်ခဲ့သည်။ ထို့ကြောင့် **တပ်မတော်၏သမိုင်းအစ ဘီအိုင်အေက** ဆိုသကဲ့သို့**မျိုးချစ်စိတ်ရဲ့အစ YMBA** ကပဟု ပြောရမည်ဖြစ်သည်။

**"အမျိုး"** ဟူသည်ကို **"အမျိုးသားများ ကြီးပွားတိုးတက်ရေး၊ အမျိုးသားများနှင့် သက်ဆိုင်သောအရေးအခင်းများ"**ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။ သမိုင်းစဉ်တစ်လျှောက်ကို လေ့လာကြည့်မည်ဆိုပါကလည်း ကမ္ဘာ့နိုင်ငံများအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်ရပ်တည်နိုင်ရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းတည်ဆောက်နေကြသည်။ ယနေ့ကမ္ဘာ့ဖြစ်ရပ်များကိုကြည့်ပါက ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများအပါအဝင် နိုင်ငံများသည် အခြားသောနိုင်ငံရေးများထက် အမျိုးသားရေးကို ဦးစားပေးဖော်ထုတ်လာကြသည်ကိုတွေ့နိုင်သည်။ နိုင်ငံတော်၏ဘက်စုံအကျိုးစီးပွားများအောင်မြင်ဖြစ်ထွန်းစေရေး**"စစ်မှန်သောအမျိုးသားရေးစိတ်ဓာတ်"**နိုင်ငံသားတိုင်းတွင် မရှိမဖြစ်ရှိနေကြရန် လိုအပ်လာပြီဖြစ်သည်။ အဆိုပါအချက်ကို တွေးတောဆင်ခြင်မိကြသည့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီးကို စတင်တည်ထောင်ခဲ့ကြသူများသည်**အမျိုး**ဆိုသည်နှင့်ပတ်သက်၍ ထည့်သွင်းခဲ့ကြခြင်းဖြစ်သည်။

ယခုအခါ နှစ်ပေါင်း ၁၁၉ နှစ်တိုင်ခဲ့ပြီဖြစ်သည့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး စတင်ပေါ်ပေါက်ချိန်ကတည်းက ထားရှိခဲ့သည့်ရည်ရွယ်ချက်များနှင့်အညီ (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲများကိုကျင်းပပြီး **သာသနာ**တော်ထွန်းကားပြန့်ပွားရေးကြိုးပမ်းဆောင်ရွက်ခဲ့သည်မှာ ယခုအခါ (၇၅) ကြိမ်မြောက်သို့ ရောက်ရှိပြီဖြစ်သည်။ ယခုနှစ်တွင်ထူးခြားသည်မှာ မြန်မာဘာသာနှင့်သာမကဘဲ တိုင်းရင်းသားဘာသာများဖြစ်သည့် မွန်၊ ပအိုဝ်းဘာသာများနှင့်ပါဖြေဆိုနိုင်ခဲ့သည်မှာ ဝမ်းမြောက်ဂုဏ်ယူဖွယ်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုဝင်ဘာလ ၁၄ ရက်ကကျင်းပသည့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)၏ (၇၅)ကြိမ်မြောက် စိန်ရတု(၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲဆုချီးမြှင့်ပွဲအခမ်းအနားတွင်အမှာစကားပြောကြားစဉ် **"မိမိတို့၏မြန်မာစာပေ၊ မြန်မာဘာသာစကားသည် နှစ်ပေါင်းရှည်ကြာ သမိုင်းအထောက်အထားခိုင်မာစွာဖြင့် တည်ရှိခဲ့ပြီးဖြစ်ကြောင်း၊ ဘာသာစကားတစ်ခု၏တန်ဖိုးကို မိမိမွေးရပ်ဇာတိတိုင်းပြည်မဟုတ်သည့် နိုင်ငံရပ်ခြားဒေသတစ်ခုသို့ ရောက်ရှိချိန်မှ ပိုမိုနားလည်သိရှိတတ်ကြကြောင်း၊ ထိုအခါမှ မိမိတို့၏ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်စာပေသည် ပိုမိုလေးနက်သည်ကို သိလာကြကြောင်း၊ ဒီမြေမှာမွေးဒီမြေမှာကြီးပြင်းသူတိုင်းသည်မိမိတို့၏ကိုယ်ပိုင်စာပေနှင့်ဘာသာစကားကိုအလေးထားကြရန်လိုကြောင်း၊ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ဘာသာစကားစာပေများပျောက်ဆုံးမှုကြောင့် တိုင်းပြည်ပါပျောက်သည်အထိဖြစ်ခဲ့သည့် သာဓကများလည်းရှိနေကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

ယနေ့အချိန်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီးအနေဖြင့်လည်း ဘာသာ၊ စာပေနှင့်ပတ်သက်ပြီး ဆက်လက်ပံ့ပိုးဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့်လည်း မြန်မာစာပေနှင့် ကိုယ်ပိုင်ဘာသာစကားများ ရှိပြီးသားထက်တိုးတက်မြင့်မားလာစေရန် ဘက်စုံထောင့်စုံမှ မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိနေသည်။ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများကိုလေ့လာကြည့်ပါက ပညာတတ်များပေါကြွယ်ဝခြင်းနှင့် ပညာရေးကို နှစ်ကာလများစွာကတည်းက အားပေးခဲ့ကြခြင်းကြောင့်ဖြစ်သည်ကို တွေ့နိုင်သည်။ **"ဥစ္စာဟူသည် မျက်လှည့်မျိုး၊ ပညာဟူသည် မြတ်ရွှေအိုး"** ဆိုသည့်အတိုင်း အသိပညာ၊အတတ်ပညာများ ပြည့်ဝနေခြင်းသည် မိမိတို့တစ်ဦးတစ်ယောက်ချင်း၏ ဘဝများအတွက်သာမက ပညာတတ်များပြည့်ဝသည့် နိုင်ငံတော်တစ်ခုအတွက်လည်း ကမ္ဘာ့အလယ်တွင်ဝင့်ထည်စေမည်ဖြစ်သည်။ YMBA အသင်းကြီးက ချမှတ်ခဲ့သည့်ရည်ရွယ်ချက်များကို ယနေ့ကာလတိုင် မျိုးဆက်သစ်များက လက်ဆင့်ကမ်းတာဝန်ယူထမ်းရွက်လျက်ရှိနေသည်မှာ နိုင်ငံနှင့်လူမျိုးအတွက်ဂုဏ်ယူဖွယ်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

---

**၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**

**ရွေးကောက်ပွဲကျင်းပရန် ၄၁ ရက် သာ လိုတော့သည်။**

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

---

# တောင်သူနည်းပညာပေးဆွေးနွေးပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၆

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းရှိစိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း AERDTC ခန်းမ၌ နိုဝင်ဘာလ ၁၆ ရက်တွင် မတ်ပဲနှင့် ပဲတီစိမ်း သီးနှံတွင်ကျရောက်ဖျက်ဆီးတတ်သောရောဂါများနှင့် ကာကွယ်နှိမ်နင်းနည်းများခေါင်းစဉ်ဖြင့် အကြိမ်(၉၀)မြောက် တောင်သူနည်းပညာပေးဆွေးနွေးပွဲကျင်းပသည်။

တောင်သူနည်းပညာပေးဆွေးနွေးပွဲတွင်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသူရစိုးက အမှာစကားပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ အပင်ရောဂါ သုတေသနဌာနစုမှ ဒေါက်တာသက်ရည်ခိုင်က မတ်ပဲနှင့် ပဲတီစိမ်းသီးနှံတွင် ကျရောက်ဖျက်ဆီးတတ်သောရောဂါများနှင့် ကာကွယ်နှိမ်နင်းနည်းများခေါင်းစဉ်ဖြင့် သီးနှံကာကွယ်ရေးတွင် လိုက်နာဆောင်ရွက်သင့်သည့်အချက်များဖြစ်သည့် မျိုးရွေးချယ်ခြင်း၊ မျိုးစေ့လူးနယ်ခြင်း၊ မြေတွင်းအစိုဓာတ်ကို ထိန်းသိမ်းနိုင်အောင်ပြုပြင်ခြင်း၊ စိုက်ချိန်၊ စိုက်နည်းစနစ်၊ မိုးရေချိန်/ စိုက်ချိန် မှန်ကန်အောင်စိုက်ပျိုးခြင်း၊ ရိတ်သိမ်းချိန်မျိုးစေ့များကို ရောဂါပိုးမွှားများကင်းစင်အောင်သန့်စင်ခြင်း၊ စိုက်ခင်းသန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို အသိပညာပေးဟောပြောသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဒေါက်တာနေနေဦးက ပဲတီစိမ်း၊ မတ်ပဲတို့တွင် ကျရောက်သည့်ရောဂါများနှင့် ရောဂါဖြစ်ကြောင်း သက်ရှိများနှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးကြသည်။

အဆိုပါတင်ပြဆွေးနွေးချက်များအပေါ်တက်ရောက်လာသည့် စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှပညာရှင်များက ဝိုင်းဝန်းဖြည့်စွက်ဆွေးနွေးပေးကြကာ တောင်သူများက သိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဒေါက်တာပပဝင်းက စိုက်ပျိုးရေးကွင်းဆက်တစ်လျှောက် ပါဝင်သူများအတွက် များစွာအကျိုးရှိသည့် တောင်သူနည်းပညာပေးဆွေးနွေးပွဲကို မိမိတို့အနေဖြင့် လုပ်ရမည့်လုပ်ငန်းစဉ်တစ်ခုအဖြစ်ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရေး ပြောကြားကြောင်းသိရသည်။

**ဇော်မျိုး(မြဝတီ)**

---

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၁၁-၂၀၂၅(တနင်္လာနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၇:၂၀ ကိုယ်လက်လှုပ်ရှားအားကစား
၃။ ၀၈:၀၀ မောင်မယ်လေးများသိစေချင်
၄။ ၁၀:၀၀ မွေးမြူသုတ
၅။ ၁၁:၀၀ ကမ္ဘာ့ရေးရာမှတ်သားစရာ
၆။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု
၇။ ၁၃:၀၀ အမှတ်တရနေ့ရက်များ
၈။ ၁၄:၀၀ မှတ်သားလိုက်နာပုံပမာ
၉။ ၁၅:၀၀ ပန်းပေါင်းစုံစွာအနုပညာ
၁၀။ ၁၇:၀၀ စိုက်ပျိုးသုတ
၁၁။ ၁၈:၃၀ **ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ**
၁၂။ ၁၉:၀၀ **၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်**
၁၃။ ၂၀:၀၀ မြဝတီရုပ်မြင်သံကြားသတင်း

---

မြဝတီ နေ့စဉ် the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၆၇-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၆၇-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၈၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ကချင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း တွေ့ဆုံညှိနှိုင်း

မြစ်ကြီးနား နိုဝင်ဘာ ၁၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌ ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေများနှင့်ပတ်သက်၍ တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ ကချင်ပြည်နယ်အတွင်းရှိပြည်နယ်/ ခရိုင်/ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ်မှူးများ၊ ပြည်နယ်/ ခရိုင်/ မြို့နယ်များရှိ လျှပ်စစ်ဝန်ထမ်းများ၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက လက်ရှိဓာတ်အားလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး နည်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထုတ်လုပ်ရရှိသော လျှပ်စစ်ဓာတ်အားများကိုလည်း ပြည်သူများထံသို့ ပိုမိုတိုးတက်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ပို့လွှတ်ရေးဓာတ်အားလိုင်းများနှင့် ဖြန့်ဖြူးရေးဓာတ်အားလိုင်းများတိုးတက်ကောင်းမွန်အောင်၊ ဟန်ချက်ညီညီစီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဓာတ်အားပြည့်ပြည့်ဝဝဖြန့်ဖြူးပေးနိုင်ရေးအလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာအလေအလွင့်မရှိစေရေး မြို့နယ်များအလိုက်ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေရေး အလေးထားဆောင်ရွက်သွားရန်နှင့် ဓာတ်အားခကြွေးကျန်များ အပြည့်အဝကောက်ခံရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် တရားမဝင်ဓာတ်အားသုံးစွဲမှုများမရှိစေရေးအတွက် စစ်ဆေးရေးအဖွဲ့များဖွဲ့စည်းပြီး စစ်ဆေးဖော်ထုတ်အရေးယူဆောင်ရွက်သွားကြရန်၊ အထူးသဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ ဓာတ်အားပျောက်ဆုံးမှုနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းစေရေး၊ ဘဏ္ဍာရေးနှစ်အလိုက် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများမှ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဓာတ်အားခကောက်ခံရရှိမှုနှင့် ကြွေးကျန်ကျဆင်းရေးဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် နယ်မြေအခြေအနေအရ ယာယီတိမ်းရှောင်ရောက်ရှိလာသော ဝန်ထမ်းများအားနေရာချထားပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်တွေ့ဆုံကာ ယာယီတိမ်းရှောင်လာသည့် ဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ ကြက်ဥများနှင့်ထောက်ပံ့ငွေများ၊ ပြည်နယ်အတွင်းရှိဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ သက်ကြီးဆရာဝန်ကြီးများ ကျန်းမာရေးစစ်ဆေးကုသမှုနှင့် ဆေးတက္ကသိုလ်(၂) ရန်ကုန်၏ ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်များ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း လှည့်လည်ကြည့်ရှု

ရန်ကုန် နိုဝင်ဘာ ၁၆

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ နှစ်စဉ်ပြုလုပ်သော သက်ကြီးဆရာဝန်ကြီးများ ကျန်းမာရေးစစ်ဆေးကုသမှုဆောင်ရွက်ခြင်းကို ကြည့်ရှုအားပေးသည်။

ဦးစွာ သက်ကြီးဆရာဝန်ကြီးများအားတွေ့ဆုံ၍ ဆေးဝါးများ ထောက်ပံ့ပေးကာ သွေးဖောက်စစ်ဆေးခြင်း၊ ECG စစ်ဆေးခြင်း၊ ရင်ဘတ်ဓာတ်မှန်ရိုက်ကူးခြင်း၊ တယ်လီဖေးရှင်းဓာတ်မှန်ရိုက်ကူးခြင်းနှင့် အရိုးသိပ်သည်းဆတိုင်းတာစမ်းသပ်ခြင်း (Bone Densitometry)၊ အထွေထွေရောဂါအထူးကုဆရာဝန်ကြီးများ၊ သက်ကြီးရွယ်အိုဆေးပညာအထူးကုဆရာဝန်ကြီးများ၊ ဆီးချိုသွေးချိုရောဂါအထူးကုဆရာဝန်ကြီးများက ကျန်းမာရေးစစ်ဆေးကုသပေးနေခြင်းတို့ကို လှည့်လည်ကြည့်ရှုပြီး ခင်မင်ရင်းနှီးစွာ နှုတ်ဆက်အားပေးသည်။

အဆိုပါ သက်ကြီးဆရာဝန်ကြီးများ ကျန်းမာရေးစစ်ဆေးကုသခြင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းမှ သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့တို့က ပူးပေါင်းဆောင်ရွက်ခဲ့ပြီး သက်ကြီးဆရာဝန်ကြီး ၂၆၈ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆေးတက္ကသိုလ်(၂)ရန်ကုန်သို့ သွားရောက်၍မြသီလာ(အမျိုးသမီး)ဆောင်၊ သီတာ(အမျိုးသမီး)ဆောင်၊ ဥက္ကလာ (အမျိုးသား)ဆောင်များ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ရန်ပုံငွေဖြင့် ပြင်ဆင်ဆောက်လုပ်နေသော Dormitory ခြောက်ထပ်ထမင်းစားဆောင် ဆောက်လုပ်ခြင်းနှင့် သံပန်းတပ်ဆင်ခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုပြီး လာမည့်ပညာသင်နှစ်တွင် အသစ်ရောက်ရှိလာမည့် ကျောင်းသား၊ ကျောင်းသူများနေထိုင်မှုအဆင်ပြေစွာ ပညာသင်ကြားနိုင်ရေး၊ လုံခြုံဘေးကင်းစွာ နေထိုင်နိုင်ရေး၊ အဆောက်အအုံ အရည်အသွေးကောင်းမွန်စေရေးနှင့် အချိန်မီပြီးစီးစေရေးတို့အတွက် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ယင်းနောက်ဆေးတက္ကသိုလ်(၂)ရန်ကုန် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာမိုးဝင့်အောင်က အဆောင်နေကျောင်းသား၊ ကျောင်းသူများ နေထိုင်နိုင်ရန် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့်ညွှန်ကြားရေးမှူးချုပ်တို့က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့်ပြည်ထောင်စုနယ်မြေ နေပြည်တော်၊တိုင်းဒေသကြီး /ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၁၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၈၅ | ၂၇၀၀ | ၂၆၆၅ | ၂၆၀၀ | ၂၇၀၅ | ၂၇၂၀ | ၂၇၃၅ | ၂၆၅၅ | ၄၅၀၅ | ၂၉၅၀ | ၂၆၇၀ | ၂၈၉၀ | ၂၇၄၅ | ၂၇၁၀ | ၂၇၃၀ | ၂၉၈၅ |
| 95 Ron | ၂၆၆၀ | ၂၇၇၅ | ၂၇၄၀ | ၂၆၇၅ | ၂၇၈၀ | ၂၇၉၅ | ၂၈၁၅ | ၂၇၃၀ | ၄၅၆၀ | ၃၀၂၅ | ၂၇၅၀ | ၂၉၇၅ | ၂၈၂၀ | ၂၇၈၅ | ၂၈၁၀ | ၃၀၆၅ |
| HSD (500 ppm) | ၂၅၄၀ | ၂၆၅၅ | ၂၆၂၀ | ၂၅၅၅ | ၂၆၆၀ | ၂၆၇၅ | ၂၆၉၅ | ၂၆၁၅ | - | ၂၉၀၅ | ၂၆၃၀ | ၃၂၉၀ | ၂၇၀၀ | ၂၆၆၅ | ၂၆၉၀ | ၂၉၄၅ |
| HSD (50 ppm) | ၃၀၈၅ | ၃၂၀၀ | ၃၁၆၅ | ၃၁၀၀ | ၃၂၀၅ | ၃၂၂၀ | ၃၂၃၅ | ၃၁၅၅ | ၄၈၃၀ | ၃၄၅၀ | ၃၁၇၅ | ၃၃၄၅ | ၃၂၄၅ | ၃၂၁၀ | ၃၂၃၀ | ၃၄၉၀ |
| HSD (10 ppm) | ၃၀၈၅ | ၃၂၀၀ | ၃၁၆၅ | ၃၁၀၀ | ၃၂၀၅ | ၃၂၂၀ | ၃၂၃၅ | ၃၁၅၅ | - | ၃၄၅၀ | ၃၁၇၅ | ၃၃၄၅ | ၃၂၄၅ | ၃၂၁၀ | ၃၂၃၀ | ၃၄၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၂၈ | ၂၅၁၀ |
| 95 Ron | ၂၅၀၃ | ၂၅၀၆ |
| HSD (500 ppm) | ၂၃၀၇ | ၂၄၆၄ |
| HSD (50 ppm) | ၂၉၁၃ | ၃၀၀၁ |
| HSD (10 ppm) | ၂၉၁၃ | ၃၀၀၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသိုလုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇၊

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ညီ။ "ဘာလဲ ဘရားသား"

နုပ်။ "လက်ရှိစိတ်ဓာတ်အခြေအနေက ဘယ်လိုဖြစ်နေသလဲဆိုတော့ တစ်ဖက်နဲ့ တစ်ဖက် လျှော့မပေးချင်ရုံမက လျှော့ပေးတယ်လို့ သူတစ်ပါးက ထင်သွားမှာကိုတောင် စိုးရိမ်နေကြတယ်။ ဥပမာ – ကိစ္စတစ်ခုမှာ ဒီလိုလုပ်လိုက်ရင် သင့်တော်လိမ့်မယ်လို့ ကိုယ့်ဘာသာကိုယ် ထင်တယ်ဆိုပါတော့။ ကိုယ်ထင်တဲ့အတိုင်း တစ်ခါတည်း မလုပ်လိုက်ချင်ကြသေးဘူးဗျ။ ဒီလိုလုပ်လိုက်ရင် ငါကလျှော့ပေးတယ်လို့ လူတွေက ထင်ကုန်ကြလေမလားဆိုတဲ့ ဆီအထိ စဉ်းစားနေကြတယ်။ တကယ် လျှော့ပေးတာ မဟုတ်သေးဘဲလျက်နဲ့ လူတွေက ထင်တာကလေးလောက်ကိုတောင် မခံနိုင်ကြဘူးဗျ။ တကယ့်အကျိုးထက် လူတွေက ထင်တာလောက်ကို ပိုပြီး ဂရုစိုက် အလေးပေးနေကြတယ်ဆိုတာ အတော်ကလေးဆန်တဲ့ မာနပဲလို့ဆိုချင်တယ်ဗျာ"

ညီ။ "အထင်ကြီးခံချင်မှုကတော့ သူတို့ဘက်က သာပြီးဆိုးပါတယ်"

နုပ်။ "ရွှေ၊ ကျွန်တော်မငြင်းဘူး၊ လက်ခံတယ်။ ကောင်းပြီ။ ဒီတော့ ကျွန်တော်ပြောခဲ့တဲ့ ကြေညာချက်မျိုးကို ခင်ဗျားတို့ဘက်က ထုတ်ပြန်လိုက်တဲ့အခါမှာ ရုရှားကြီး ပျော့လာပြီလို့ တချို့က ပြောကြမယ်။ လျှော့ချလာပြီလို့ တချို့က ပြောမယ်။ ဒီလိုစကားတွေကို အမေရိကန်ကြားရတဲ့အခါမှာ တစ်နည်းအားဖြင့် ဂုဏ်ယူကြလိမ့်မယ်။ တင်းမာနိုင်မှ ဂုဏ်ရှိတယ်ထင်တဲ့လူစုကိုးဗျ။ တစ်ဖက်သားပျော့တယ်၊ လျှော့တယ်ဆိုရင် သူတို့ သဘောကျတာပဲ။ သဘောကျရာစမ်းပါစေဗျာ။ ဒီနည်းမျိုးနဲ့ သဘောကျလေလေ ငြိမ်းချမ်းရေးအလုပ် အောင်မြင်လေလေပဲလို့ ကျွန်တော်မြင်ပါတယ်"

ညီ။ "သူတို့က ကမ်းတက်မလာပေဘူးလားဘရားသား"

နုပ်။ "ဒါကတော့ မမေးပါနဲ့ဗျာ။ ကျွန်တော့်ကြေညာချက်မျိုးက ကမ်းတက်စေနိုင်တဲ့ အချက်မပါပါဘူး။ ချက်ချင်းမယုံချင်သာရှိမယ်။ ကမ်းမတက်စေနိုင်ပါဘူး။ တင်းမာမှု ဒါမှမဟုတ် တင်းမာတယ်လို့ အထင်ခံချင်မှုတွေ မိုးမွှန်နေကြတဲ့ ခေတ်ကြီးမှာ ကိုယ့်အိတ်ထဲက ဘာတစ်ခုမှလည်း ထုတ်မပေးရ၊ မဲ့ဆက်ဆီးဖင်းထဲက ခြေတစ်လှမ်းမှလည်း နောက်ဆုတ်မပေးရဘဲနဲ့ လိုက်လျောလာပြီလို့ လူတွေက အထင်ခံရခြင်းက ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အမြတ်တစ်ခုထွက်လာခြင်းဖြစ်လို့မို့ ရှေ့အဖို့ မျှော်လင့်ချက်ကြီးအနေနဲ့ ကျွန်တော်မြင်တယ်ဗျာ"

ညီ။ "ဘရားသားက ကားလ်မဲ့ကစ်ရဲ့ စီးပွားရေးစနစ်ကို ဘယ်ပုံကြိုက်တာလဲ ခင်ဗျာ"

နုပ်။ "ကျွန်တော်က ဗုဒ္ဓရဲ့ မဇ္ဈိမပဋိပဒါ Middle Way ဆိုတဲ့ကျင့်စဉ်ကို နေရာတိုင်းမှာလိုလို ကြိုက်ချင်တဲ့လူတစ်ယောက်ပဲ။ ဘာမဆို အတိုင်းအရှည်နဲ့ အလယ်အလတ်ကို ကြိုက်တတ်တယ်။ အရင်းရှင်စီးပွားရေးစနစ်က ပင်ပန်းရတဲ့အလုပ်သမားမှာ အကျိုးမခံစားရဘဲ အရင်းရှင်များက ခြင်္သေ့မင်းဝေစု Lion's Share ယူသွားကြတာက တစ်ချက်၊ အလွန်အမင်းချမ်းသာတဲ့လူနဲ့ အလွန်အမင်း ဆင်းရဲတဲ့ လူတွေ ဖြစ်ကုန်တာက တစ်ချက် ဒီနှစ်ချက်ကိုမကြိုက်ဘူး။ လူတွေအားလုံး မရှိမရှားဆိုတဲ့အခြေအနေမျိုး ဖြစ်စေချင်တယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း မရှိမရှားဆိုတဲ့အဖြစ်မျိုးကိုပဲ တောင့်တပါတယ်။ ဆိုရှယ်လစ်စီးပွားရေးစနစ်က ဒီလိုဖြစ်နိုင်တဲ့ အစအနမြင်ရလို့ ကျွန်တော် သဘောကျတယ်"

ညီ။ "ဆိုရှယ်လစ်စနစ်အောက်မှာ စစ်မဖြစ်နိုင်ဘူးဆိုတာကော မယုံဘူးလား ခင်ဗျာ"

နုပ်။ "ဆိုရှယ်လစ်ချင်း စစ်မဖြစ်ရမီ အရင်းရှင်စနစ်နဲ့ဖြစ်ပြီး ကမ္ဘာကြီးပျောက်သွားမှာကို ကြောက်တယ်ဗျ။ ဒါကြောင့် ကျွန်တော်ဖြင့် ခုတလောမှာ ဘာကိုမှ မစဉ်းစားဘဲ အမေရိကန်နဲ့ ခင်ဗျားတို့ အကြောင်းချည်း စဉ်းစားနေတာပဲ။ ကျွန်တော်က အလွန်အကျွံဆိုတာ ဘာမှ မကြိုက်ဘူးဗျ။ ပစ္စည်းဥစ္စာမှာလည်း အလွန်အကျွံမကြိုက်ဘူး။ ဩဇာအာဏာမှာလည်း အလွန်အကျွံမကြိုက်ဘူးဗျာ"

ညီ။ "ဘယ်လိုပြောတာလဲ ဘရားသား"

နုပ်။ "အမေရိကန်မှာတော့ ပစ္စည်းဥစ္စာဘက်က ငွေလွန်းတယ်ဗျ။ ဆိုရှယ်လစ်နိုင်ငံများမှာတော့ ဩဇာအာဏာဘက်က ငွေလွန်းတယ်ထင်တယ်။ အလယ်အလတ်ပဲ ကျွန်တော်ကြိုက်တယ်။ ဩဇာအာဏာမရှိတဲ့ အစိုးရမျိုးဖြစ်ရင်လည်း အုပ်ချုပ်လို့မဖြစ်ဘူး။ ကျွန်တော်တို့ပြည်က ဦးနုအစိုးရလိုဖြစ်မှာပဲ။ ဩဇာအာဏာ ငွေလွန်းတော့လည်း အုပ်ပိုင်စီးချင်တတ်တယ်ဗျာ"

ညီ။ "အုပ်ပိုင်စီးတယ်ဆိုတာက ဘာလဲ ဘရားသား"

နုပ်။ "နိုင်ငံရေးသမားတစ်ယောက်ဖြစ်စေ၊ ပါတီတစ်ခုဖြစ်စေ သူ့အစွမ်းအစနဲ့ အထွတ်အထိပ် အာဏာပိုင်အဖြစ်ရောက်လာတဲ့အခါကျပြီဆိုမှဖြင့် သူတို့တိုင်းပြည်ကို သူ ဒါမှမဟုတ် သူ့ပါတီမှတစ်ပါး ကြီးပွားကောင်းစားအောင် လုပ်နိုင်တဲ့လူ ဒါမှမဟုတ် ပါတီရယ်လို့ မရှိနိုင်တော့ဘူးလို့ ယူဆလာတတ်တယ်။ ဒီအယူအဆက မှန်ချင်လည်း မှန်မယ်၊ မှားချင်လည်း မှားမယ်။ မှန်မှန်မှားမှား သူတို့ဘာသာသူတို့တော့ ဖွတ်အမွေယူဆနေတော့တာပဲ။ ဒီအယူအဆက ဘယ်လိုကြောင့် ဖြစ်ပေါ်လာသလဲဆိုတော့ လောဘစိတ်ကြောင့် ဖြစ်ပေါ်လာခြင်းပဲ။ ဘယ်လိုလောဘစိတ်ကြောင့် ဖြစ်ပေါ်လာသလဲဆိုတော့ အထွတ်အထိပ်နေရာမှ မဆင်းချင်တော့တဲ့ လောဘဗျ။ ဒီလောဘမျိုးဆိုတာက လူတိုင်းလို ဖြစ်တတ်တာပဲ။ ဒီလောဘမျိုး ဝင်လာပြီဆိုမှဖြင့် ငါ ဒါမှမဟုတ် ငါ့ပါတီမှတစ်ပါး တိုင်းပြည်ကြီးပွားအောင် စီမံအုပ်ချုပ်နိုင်တဲ့လူမရှိတော့ဘူးလို့ သူတို့ဘာသာသူတို့ အဟုတ်တကယ်ထင်လာသည်ဖြစ်စေ၊ တကယ်မထင်ငံ့ဘဲနဲ့ မျက်စိမှိတ်ပြီး ဖွတ်ငြင်းသည်ဖြစ်စေ လုပ်လာတတ်တယ်။ ဒီအခါမှာ သူတို့က အထွတ်အထိပ်ရောက်နေစိုက်ဖြစ်လေတော့ သူတို့ မဆင်းရအောင် တောင်ပြော၊ မြောက်ပြော၊ တောင်လုပ်၊ မြောက်လုပ်ဥပဒေတွေလုပ်ကုန်ကြရောဗျ။ အလုပ်တကယ်တော်တဲ့လူကလည်း ဒါမျိုးလုပ်တာပဲ။ သူ့ဘာသာသူ စိတ်မချနိုင်ပဲကိုးဗျ။ တကယ်မတော်ဘဲ သူ့ဘာသာသူ ထင်ရုံထင်နေတဲ့လူကလည်း လုပ်တတ်တာပဲ။ တကယ်တော်တဲ့လူက လုပ်မိရင်တော့ မထောင်းတာဘူးထားပါတော့။ သူ့ထက်တော်တဲ့လူတွေရှိလျက်နဲ့ သူက အထွတ်အထိပ် အာဏာရထားခိုက်ဖြစ်နေလို့မို့ တခြားလူ ဒါမှမဟုတ် တခြားလူစုကို မတက်နိုင်အောင် လမ်းပိတ်ထားတာမျိုးဖြစ်နေရင်တော့ အဲဒီတိုင်းပြည်အဖို့ မနစ်နာပေဘူးလားဗျာ။ အကောင်းဆုံးလူရှိလျက်နဲ့ မတက်ရဘဲ ဖြစ်နေတော့တာပေါ့။ ဒါကြောင့် အစိုးရတစ်စုရဲ့လက်ဝယ်မှာ တန်ခိုးအာဏာ များလွန်းခြင်းကိုလည်း ကျွန်တော်မကြိုက်ဘူးဗျာ။ အလယ်အလတ်လောက်ပဲကြိုက်တယ်။ ကျွန်တော်တို့တိုင်းပြည်မှာ အာဏာသိမ်းတယ်လို့ ကြားရတယ်။ ဘယ်လောက်တော်တဲ့လူတွေက သိမ်းသည်ဖြစ်စေ သူတို့လက်ဝယ်မှာ အာဏာတွေများလွန်းရင်တော့ ကျွန်တော်မကြိုက်ဘူးဗျာ ကြည့်ရဦးမှာပဲ"

ညီ။ "အာဏာများလွန်းတယ်ဆိုတာ ဘယ်လိုလဲဘရားသား"

နုပ်။ "လုပ်ချင်တာလုပ် ပြုတ်မကျနိုင်ဘူး။ လူများစုက သဘောမတူတဲ့ အလုပ်တစ်ခုဖြစ်ပေမယ့် သူတို့လုပ်ချင်လုပ်နိုင်တယ်။ ဖြုတ်ချနိုင်တဲ့ ဥပဒေရှိစေကာမူလည်း ဟိုလိုဒီလို ဖန်တီးနိုင်တယ်။ ဖလှယ်နိုင်တယ်ဆိုတဲ့ အခွင့်အရေးမျိုးရှိထားရင် အာဏာများလွန်းတယ်လို့ ကျွန်တော်နားလည်တာပဲ"

ညီ။ "ကျွန်တော်တို့ဆီမှာကောခင်ဗျာ။ အာဏာများလွန်းတယ်လို့ မြင်ပါသလား"

နုပ်။ "ဒါကတော့ အခြေအနေအား လျော်စွာ စီမံထားရခြင်းဖြစ်ပါတယ်လို့ ပြောနိုင်မှာပေါ့လေဗျာ။ ဟုတ်ချင်လည်း ဟုတ်ပေမှာပဲ"

ညီ။ "ဘယ်အချက်ကိုထောက်ပြီး များလွန်းတယ်လို့ဆိုချင်ပါသလဲ ဘရားသား"

နုပ်။ "ခင်ဗျားတို့ ပြည်တွင်းရေးကိစ္စကို ကျွန်တော်မဝေဖန်ချင်ဘူးဗျာ။ ပြောစရာ အထောက်အထားတော့ ရှိပါတယ်။ ကျွန်တော့်စိတ်ထဲမှာ အများဆုံးအရေးကြီးတာက ကမ္ဘာ့ငြိမ်းချမ်းရေးဖြစ်ပါတယ်။ ဒါကလွဲလို့ ကျွန်တော်မပြောချင်ပါဘူး"

**ဆက်လက်ဖော်ပြပါမည်။**

## ကသာမြို့နယ်၌ အောင်နိုင်တိုးမိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

ကသာ နိုဝင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်၌ မိုးစပါးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီမှကြီးမှူး၍ အောင်နိုင်တိုးမိုးစပါး စံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို နိုဝင်ဘာလ ၁၅ ရက်က ကျွန်တောကျေးရွာအုပ်စု တောင်သူဦးထွန်းမြင့်၏လယ်မြေ၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာထွန်းက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးဝင်းက မိုးစပါးစံကွက်ရိတ်သိမ်းရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ၊ ခရိုင်/မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများက စံကွက်ရိတ်သိမ်းပွဲကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ကွင်းအမှတ်(၇၁၅) ဦးပိုင်အမှတ်(၃) တောင်သူဦးထွန်းမြင့်၏ လယ်မြေ ၄ ဧကအတွင်း စံကွက်အရွယ်အစား သုည ဒသမ ၁ ဧကရှိ အောင်နိုင်တိုးမိုးစပါးစံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် ၁၂၀ ဒသမ ၃၈ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

**ကျော်စွာ(ကသာ)**

## နောင်ချိုမြို့နယ် ကျောင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

နောင်ချို နိုဝင်ဘာ ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန်ရည်ရွယ်၍ နောင်ချိုမြို့နယ် ကျောင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒသမအကြိမ် ထုတ်ချေးခြင်းကို နိုဝင်ဘာလ ၁၆ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ နောင်ချိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ထွေးဝင်းက စီမံကိန်းဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်နေပြည်သူများထံ ရရှိမည့် ကျေးရွာစိတ်ဓာတ်များနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၄၈၁ သိန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့က အသင်းသား၊ အသင်းသူ ၉၅ ဦးကို ထုတ်ချေးပေးကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာဆောင်ရွက်နေမှုအခြေအနေများအား စစ်ဆေး၊ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၁၆

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင်အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်ဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများအား စစ်ဆေးသည်။

ဦးစွာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်က တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေမှု၊ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်ရေးနှင့် လုံခြုံမှုရှိစေရေး ဆောင်ရွက်လျက်ရှိမှု၊ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်ရှိ အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသော တရားမဝင်ဆောက်လုပ်ထားသည့် KK Park အဆောက်အဦများအား ရှင်းလင်းဆောင်ရွက်လျက်ရှိမှု၊ နယ်စပ်ဒေသများတွင် တရားမဝင်ကုန်သွယ်မှုများမရှိစေရေး၊ တရားဥပဒေစိုးမိုးရေး၊ အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများမရှိစေရေး အလေးထားဆောင်ရွက်လျက်ရှိမှုနှင့် အခြားလိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

## ဒေသတွင်းလုံခြုံရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ပတ်သက်လာပါက အစဉ်အမြဲဂရုပြုနေရန်နှင့် အလေးအနက်ထားဆောင်ရွက်သွားရန်လို


ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း စစ်ဆင်ရေး၊ လုံခြုံရေး၊ နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အောင်မြင်အောင် လုပ်ဆောင်နိုင်ရန်လိုကြောင်း၊ ဒေသတွင်းလုံခြုံရေး၊ နိုင်ငံတော်လုံခြုံရေးနှင့်ပတ်သက်လာပါက အစဉ်အမြဲဂရုပြုနေရန်နှင့် အလေးအနက်ထားဆောင်ရွက်သွားရန်လိုကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်သည့် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များအားလုံးကိုလည်း အမြဲမပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း မဟာဗျူဟာအရအရေးကြီးသည့် လမ်းကြောင်းများအားလုံး လုံခြုံချောမွေ့စွာဖြင့် သွားလာအသုံးပြုနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများကိုလည်း မိမိတို့အနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ ဆက်လက်ရှင်းလင်းတိုက်ဖျက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ တပ်များအားလုံး၊ စစ်သည်များအားလုံးအနေဖြင့် စစ်သည်တော်ကောင်းစိတ်ဓာတ်ဖြင့် မိမိတို့တပ်ဖွဲ့၊ အဖွဲ့အစည်း၏ဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုကြောင်း၊ စည်းကမ်းစနစ်တကျရှိပြီး တိုက်စွမ်းရည်၊ **စာမျက်နှာ ၆ သို့ ●**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် အမှာစကားပြောကြားစဉ်။





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်းတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

**❖ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း မဟာဗျူဟာအရအရေးကြီးသည့် လမ်းကြောင်းများအားလုံး လုံခြုံချောမွေ့စွာဖြင့်သွားလာအသုံးပြုနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ် . . .**

**❖ အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများကိုလည်း မိမိတို့အနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ ဆက်လက်ရှင်းလင်းတိုက်ဖျက်ဆောင်ရွက်သွားရမည်၊ ကာကွယ်ရေးစွမ်းပကားမြင့်မားစေရေးအတွက်လည်း မိမိတို့ တပ်ရင်း၊ တပ်ဖွဲ့များအလိုက် လေ့ကျင့်ရေးလုပ်ငန်းများကိုမှန်မှန်ကန်ကန် ဆောင်ရွက် . . .**

**❖ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များအပြင် ဒေသဖွံ့ဖြိုးရေး၊ နယ်မြေခံလူထု၏အကျိုးစီးပွားဖော်ဆောင်ရေးတို့ကိုလည်း သက်ဆိုင်ရာနယ်မြေအလိုက်ရှိ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် တတ်စွမ်းသရွေ့ကြိုးပမ်းဆောင်ရွက် . . .**

● စာမျက်နှာ ၅ မှအဆက်
တိုက်စွမ်းအားများ ပြည့်ဝသည့်တပ်များ ဖြစ်စေရေးအတွက်လည်း ကြပ်မတ်လေ့ကျင့်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ကာကွယ်ရေးစွမ်းပကားမြင့်မားစေရေး အတွက်လည်း မိမိတို့တပ်ရင်း၊ တပ်ဖွဲ့များ အလိုက်လေ့ကျင့်ရေးလုပ်ငန်းများကို မှန်မှန်ကန်ကန်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးတစ်ယောက်ချင်းစီအလိုက် တိုက်ပွဲဝင်လိုသည့် စိတ်ဓာတ်၊ တိုက်ပွဲဝင်ရဲသည့် စိတ်ဓာတ်များရှိစေရေးအတွက်လည်း လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ မကြာမီကျင်းပပြုလုပ်သွားမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စေရေးအတွက်လည်း လိုအပ်သည်များကို အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း၊ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များအပြင် ဒေသဖွံ့ဖြိုးရေး၊ နယ်မြေခံလူထု၏ အကျိုးစီးပွားဖော်ဆောင်ရေးတို့ကိုလည်း သက်ဆိုင်ရာ နယ်မြေအလိုက်ရှိ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

### ဆေးရုံတက်ရောက်ကုသမှု ခံယူနေသူများအား ရင်းရင်းနှီးနှီးလိုက်လံအားပေး

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မော်လမြိုင်တပ်နယ်ရှိနယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံလိုအပ်ချက်များအား မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(ဘဘဝ)

# လူမျိုးပေါင်းစုံယဉ်ကျေးမှုဖလှယ်ပွဲနှင့် တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ မြစ်ကြီးနားမြို့၌ ကျင်းပ

မြစ်ကြီးနား နိုဝင်ဘာ ၁၆

ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် လူမျိုးပေါင်းစုံ ယဉ်ကျေးမှုဖလှယ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင်များ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် မြန်မာ-တရုတ်-အိန္ဒိယကုန်စည်စီးဆင်းဖလှယ်ရေးအသင်းဥက္ကဋ္ဌတို့က လူမျိုးပေါင်းစုံယဉ်ကျေးမှုဖလှယ်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက်အခမ်းအနား ဒုတိယပိုင်းကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက ရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားများ ဖြစ်ကြသည့် ဂျိန်ဖော့၊ လော်ဝေါ်၊ လာချိဒ်၊ ဇိုင်းဝါး၊ လီဆူ၊ ရဝမ် မျိုးနွယ်စု ခြောက်မျိုး၊ တိုင်းလိုင်၊ တိုင်းလုံ၊ တိုင်းလေ၊ တိုင်းဆာ၊ တိုင်းခမ်းတီ စသည့် ရှမ်းမျိုးနွယ်စု ငါးမျိုး၊ ဗမာတိုင်းရင်းသားမျိုးနွယ်စုတို့နှင့်အတူ ယှဉ်တွဲနေထိုင်လျက်ရှိကြသည့် ကရင်၊ ရခိုင်၊ ချင်းတိုင်းရင်းသားများ စာပေနှင့်ယဉ်ကျေးမှုအကအဖွဲ့များ၊ တရုတ်၊ ဂေါ်ရခါး၊ ဆစ်ယဉ်ကျေးမှုအဖွဲ့များ စုစုပေါင်းအကအဖွဲ့ ၂၂ ဖွဲ့တို့က ရိုးရာယဉ်ကျေးမှုအလိုက် ဓလေ့ထုံးစံများကို ထုတ်ဖော်ပြသသည့် တေးသီချင်း၊ သရုပ်ဖော်အကအလှများဖြင့် ဖျော်ဖြေကပြတင်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အကအဖွဲ့ ၂၂ ဖွဲ့ အတွက် တစ်ဖွဲ့လျှင် ငွေကျပ် ၁၀ သိန်းစီဖြင့် စုစုပေါင်းဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၂၂၀ ကို အကအဖွဲ့များထံ ပေးအပ်ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်း၌ကျင်းပသည့် ကချင်ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးဖလား တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်အားပေးကြသည်။

ဗိုလ်လုပွဲစဉ်အဖြစ် လာချိဒ်တိုင်းရင်းသားမျိုးနွယ်စုဘောလုံးအသင်းနှင့် ဇိုင်းဝါးတိုင်းရင်းသားမျိုးနွယ်စုဘောလုံးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ ဇိုင်းဝါးမျိုးနွယ်စုအသင်းက ၃ ဂိုး ၂ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသည်။

ထို့နောက် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ရာ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက အသင်းလိုက် တတိယဆုရသည့် လော်ဝေါ်မျိုးနွယ်စုအသင်းအား တစ်ဦးချင်းလည်ဆွဲ ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်၁၀ သိန်းကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က အသင်းလိုက် ဒုတိယဆုရ လာချိဒ်မျိုးနွယ်စုအသင်းအား တစ်ဦးချင်းလည်ဆွဲဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၂၀ ကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပထမဆုရ ဇိုင်းဝါးမျိုးနွယ်စုအသင်းအား တစ်ဦးချင်းလည်ဆွဲ ဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၃၀ နှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

ပြည်နယ်ပြန်/ဆက်

# ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ဆွေးနွေး

ပြည် နိုဝင်ဘာ ၁၆

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်မြို့ရှိ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူးရုံး၌ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာလ ၁၅ ရက်ကကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးပညာပေးရေးဌာနခွဲ ညွှန်ကြားရေးမှူးက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးနှံအလိုက် စိုက်ကေနှင့်အထွက်နှုန်းများ ကိန်းဂဏန်းစာရင်းဇယားမှန်ကန်ရေး၊ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ပြည်ပပို့ကုန်သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး၊ စပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အထွက်နှုန်းကွာဟချက်အပေါ် ဆန်းစစ်လေ့လာဆောင်ရွက်ရေး၊ သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (GAP) လုပ်ငန်းစဉ်များအား လိုက်နာကျင့်သုံးဆောင်ရွက်ရေး၊ Rice Export Zone အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ပြည်ပသို့တင်ပို့နိုင်ရန် ပေါ်ဆန်းမွှေးစပါး တိုးချဲ့စိုက်ပျိုးရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းစဉ်များတွင် ချမှတ်ထားသော သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရေး၊ သီးနှံစုံအကန့်လိုက်စိုက်ပျိုးခြင်း (Strip Cropping)အား တောင်သူပညာပေးစိုက်ပျိုးပြသရေးစသည်တို့ကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာသောဝန်ထမ်းများ၏ကဏ္ဍအလိုက်လုပ်ငန်းဆောင်ရွက်မှု တင်ပြချက်များအပေါ်လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၉)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအားကြိုဆို

နေပြည်တော် နိုဝင်ဘာ ၁၆

ရှမ်းပြည်နယ်အတွင်းရှိပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၉)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့်ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။




တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးလှိုင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၉)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုနှုတ်ဆက်စဉ်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၉)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး သောင်းဖြဖြကြိုဆိုကြသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက အဆိုပါသင်တန်းသို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများနှင့်အုပ်ချုပ်မှုကိစ္စရပ်များကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(ဘဘဝ)

# ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၆

**၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီဥက္ကဋ္ဌ ဦးရဲထွန်းက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၁၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ဦးရဲထွန်း(ဥက္ကဋ္ဌ၊ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ**

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျာ-**

ကျွန်တော်ကတော့ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံပါတီ) ဗဟိုအလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းဖြစ်ပါတယ်။ မိဘပြည်သူအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဂါရဝတရားရှေ့ထား၍ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျာ –

ကျွန်တော်တို့ပါတီဟာ ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်ရေးအတွက် ၂၀၁၀ ပြည့်နှစ်ကတည်းက မှတ်ပုံတင်အမှတ် ၁၇ ဖြင့် တရားဝင် ရပ်တည်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သလို ၂၀၂၃ ခုနှစ်တွင် မှတ်ပုံတင်အမှတ် ၄၄ ဖြင့် ဆက်လက်ရပ်တည်ကာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် ရွေးကောက်ပွဲမှာ အင်းစိန်ခရိုင်နှင့် တွံတေးခရိုင်တို့တွင် ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်ရွေးကောက်ပွဲများနှင့် ထန်းတပင်မြို့နယ် မဲဆန္ဒနယ်တွင် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ပါဝင်အရွေးခံမှာဖြစ်ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျာ-**

မြန်မာနိုင်ငံဟာ နယ်ချဲ့ဗြိတိသျှတို့၏ မတရားသိမ်းပိုက်ထားမှုအောက်မှာ နှစ်ပေါင်း(၁၀၀) ကျော် ကျွန်နိုင်ငံအဖြစ်နေခဲ့ရပြီး ကျွန်တော်တို့ဘိုးဘွားများက အသက်သွေးချွေးပေးဆပ်စတေးကာ သူ့ကျွန်မခံတော်လှန်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲအလီလီကို ဆင်နွှဲခဲ့ကြသဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ လွတ်လပ်ရေးကြေညာနိုင်ခဲ့ပြီး ပါလီမန်ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့ အချုပ်အခြာအာဏာပိုင်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကိုထူထောင်၍ ကမ္ဘာ့အလယ်မှာဝင့်ထည်စွာရပ်တည်နိုင်ခဲ့ပါတယ်။

သို့ပေမယ့် ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့မှာ ဗိုလ်ချုပ်ကြီးနေဝင်းခေါင်းဆောင်သည့် တော်လှန်ရေးအစိုးရကို ဖွဲ့စည်းထူထောင်၍ ၁၉၇၄ ခုနှစ်၌ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းကာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဦးဆောင်သည့် တစ်ပါတီစနစ်ကို စတင်ကျင့်သုံးခဲ့ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျာ-**

ကျွန်တော်တို့မြန်မာနိုင်ငံဟာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သလို ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် တစ်ပါတီစနစ်ကို ကျင့်သုံးခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေးကြိုးပမ်းခဲ့ကြသဖြင့် ၁၉၉၃ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး အမျိုးသားညီလာခံကို ကျင်းပခဲ့ရာ ၁၅ နှစ်အကြာ ၂၀၀၈ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို အပြီးသတ်ရေးဆွဲနိုင်ခဲ့ပြီး မေလ ၂၉ ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျာ-**

အဲဒီနောက် ၂၀၁၀ ပြည့်နှစ် မတ်လ ၈ ရက်နေ့မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့် လွှတ်တော်ရွေးကောက်ပွဲဥပဒေများထွက်ပေါ်လာခဲ့ရာ "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးခြင်းတည်းဟူသော ဝိသေသလက္ခဏာများနှင့် ငြိမ်းချမ်းသာယာသော လူနေမှုဘဝကိုပိုင်ဆိုင်သည့် နိုင်ငံဖြစ်ပေါ်ရေးအတွက် နိုင်ငံသားအားလုံးနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်" ဟု အဓိဋ္ဌာန်ပြုကာ ၈၈ မျိုးဆက် ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) THE 88 GENERATION STUDENT YOUTHS (UNION OF MYANMAR) ကို နိုင်ငံရေးပါတီအဖြစ် ထူထောင်ခဲ့ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျာ-**

ကျွန်တော်တို့ပါတီဟာ (၁) နိုင်ငံတော်အာဏာအရပ်ရပ်သည် နိုင်ငံသားများထံမှ ဆင်းသက်ရမည်ဟူသောမူကိုအခြေခံ၍ အမျိုးသားနိုင်ငံရေးဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံပေါ်ပေါက်ရေး၊ (၂) မတူကွဲပြားခြားနားသည့် သဘောထားအလျောက် နိုင်ငံရေးပါတီများ ဥပဒေနှင့်အညီ ထူထောင်ခွင့်ရှိပြီး တန်းတူညီမျှပါဝင်ယှဉ်ပြိုင်၍ နိုင်ငံတော်အာဏာကို ရယူသုံးစွဲခွင့်ရှိသော စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးသည့် နိုင်ငံတော်ဖြစ်ပေါ်ရေး၊ (၃) လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများနှင့်အညီ နိုင်ငံတော်နှင့်သက်ဆိုင်သည့် အရေးကိစ္စတိုင်းတွင် ဥပဒေနှင့်အညီ အခွင့်အရေးရှိသည့် နိုင်ငံသားတိုင်းက ကာယ ဉာဏ ဝီရိယ စွမ်းအားအလျောက် တန်းတူညီမျှ အခွင့်အရေးရှိသည့် လူနေမှုဘဝဖြစ်ပေါ်ရေး၊ (၄) အများစု၏ သဘောဆန္ဒကို အနည်းစုကလေးစားလိုက်နာခြင်း၊ အနည်းစု၏ သဘောဆန္ဒကို အများစုကတန်ဖိုးထားအသိအမှတ်ပြုခြင်းတည်းဟူသော ဒီမိုကရေစီကျင့်စဉ်အားကောင်းသည့်လူနေမှုဘဝဖြစ်ပေါ်ရေး၊ (၅) နိုင်ငံသားတိုင်း လူမျိုးဘာသာ၊ ဆင်းရဲ ချမ်းသာ လိင်ကွဲပြားမှုကြောင့် တန်းတူညီမျှ အခွင့်အရေးခံစားခွင့်ရှိရေးကို ထိခိုက်မှုမရှိစေရန် အာမခံချက်ပေးနိုင်သည့် လူမှုဘဝဖြစ်ပေါ်ရေး၊ (၆) နိုင်ငံသားတိုင်း ကျန်းမာရေးစောင့်ရှောက်မှုကို အာမခံချက်ပေးနိုင်သည့် ဥပဒေပေါ်ပေါက်နိုင်စေရေး၊ (၇) နိုင်ငံသားတိုင်း၏ လုံခြုံမှုဆိုင်ရာ အာမခံချက်များရရှိစေရေး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ပညာရေးအာမခံချက်ရရှိစေရေး၊ (၈) နိုင်ငံသားတိုင်း အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိနိုင်ရန်အတွက် အတတ်ပညာ၊ နည်းပညာတို့ကို လွယ်ကူစွာသင်ကြားနိုင်စေရန် နိုင်ငံတော်မှပံ့ပိုးနိုင်ရေး၊ (၉) ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရများနှင့် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သည့် မူဝါဒကျင့်သုံး၍ နိုင်ငံအတွက် အကျိုးရှိပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် နိုင်ငံခြားရေးမူဝါဒဖြစ်ပေါ်ရေး၊ (၁၀) တိုင်းရင်းသားလူမျိုးများ၏ ဘာသာစာပေ ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာဝိသေသလက္ခဏာများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ (၁၁) တောင်သူလယ်သမားတို့၏ ဘဝမြင့်မားလာစေရန် နိုင်ငံတော်မှ နည်းပညာ၊ ချေးငွေ၊ သီးနှံဈေးကွက်ရရှိရေးနှင့် စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲကျင့်သုံးနိုင်ရန် စက်ပစ္စည်းများဝယ်ယူတင်သွင်းခြင်း၊ စိုက်ပျိုးရေးသုံးပစ္စည်းများဝယ်ယူရေးတို့တွင် အခွန်အခများ သက်သာခွင့်ရရှိစေရန်၊ (၁၂) နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး အစဉ်အမြဲစောင့်ထိန်းနိုင်ရန် ခေတ်မီ၍အင်အားပြည့်ဝသော ကာကွယ်ရေးစနစ် ထွန်းကားလာစေရန် စသည့် ဦးတည်ချက်များထားရှိပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျာ-**

ကျွန်တော်တို့ပါတီဟာ (၁) လက်နက်ကိုင်ပဋိပက္ခ အမြစ်ပြတ်ချုပ်ငြိမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ (၂) ပါတီစုံဒီမိုကရေစီစနစ်၊ ဈေးကွက်စီးပွားရေးစနစ် ရှင်သန်ထွန်းကားရေး၊ (၃) လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းဟူသော လောကပါလတရားများ ထွန်းကားရေး၊ (၄) ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေး စိတ်ဓာတ်များကို အခြေခံ၍ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံထူထောင်ရေးဟူသည့် ရည်ရွယ်ချက်များထားရှိပါတယ်။



**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျာ-**

ကျွန်တော်တို့ပါတီဟာ (၁) ဒီမိုကရေစီစနစ်နှင့် ကိုက်ညီသော နိုင်ငံရေးစနစ်၊ ဈေးကွက်စီးပွားရေးနှင့် ကိုက်ညီသော စီးပွားရေးစနစ်၊ နိုင်ငံတော်နှင့် ပြည်သူကိုအကျိုးပြုနိုင်သည့် ဥပဒေပြုရေးစနစ်၊ ပြည်သူလူထုကရွေးပိုင်ခွင့်ရှိသည့် အုပ်ချုပ်ရေးစနစ်၊ လွတ်လပ်၍ တရားမျှတသော တရားစီရင်ရေးစနစ်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ပညာသင်ကြားရေးစနစ်၊ အာမခံချက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်သော ကျန်းမာရေးစနစ်၊ နိုင်ငံသားတိုင်း ခွင့်တူညီမျှ ခံစားနိုင်သော မြေယာစနစ်၊ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများမှ အသိအမှတ်ပြုသော ငွေကြေးစနစ်၊ သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါအန္တရာယ်တို့ကြောင့် ထိခိုက်မှုကိုတားဆီးကာကွယ်နိုင်သော စနစ်တို့ကို ခေတ်နှင့်အညီ အစဉ်အမြဲလွတ်လပ်စွာရှင်သန်တိုးတက် ဖြစ်ပေါ်လာစေရန် စီမံဆောင်ရွက်မည်။ (၂) နိုင်ငံသားများ၏ လွတ်လပ်ခွင့်များ အစဉ်အမြဲ ရှင်သန်နေစေရေးကိုရှေးရှု၍ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် သက်ဆိုင်သောအဖွဲ့အစည်းများ၊ လူထုလူတန်းစားနှင့်သက်ဆိုင်သောအဖွဲ့အစည်းများ၊ လူမှုရေးနှင့် သက်ဆိုင်သောအဖွဲ့အစည်းများ၊ ဘာသာရေးနှင့်သက်ဆိုင်သော အဖွဲ့အစည်းများ၊ စီးပွားရေးနှင့်သက်ဆိုင်သောအဖွဲ့အစည်းများ၊ အားကစားနှင့် သက်ဆိုင်သော အဖွဲ့အစည်းများတည်ထောင်နိုင်ရေးအတွက် အားပေးဆောင်ရွက်သွားမည်ဟု လုပ်ငန်းစဉ်များချမှတ်ထားပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျာ-**

ကျွန်တော်တို့ပါတီဟာ (၁) နိုင်ငံတော်၊ နိုင်ငံသားနှင့် ပါတီ၏အရေးကိစ္စများကို ဆောင်ရွက်ရာတွင် လူ့ဂုဏ်သိက္ခာကင်းမဲ့ခြင်း၊ အများပြည်သူ၏ ကိုယ်ကျင့်သိက္ခာကို ထိခိုက်စေခြင်းမဖြစ်ပေါ်စေရန်၊ (၂) နိုင်ငံတော်နှင့်နိုင်ငံသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာကောင်းများကို မပျက်ပြားစေဘဲ ဒီမိုကရေစီအခွင့်အရေးများ၊ အခြေခံလူ့အခွင့်အရေးများကို ပြည့်ပြည့်ဝဝကျင့်သုံးနိုင်ပြီး ငြိမ်းချမ်းစွာဖြစ်ပေါ်တိုးတက်ရေး နည်းလမ်းကို စောင့်ထိန်းလိုက်နာရန်၊ (၃) လူအုပ်စုဝါဒ၊ မင်းမဲ့ဝါဒ၊ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုဝါဒ၊ ဂိုဏ်းဂဏဝါဒ၊ အကြမ်းဖက်ဝါဒ၊ လူမျိုးရေးအစွန်းရောက်ဝါဒ၊ ဘာသာရေးအစွန်းရောက်ဝါဒတို့ကို ဆန့်ကျင်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကိုသာ ရှေးရှုဆောင်ရွက်သော နိုင်ငံရေးကျင့်စဉ်ကို စောင့်ထိန်းလိုက်နာကျင့်သုံးရန်၊ (၄) တိုင်းရင်းသားလူမျိုးများငြိမ်းချမ်းစွာစုပေါင်းနေထိုင်ခြင်း၊ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးခြင်းတည်းဟူသော ဝိသေသလက္ခဏာများ မပျောက်မပျက်ထာဝစဉ်ရှင်သန်သက်ဝင်နေသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်သိက္ခာရှိရှိရပ်တည်ရေးလမ်းစဉ်ကို စောင့်ထိန်းလိုက်နာရန် အခြေခံမူများချမှတ်ထားပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျာ-**

ကျွန်တော်တို့ပါတီဝင်တိုင်းဟာ နိုင်ငံတော်၊ နိုင်ငံသားများနှင့် ပါတီအပေါ်တွင် သစ္စာရှိခြင်း၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ခြင်း၊ တိုင်းရင်းသားအားလုံး ရင်းနှီးချစ်ကြည်ရေးနှင့် ပြည်ထောင်စုကြီးအခွန့်ရှည်ကြာစွာတည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊

**စာမျက်နှာ ၈ သို့ ●**

● စာမျက်နှာ ၇ မှအဆက်

နိုင်ငံသားများ၏ အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီအခွင့်အရေးများကို အားပေးမြှင့်တင်ကာကွယ်စောင့်ရှောက်ခြင်း၊ အမျိုးဘာသာ၊ သာသနာနှင့် နိုင်ငံတော်၏အကျိုးကို အားပေးမြှင့်တင်ကာကွယ်စောင့်ရှောက်သည့် အမျိုးသားရေးစိတ်ဓာတ်အစဉ်အမြဲထားရှိမွေးမြူခြင်း၊ မြန်မာ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာများကို မပျောက်မပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဒီမိုကရေစီကျင့်စဉ်ကို သက်ဝင်ယုံကြည်လိုက်နာကျင့်သုံးခြင်း စသည်တို့ကို "ပါတီဝင်များ၏ကျင့်ဝတ်" အဖြစ်သတ်မှတ်ကာ လေးစားလိုက်နာစောင့်ထိန်းကျင့်သုံးကြပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျာ–**

ကျွန်တော်တို့ပါတီ၏ အလံမှာ အနီရောင်အောက်ခံပေါ်တွင် အဝါရောင်ခွပ်ဒေါင်းနှင့် ကြယ်ဖြူ ၁၄ လုံး ပါရှိပါတယ်။ အလံ၏ အလယ်တွင် အားမာန်အပြည့်ဖြင့်ခုန်ခွပ်တော့မည့် ခွပ်ဒေါင်းပုံနှင့်ခွပ်ဒေါင်း၏ အောက်နှင့် အထက်တို့တွင် အရွယ်တူကြယ်ဖြူ ၇ လုံးစီကို အတန်းလိုက် ဖော်ကျူးထားပါတယ်။ အနီရောင်အောက်ခံမှာ ရဲစိတ်ရဲမာန်ထက်သန်ခြင်း သဘောကိုဆောင်ပြီး ကြယ်ဖြူတစ်ဆယ့်လေးလုံးမှာ တိုင်းရင်းသားပေါင်းစုံ ရင်းနှီးချစ်ကြည်စွာအတူတကွစုပေါင်းနေထိုင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံကို ပြဆိုခြင်းဖြစ်ပါတယ်။ အားမာန်အပြည့်ဖြင့် ခုန်ခွပ်တော့မည့်ဟန်ရှိသည့် ခွပ်ဒေါင်းသင်္ကေတမှာ နိုင်ငံတော်နှင့် နိုင်ငံသား၏ အကျိုးစီးပွား အမျိုး ဘာသာ သာသနာ၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့ကို ထိခိုက်ပျက်ပြားစေမည့် လုပ်ဆောင်ချက်များကို တွန်းလှန်တိုက်ဖျက်ချေမှုန်းရာတွင် လိုအပ်ပါကအသက်ကိုပင်စတေးမည်ဟူသည့် သဘောအဓိပ္ပာယ်ဆောင်ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျာ–**

ကျွန်တော်တို့ပါတီဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်လည်းကောင်း၊ အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင် နိုင်ငံသားတိုင်းတန်းတူရည်တူလွတ်လပ်စွာပါဝင်ဆောင်ရွက်နိုင်ရေး အတွက်လည်းကောင်း၊ ငြိမ်းချမ်းစွာဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက်လည်းကောင်း၊ နိုင်ငံသားတိုင်းမွေးရာပါလူ့အခွင့်အရေးနှင့် ဒီမိုကရေစီလူ့အခွင့်အရေးများရရှိခံစားပိုင်ခွင့်ရှိသော လူနေမှုဘဝတစ်ခုကို ခိုင်ခိုင်မာမာထူထောင်နိုင်ရေးအတွက်လည်းကောင်း၊ ဈေးကွက်စီးပွားရေးစနစ် ပီပီပြင်ပြင်ဖြစ်ပေါ်လာစေရေးကိုရှေးရှု၍ အထွေထွေဟန့်တားနှောင့်ယှက်မှုများအား ရှင်းလင်းဖယ်ရှားနိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းကြား၌ ဂုဏ်သိက္ခာရှိစွာ မိတ်ဝတ်မပျက်ပါဝင်ရပ်တည်နိုင်ရေးအတွက်လည်းကောင်း ၈၈ မျိုးဆက် ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီကို ဖွဲ့စည်းတည်ထောင်ခြင်း၊ ပါဝင်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းရေး၊ မြန်မာ့ဂုဏ်ကို ဆက်လက်ထိန်းသိမ်းမြှင့်တင်နိုင်ရေးနှင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအပြည့်အဝရှိသည့် လူနေမှုဘဝဖြစ်စေရေးအလို့ငှာ အစွမ်းကုန်ကြိုးစားဆောင်ရွက်ကြမည်ဟု အဓိဋ္ဌာန်ပြုပါတယ်။

ကျွန်တော်တို့ပါတီ၏ မူဝါဒသဘောထားနှင့် လုပ်ငန်းစဉ်များအကောင်အထည်ဖော်ရန် အသက်(၁၈)နှစ် ပြည့်ပြီးသည့် နိုင်ငံသားများက ပါတီဝင်ခြင်း၊ ရွေးကောက်ပွဲတွင် မဲပေးထောက်ခံခြင်းနှင့် လူအား ငွေအား အကြံဉာဏ်အားများဖြင့် ပံ့ပိုးပေးနိုင်ပါကြောင်းနှင့် ပါတီ၏ ဆောင်ပုဒ်မှာ "ခွပ်ဒေါင်းအားမာန် မြဲရှင်သန်၊ ရရန်မလွဲ ဒို့အောင်ပွဲ"ဖြစ်ကြောင်း အသိပေးတင်ပြအပ်ပါတယ်။

နိုင်ငံတစ်ဝန်းလုံးမှ မဲဆန္ဒရှင် မိဘပြည်သူအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းစွာဖြင့် ပါတီစုံဒီမိုကရေစီနိုင်ငံတည်ထောင်ရေးတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်နိုင်ကြပါစေဗျာ။

အားလုံးကို ကျေးဇူးတင်ပါတယ်။

ခွပ်ဒေါင်းကို မဲပေးစို့

တေးရေး/ဆို --- စွမ်းထက်

(တို့တွေ အတူတူ ချီတက်စို့လေ တို့တွေ အနာဂတ်ရဲ့ မျိုးဆက်သစ်တွေ
တို့တွေ ရဲရင့်တဲ့စိတ်နဲ့ ဒီမိုကရေစီအောင်ပွဲကို ရောက်အောင်သွားမယ်
တို့တွေ ခွပ်ဒေါင်းကို မဲပေးစို့လေ တို့တွေအနာဂတ်ရဲ့ လမ်းပြလေးတွေ
တို့တွေ ပြည်သူ့ကိုယ်စားပြု ၈၈ မျိုးဆက်ကျောင်းသားတွေ ) ၂ ခေါက်ဆိုရန်
တို့တွေတို့တွေ အောင်ရမည်ပြည်သူ့ဘက်က မားမားရပ်တည်၈၈ မျိုးဆက်
ကျောင်းသားတို့သည် ပြည်သူ့အတွက်ဆို အလုပ်အကျွေးပြုမည်

တို့တွေ တို့တွေ နိုင်ရမည် ပြည်သူ့ဘက်က မားမားရပ်တည်
၈၈ မျိုးဆက် ကျောင်းသားတို့သည် ပြည်သူ့အတွက်ဆို အလုပ်ကျွေးပြုမည်

တို့တွေ တို့တွေ အောင်ရမည် ပြည်သူ့ဘက်က မားမားရပ်တည်
၈၈ မျိုးဆက် ကျောင်းသားတို့သည် ပြည်သူ့အတွက်ဆို အလုပ်ကျွေးပြုမည်

တို့တွေ အတူတူချီတက်စို့လေ တို့တွေအနာဂတ်ရဲ့ မျိုးဆက်သစ်တွေ
တို့တွေ ရဲရင့်တဲ့စိတ်နဲ့ ဒီမိုကရေစီအောင်ပွဲကို ရောက်အောင်သွားမယ်

တို့တွေ ခွပ်ဒေါင်းကို မဲပေးစို့လေ တို့တွေ အနာဂတ်ရဲ့ လမ်းပြလေးတွေ တို့တွေ ပြည်သူ့ကိုယ်စားပြု ၈၈ မျိုးဆက်ကျောင်းသားတွေ
( ခွပ်ဒေါင်း မဲပေးမယ် ) ၃ ခေါက်ဆိုရန်

# အိမ်ခြံမြေဝန်ဆောင်မှုအသင်း၏ AML/CFT အသိပညာပေးဆွေးနွေး



**မြစ်ကြီးနား နိုဝင်ဘာ ၁၆**

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းဗဟိုမှဦးစီး၍ ကချင်ပြည်နယ် အိမ်ခြံမြေဝန်ဆောင်မှုအသင်း၏ AML/CFT အသိပညာပေးဆွေးနွေးပွဲကို ကချင်ပြည်နယ်မြစ်ကြီးနားမြို့ AUTUMN HOTEL ၌ နိုဝင်ဘာလ ၁၅ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြစ်ကြီးနားခရိုင်အုပ်ချုပ်ရေးမှူးဦးစိုးမြင့်သိန်း၊ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းဗဟို ဥက္ကဋ္ဌ ဒေါ်မိုးမိုးအောင်နှင့် ဒုတိယဥက္ကဋ္ဌဦးမြင့်စိန်တို့က အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ မြစ်ကြီးနားခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ ဦးသန်းဇော်နှင့် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းဗဟိုဥက္ကဋ္ဌ ဒေါ်မိုးမိုးအောင်နှင့်အဖွဲ့ဝင်များ၊ ကရင်ပြည်နယ် အိမ်ခြံမြေဝန်ဆောင်မှုအသင်း၊ ရန်ကုန်၊ ပဲခူး၊ မကွေး၊ နေပြည်တော်နှင့် မန္တလေး အိမ်ခြံမြေဝန်ဆောင်မှု အသင်းတို့မှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**နိုင်ထွန်း**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်–

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့
ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇–၃၄၀၄၉၁၁၊ ၀၆၇–၃၄၀၄၉၂၂၊ ၀၆၇–၃၄၀၄၉၃၃၊ ၀၆၇–၃၄၀၄၉၄၄၊ ၀၆၇–၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇–၄၅၅၀၄၈၈၊ ၀၆၇–၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉–၃၄၉၀၃၅၃၄၊ ၀၉–၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉–၃၄၉၀၁၅၈၄၇၊ ၀၉–၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈–၂၀၂၄၅၃၀၊ ၀၅၈–၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀–၂၀၂၂၃၆၈၊ ၀၇၀–၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉–၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁–၂၀၃၂၀၉၁၊ ၀၇၁–၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉–၂၀၂၄၀၃၇၊ ၀၅၉–၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂–၂၂၀၁၉၃၉၊ ၀၅၂–၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃–၂၀၂၈၈၇၈၊ ၀၆၃–၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂–၄၀၂၁၂၄၅၊ ၀၂–၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇–၂၀၂၇၉၃၅၊ ၀၅၇–၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉–၂၅၅၀၀၂၅၁၇၊ ၀၉–၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁–၈၃၀၀၀၁၆၊ ၀၁–၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁–၂၁၂၄၅၄၀၊ ၀၈၁–၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂–၂၀၂၅၉၉၃၊ ၀၄၂–၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၆

**ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးအေးလွင်က ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၁၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ဦးအေးလွင်(ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ)**

**မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်ကတော့ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ ဥက္ကဋ္ဌ မျိုးဆက်ကျောင်းသားခေါင်းဆောင် ဦးအေးလွင်ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့အား မင်္ဂလာညချမ်းပါဟု ဦးစွာပဏာမနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။

ကျွန်တော့်အနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ ဖွဲ့စည်းဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ဦးစွာတင်ပြပေးချင်ပါတယ်။

"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်" အမည်ရှိ ဤပြည်ထောင်စုကြီးအတွင်း၌ မှီတင်းနေထိုင်ကြကုန်သော ကျွန်ုပ်တို့ တိုင်းရင်းသားမျိုးနွယ်စုအားလုံးတို့သည် သမိုင်းမတင်မီကာလမှစ၍ ယနေ့ထက်တိုင် ဥမကွဲသိုက်မပျက် အေးအတူပူအမျှ အတူတကွ လက်တွဲနေထိုင်လာခဲ့ကြပါတယ်။ ပြည်ထောင်စုဖွား တိုင်းရင်းသားအပေါင်းတို့သည် ဤမြေပေါ်၌ပင် ပြည်ထောင်စုကြီး အစဉ်တည်တံ့ခိုင်မြဲရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးတို့ကို မိမိတို့၏ " ကိုယ်ပိုင်အမျိုးသားရေးအမြင် "၊ "ကိုယ်ပိုင်အမျိုးသားရေးဝါဒ " တို့ဖြင့် စဉ်ဆက်မပြတ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ကြပါတယ်။ ဤပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရှေးပဝေသဏီကာလမှသည် ကိုယ်ပိုင်ယဉ်ကျေးမှုထုံးတမ်းစဉ်လာများနှင့် "လောကပါလတရားနှင့်အပရိဟာနိယတရား(၇)ပါး" တို့ကိုကောင်းစွာ ယုံကြည်လိုက်နာကျင့်သုံးခဲ့ကြခြင်းဖြင့် ဒီမိုကရေစီကျင့်စဉ်များနှင့်လည်း အကျွမ်းတဝင်ရှိခဲ့ကြပြီးဖြစ်ကြပါတယ်။ ထို့ပြင် လူ့အခွင့်အရေးကိုလည်း လေးစားလိုက်နာတန်ဖိုးထားခဲ့ကြပါတယ်။

သို့ရာတွင် ပြည်ထောင်စုကြီး၏ အကျိုးစီးပွားပျက်စီးရာပျက်စီးကြောင်းကိုသာ အစဉ်ရှေးရှုလုပ်ဆောင်ခြင်း၊ အပြုသဘောမဆောင်ဘဲ နေရာတကာတိုင်းတွင် "ဆန့်ကျင်ဖီလာစိတ်" ဖြင့် ပြည်ပစွက်ဖက်မှုနှင့် ပိတ်ဆို့မှုတို့ကို လက်ယပ်ခေါ်နေကြတဲ့ "အဆိုးမြင်ဝါဒ" လက်ကိုင်ပြုထားကြသူ ပြည်တွင်းပြည်ပ လက်ဝဲ/လက်ယာ မြေပေါ်/မြေအောက် "အစွန်းရောက်အဖျက်သမားများ၏ အမျိုးသားရေးနှင့် ပြည်ထောင်စုရေး – သစ္စာဖောက်မှု အသွယ်သွယ်" ကို "ပြည်ထောင်စုစိတ်ဓာတ် နှင့် အမျိုးသားရေးစိတ်ဓာတ် " အရင်းခံဖြင့် ဆန့်ကျင်ကာကွယ်တားဆီးကြရပေမည်။ တစ်ချိန်တည်းမှာပင် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်အားကောင်းပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုနိုင်ငံတော်သစ်ကြီး ဖော်ဆောင်နိုင်ရေး ဦးတည်ချက်အတိုင်း ကျွန်ုပ်တို့ ပြည်ထောင်စုဖွားမျိုးနွယ်စုအားလုံးက ဆက်လက်ချီတက်ကြရပေမည်။

ဤတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ကြစေခြင်းအလို့ငှာ " ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ " က "အမျိုးသားရေး "၊ "ဒီမိုကရေစီရေး "၊ "လူ့အခွင့်အရေး " စံသတ်မှတ်ချက်မူဘောင်အတွင်းမှမြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝကို တိုးတက်မှုအမြင့်မားဆုံး အဆင့်သို့ရောက်ရှိလာစေရေးအတွက် တိုင်းရင်းသားပြည်သူလူထုကြီးတစ်ရပ်လုံးနှင့်အတူ ညီညွတ်စွာလက်တွဲကြိုးပမ်းဆောင်ရွက်သွားပါမယ်။

ကျွန်ုပ်တို့ ပြည်ထောင်စုဖွားတိုင်းရင်းသားမျိုးနွယ်စုတစ်ရပ်လုံးက တန်းတူညီမျှ ငြိမ်းချမ်းစွာပါဝင်ခွင့်ရှိပြီး တန်းတူညီမျှအကျိုးခံစားခွင့်လည်းရရှိသော ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံတော်သစ်ကြီးတစ်ရပ် ပေါ်ထွန်းလာစေရေး ဦးတည်ချက်ဖြင့် ဤ " ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ ( THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS PARTY ) " ကို ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒိုမီနီယမ်၊ တိုက်(F)၊ အခန်း (၀၃-၃) တွင် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၂၃) ရက်နေ့၌ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များ ဦးဆောင်မှုဖြင့် အမျိုးသားနိုင်ငံရေးအင်အားစုများ ပူးပေါင်းပါဝင်လက်တွဲကာ စတင်ဖွဲ့စည်းတည်ထောင်ခဲ့ကြပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီသည် ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)၏ ဦးဆောင်မှု၊ အခြားအမျိုးသားရေးအင်အားစုများပူးပေါင်းဆောင်ရွက်မှုဖြင့် စီးပွားရေးပိတ်ဆို့မှုဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှု(၂၀၀၇)၊ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး အမျိုးသားလှုပ်ရှားမှု(၂၀၀၇) နှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး အမျိုးသားလှုပ်ရှားမှု(၂၀၀၉)တို့ကို ပြုလုပ်ဖော်ဆောင်ခဲ့ရာတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်ကာ "တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး ပါဝင်ခွင့်ရှိသည့် အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍသစ်" တစ်ရပ်ဖြစ်ပေါ်လာစေရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေသည့် နောက်ခံသမိုင်းကြောင်းအခြေခံဖြင့် ပေါ်ပေါက်ဖြစ်တည်လာသော နိုင်ငံရေးပါတီတစ်ရပ်လည်းဖြစ်ပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော့်အနေဖြင့် ပါတီ၏မူဝါဒသဘောထားများကို ဆက်လက်တင်ပြပါမယ်။

လွတ်လပ်သည့် အမျိုးသားရေးဝါဒကို ပါတီတွင်းဒီမိုကရေစီကျင့်စဉ်နှင့်အညီ လိုက်နာကျင့်သုံးပါတယ်။ အပြန်အလှန်အားဖြင့် ဒီမိုကရေစီကျင့်စဉ်ကို လွတ်လပ်သည့် အမျိုးသားရေးဝါဒနှင့်အညီ လိုက်နာကျင့်သုံးပါတယ်။

နိုင်ငံသားများ၏ ကျင့်ဝတ်သိက္ခာ၊ အခွင့်အရေး၊ ရပိုင်ခွင့်နှင့် အကျိုးစီးပွားများကို ဆုတ်ယုတ်ပျက်ပြားစေသော ပြည်တွင်းပြည်ပ မည်သည့်လုပ်ဆောင်ချက်မျိုးကိုမဆို ဆန့်ကျင်ပါတယ်။

ပါတီ၏သဘောထားအမြင်များသည် ပါတီဝင်တစ်ရပ်လုံး၏ သဘောထားကို ထင်ဟပ်ပါတယ်။

လွတ်လပ်ခြင်း၊ တရားမျှတခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားရေးကို ဦးတည်ပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

ပါတီ၏ ဦးစားပေးလုပ်ငန်းစဉ်များကို ကျွန်တော့်အနေဖြင့် ဆက်လက်တင်ပြပါမယ်။

မြန်မာနိုင်ငံကို ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ် အမြန်ဆုံးဖော်ဆောင်နိုင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခရပ်စဲရေးနှင့် နိုင်ငံတစ်ဝန်းအစဉ်ထာဝရငြိမ်းချမ်းရေး၊ ကမ္ဘာတည်သရွေ့ မြန်မာတိုင်းရင်းသားမျိုးနွယ်စုများ လူမျိုးမပျောက်မပျက်ဘဲ ဆက်လက်ရှင်သန်ရပ်တည်ရေး ဆောင်ရွက်ပါမယ်။

နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သတင်းမီဒီယာများအရေးတို့ကို ကဏ္ဍအလိုက်ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ နိုင်ငံသားများ၏ စားဝတ်နေရေးနှင့် အခြေချနေထိုင်ရေး၊ အိမ်ခြံမြေ၊ စိုက်ပျိုးမြေ၊ အခြားလုပ်ငန်းသုံးမြေများရရှိရေး၊ လယ်ယာမြေ အခြားနည်းအသုံးပြုခွင့်အတွက် ပွင့်လင်းမြင်သာသည့် ဥပဒေများ ထွန်းကားလာရေး၊ အမှန်တကယ်စိုက်ပျိုးသော စိုက်ပျိုးမြေဧကအလိုက် ချေးငွေအပြည့်အဝထုတ်ပေးရေး၊ လယ်ယာသုံးစက်ကိရိယာဝယ်ယူရေးချေးငွေရရှိရေး၊ နိုင်ငံတစ်ဝန်းအကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့ကို ကြိုးပမ်းလုပ်ဆောင်သွားပါမယ်။



ပြည်ထောင်စုအဆင့်ရန်ပုံငွေစနစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်ရန်ပုံငွေစနစ်၊ အများပြည်သူ၏ဆန္ဒအလျောက် ထည့်ဝင်သည့်ရန်ပုံငွေစနစ်၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီဖြင့်ဆောင်ရွက်သောရန်ပုံငွေစနစ်ဖော်ဆောင်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအာဏာကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်နှင့်အညီ ကျင့်သုံးနိုင်ရေးတို့ကို ဆောင်ရွက်သွားပါမယ်။

ဘေးအန္တရာယ်ခံစားနေကြရသည့် နိုင်ငံသားများ၏ အရေးအတွက် ကယ်ဆယ်ရေး၊ ကူညီရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအချိန်နှင့် တစ်ပြေးညီဆောင်ရွက်ရေးရန်ပုံငွေစနစ်ထားရှိရေး၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ထောက်ပံ့သည့် ဖွံ့ဖြိုးရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများကို ပွင့်လင်းမြင်သာမှုရှိရှိ အသုံးပြုရေးဆောင်ရွက်သွားပါမယ်။

လူငယ်ကျောင်းသား၊ သက်ကြီးရွယ်အို၊ အမျိုးသမီး၊ မိခင်နှင့်ကလေးသူငယ်၊ မသန်စွမ်းသူများ၊ အချုပ်သားအကျဉ်းသား၊ ပြည်တွင်းရွှေ့ပြောင်းအလုပ်သမားများ၊ ပြည်ပတွင်အလုပ်အကိုင်ဖြင့် ရောက်ရှိနေသူများ၊ တောင်သူလယ်သမား၊ အလုပ်သမား၊ အသိပညာရှင် အတတ်ပညာရှင်၊ နိုင်ငံ့ဝန်ထမ်းနှင့် အငြိမ်းစားဝန်ထမ်းများ အစရှိသည့် လူတန်းစားအလွှာအသီးသီး၏ လိုအပ်ချက်များကို ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်တို့နှင့်အညီ ဖြစ်ပေါ်လာသော အခွင့်အလမ်းကောင်းများကို ပြည့်ပြည့်ဝဝရရှိခံစားနိုင်ရေး အသေးစိတ်မူဝါဒများချမှတ်ဆောင်ရွက်သွားပါမယ်။

မြို့ပြနှင့်ကျေးလက်ကွာဟမှုမရှိစေဘဲ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေး၊ သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာရရှိနိုင်ရေး၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေးနှင့် ရေသွင်းစိုက်ပျိုးမြေဧရိယာတိုးချဲ့သတ်မှတ်ရေးဆောင်ရွက်သွားပါမယ်။

ကျောင်းသားလူငယ်၊ တောင်သူလယ်သမား၊ အလုပ်သမား၊ နိုင်ငံ့ဝန်ထမ်း၊ အငြိမ်းစားဝန်ထမ်းနှင့် အသိပညာရှင် အတတ်ပညာရှင်သမဂ္ဂများ လွတ်လပ်စွာဖွဲ့စည်းလှုပ်ရှားဆောင်ရွက်နိုင်ရေးနှင့် ရုံးအဆောက်အအုံမြေနေရာရရှိရေး ဆောင်ရွက်သွားပါမယ်။

ဗဟိုချုပ်ကိုင်မှုလျှော့ချရေး၊ အကျင့်ပျက်ခြစားမှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတို့အတွက် ဥပဒေအစီအမံများပြုလုပ်၍ ဆောင်ရွက်သွားပါမယ်။

**မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လိုက်လျောညီထွေဖြစ်စေရန် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများကို လွတ်လပ်စွာအပြိုင်အဆိုင်လုပ်ကိုင်ခွင့်ရရှိရေးနှင့် အလုပ်လက်မဲ့ပပျောက်ရေးဆောင်ရွက်ပါမယ်။

အမျိုး ဘာသာ သာသနာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုသည့် ဝံသာနုရက္ခိတ တရားများ ပိုမိုထွန်းကားပြန့်ပွားရေး၊ အမျိုးသားစာရိတ္တမဏ္ဍိုင်မြင့်မားရေး၊ အမျိုးသားစာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို

**စာမျက်နှာ ၁၀ သို့ ❍**

❍ စာမျက်နှာ ၉ မှအဆက်

မပျောက်မပျက်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့ကို ဆောင်ရွက်သွားပါမယ်။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကိုရှေးရှု၍ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု၊ စရိတ်မျှပေးကျန်းမာရေးစောင့်ရှောက်မှု၊ ပုဂ္ဂလိကပိုင်၊ အများပိုင်၊ ဖက်စပ်ပိုင်၊ သမဝါယမပိုင်နှင့် အခြားနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပိုင် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေထူထောင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုအာမခံထားရှိရေးလုပ်ငန်းများကို ဆောင်ရွက်သွားပါမယ်။

ဘက်စုံအတွေးအခေါ်အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်စေပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးဖြစ်စေမယ့် စာမတတ်သူပပျောက်ရေး၊ မသင်မနေရ အခမဲ့အခြေခံပညာရေးစနစ်ဖော်ဆောင်ရေး၊ အသက်မွေးဝမ်းကျောင်းပညာရေး၊ စိတ်ကြိုက်ဘာသာရွေးချယ်သင်ကြားနိုင်သော တက္ကသိုလ်ပညာရေး၊ ပညာသင်ထောက်ပံ့ကြေးရန်ပုံငွေစနစ်ထူထောင်ရေး၊ ပညာရပ်ဆိုင်ရာ သုတေသနရန်ပုံငွေထူထောင်ရေးတို့ကို အထူးဦးစားပေးဆောင်ရွက်သွားပါမည်။

အမျိုးသားပညာရည်မြင့်မားရေးကိုရှေးရှု၍ နိုင်ငံတော်ပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင်၊ ဖက်စပ်ပိုင်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပိုင် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများဖြစ်ပေါ်လာရေး ဆောင်ရွက်ပါမယ်။

လွတ်လပ်စွာကိုးကွယ်ယုံကြည်မှုနှင့် ဘာသာရေးအသင်းအဖွဲ့များလွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်ခွင့်တို့ကို အားပေးပါတယ်။ ထေရဝါဒဗုဒ္ဓဘာသာကို ဘိုးဘွားအမွေအနှစ်အဖြစ် တန်ဖိုးထားထိန်းသိမ်းကာကွယ်စောင့်ရှောက်ပါမည်။ ဗုဒ္ဓဘာသာသည် မြန်မာနိုင်ငံ၏အများစုကိုးကွယ်ယုံကြည်သော ဝိသေသလက္ခဏာရှိသည့် ဘာသာတရားဖြစ်သည်ဟု အလေးအနက်တန်ဖိုးထားအသိအမှတ်ပြုပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျား–**

တိုင်းရင်းသားဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ကို တိုးတက်ဖြစ်ထွန်းစေရန်ဆောင်ရွက်ပါမယ်။

တိုးတက်ဖွံ့ဖြိုးမှု နောက်ကျနေသေးသည့် အရပ်ဒေသများရှိတိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ပါဝင်သော လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားတန်းတူညီမျှရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အသိအမှတ်ပြုပါတယ်။

မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ခင်ဗျား –

နိုင်ငံတော်၏ အဓိကမဏ္ဍိုင်ကြီး(၃)ခုဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ယန္တရားအဆင့်ဆင့်၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် အများပြည်သူတို့၏ မွေးရာပါလူ့အခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေး၊ လွတ်လပ်ခွင့်များ၊ ရပိုင်ခွင့်များနှင့် ခံစားခွင့်များကို တစ်စုံတစ်ရာ ထိခိုက်နစ်နာမှုမရှိစေရန် ကာကွယ်စောင့်ရှောက်ပါမယ်။

တရားစီရင်ရေးစနစ်မူဘောင်အတွင်းမှ နိုင်ငံသားတိုင်း မည်သူမဆို တရားစွဲဆိုပိုင်ခွင့်၊ အမှုကျေအေးပိုင်ခွင့်၊ ထုချေပိုင်ခွင့်၊ အယူခံပိုင်ခွင့်တို့နှင့်ပတ်သက်၍ ဥပဒေနှင့်အညီ တရားစီရင်ခွင့်ကို လွတ်လပ်စွာကျင့်သုံးခွင့် ရရှိနိုင်စေရန် ကာကွယ်စောင့်ရှောက်ပါမယ်။

နိုင်ငံတကာနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူနှင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒတို့ကို လက်ခံကျင့်သုံးမယ်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံရေး၊ မြန်မာနိုင်ငံသည် မည်သည့်နိုင်ငံကိုမျှ စစ်ရေးအရ စတင်တိုက်ခိုက်ခြင်းမပြုရေးနှင့် နိုင်ငံအတွင်းတွင် မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမှ တပ်ချခွင့်မပြုရေးတို့ကို ရပ်တည်ဆောင်ရွက်သွားပါမယ်။

**မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျား–**

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ (UMFNP) ပါတီ၏ အလံနှင့် ပါတီသင်္ကေတတံဆိပ်တို့နှင့်ပတ်သက်၍ ဆက်လက်တင်ပြပါမယ်။

အောက်ခံအရောင်အနီ၊ အလယ်တွင် အဖြူရောင် အောက်ခံအဝိုင်းအတွင်း အစိမ်းရောင် ကဒေါင်းနှင့် ကဒေါင်း၏အောက်နှင့် အထက်တို့တွင် အရွယ်တူကြယ်ဖြူ(၇)လုံးစီကို အတန်းလိုက် ဖော်ကျူးထားပါတယ်။ အဲဒီအလံကို ပါတီအထိမ်းအမှတ်အလံအဖြစ် သတ်မှတ်ပါတယ်။

အနီရောင်သင်္ကေတသည် ရဲစိတ်ရဲမာန် ထက်သန်စေခြင်းသဘောကို ဆောင်သည်။ အလယ်ရှိ အဖြူရောင်နောက်ခံစက်ဝိုင်းသည် ဖြူစင်ခြင်းသဘောကိုဆောင်သည်။ အရွယ်တူ ကြယ်ဖြူ (၁၄)လုံးမှာ တိုင်းရင်းသားပေါင်းစုံ ရင်းနှီးချစ်ကြည်စွာ အတူတကွစုပေါင်းနေထိုင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံကို ပြဆိုခြင်းဖြစ်သည်။ အစိမ်းရောင် ကဒေါင်းသည် တိုင်းရင်းသားအားလုံး၏ စုပေါင်းအမည်နာမဖြစ်သည့် မြန်မာကိုကိုယ်စားပြုပြီး အမျိုးဘာသာသာသနာ ပညာ ထွန်းလင်းကာ စပါးဆန်ရေစပါးရတနာရွှေငွေဥစ္စာပစ္စည်း အထွေထွေပေါကြွယ်ဝခြင်းသဘောကိုဆောင်သည်။

**မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျား–**

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ(UMFNP) ပါတီ၏ ဆောင်ပုဒ်ကတော့

**“ကောင်းကျိုးအထွေထွေရယ်နဲ့ ချွန်စေမြစေစော ဒေါင်းအိုးဝေရယ်နဲ့ တွန်စေကစေသောဝ်..”**

ရွေးကောက်ပွဲမှာအသုံးပြုမည့် ပါတီဆောင်ပုဒ်ကတော့

**“လူမှန် မူမှန် နေရာမှန် ပြောင်းလဲခြင်းအမှန်ဖြစ်ဖို့ “က”ဒေါင်းပါတီကို မဲပေးစို့ ”** ဖြစ်ပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျား–**

နိဂုံးချုပ်အနေဖြင့် တင်ပြလိုတာကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ရဲ့ လူဦးရေ (၇၀ ရာခိုင်နှုန်း)ရာခိုင်နှုန်းကျော်ဟာ ကျေးလက်ဒေသတွေမှာ နေထိုင်ကြပြီးတော့ လယ်ယာလုပ်ငန်းနှင့် အသက်မွေးကြပါတယ်။ လယ်ယာလုပ်ငန်းများ ခေတ်မီရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်ယန္တရားများကိုအသုံးပြုပြီး ထွန်ယက်စိုက်ပျိုးရိတ်သိမ်းနိုင်ရေး၊ လယ်ယာလုပ်ငန်းသုံးရင်းနှီးငွေနှင့် သွင်းအားစုများ ပြည့်ပြည့်ဝဝ ဖူဖူလုံလုံ ဖြည့်ဆည်းပေးခြင်း၊ စိုက်ပျိုးထုတ်လုပ်မှုစရိတ်နှင့် သီးနှံဈေးနှုန်းများ တည်ငြိမ်မျှတရေး ထိန်းညှိဆောင်ရွက်ပေးခြင်း၊ လယ်ယာထုတ်ကုန်များကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရန် စီမံပေးခြင်းတို့ကို ပြုလုပ်ခြင်းအားဖြင့် လယ်ယာစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ နိုင်ငံသားအများစု၏ လူနေမှုဘဝဟာလည်း ပိုမိုမြင့်မားတိုးတက်လာမှာဖြစ်တဲ့အတွက်ကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအကျိုးစီးပွားကို အားပေးမြှင့်တင်ကာကွယ်ပေးသည့် ဥပဒေများလက်တွေ့ကျကျ ရှင်သန်အသက်ဝင်လာရေး၊ လယ်ယာမြေပြဿနာများ ဥပဒေနှင့်အညီ မြန်မြန်ဆန်ဆန်ဖြေရှင်းပေးရေးတို့ဟာ နောင်တက်လာမည့် ရွေးကောက်ခံလွှတ်တော်နှင့် ရွေးကောက်ခံအစိုးရအတွက် အရေးကြီးတဲ့ တောင်းဆိုချက်တစ်ခုဖြစ်လာပါတယ်။ အဲဒီတောင်းဆိုချက်အရ လွှတ်တော်ထဲကိုရောက်ဖို့အတွက် ကဒေါင်းတံဆိပ်နဲ့ ယှဉ်ပြိုင်အရွေးခံတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ (UMFNP) ပါတီကို မဲဆန္ဒရှင်မိဘပြည်သူအပေါင်းက မဲပေးထောက်ခံကြပါလို့ တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်လိုက်ပါတယ်။

“မဲဆန္ဒရှင် မိဘပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။”

# ပဲခူးမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ အသိပညာပေး



**ပဲခူး နိုဝင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများ၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့ စမ်းသပ်ဆန္ဒမဲပေးခြင်းကို နိုဝင်ဘာလ ၁၅ ရက်မှစတင်ကာ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပဲခူးမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မောင်မောင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများက အုပ်စုအလိုက်အဖွဲ့များခွဲ၍ ပဲခူးမြို့နယ်အတွင်းရှိ ဈေးညောင်ပင်၊ အောက်စီတီးအရှေ့၊ အောက်စီတီးအနောက်၊ စိုင်တီ၊ ကတွင်းခြံ၊ အိုးဘို၊ ကမာနတ်၊ ကလိ၊ မယင်း၊ သပြေရိုး၊ ဘုရားကလေး၊ ဝမ်းဘဲအင်း၊ ရွာသစ်အဝိုင်း၊ ပျဉ်ပုံကြီးကျေးရွာတို့သို့ ကွင်းဆင်း၍ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)ဖြင့် ဆန္ဒမဲပေးခြင်းလုပ်ငန်းအဆင့်ဆင့်နှင့်ပတ်သက်ပြီး အသေးစိတ်ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသောပြည်သူများက လက်တွေ့စမ်းသပ်မဲပေးခြင်းနှင့် သိရှိလိုသည်များမေးမြန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားပြီး ပဲခူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်သဇင်နှင့်တာဝန်ရှိသူများက ရွေးကောက်ပွဲအသိပညာပေးဗီနိုင်းချိတ်ဆွဲပြသခြင်းဆောင်ရွက်ကြသည်။

အဆိုပါ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာအသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ် သရုပ်ပြဆန္ဒမဲပေးခြင်းတို့ကို ၁၇ ရက်တိုင်အောင် ဆောင်ရွက်မည်ဖြစ်ပြီး ကျန်ရှိနေသည့် ရပ်ကွက်၊ ကျေးရွာများတွင် အသိပညာပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၁၀)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# စင်ကာပူနိုင်ငံတွင် ကျင်းပသည့် “(၁၂) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေး”နှင့်ပူးတွဲကျင်းပသည့် ဆွေးနွေးပွဲနှင့်အစည်းအဝေးများသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

နေပြည်တော်　နိုဝင်ဘာ　၁၆

ပြည်ထောင်စုတရားသူကြီးချုပ်ဦးသာဌေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံတရားလွှတ်တော်ချုပ် တရားသူကြီးချုပ် The Hon. Sundaresh Menon ၏ ဖိတ်ကြားချက်အရ နိုဝင်ဘာလ ၁၃ ရက်မှ ၁၅ ရက်အထိ စင်ကာပူနိုင်ငံတွင် ကျင်းပသည့် “(၁၂) ကြိမ်မြောက် အာဆီယံ တရားသူကြီးချုပ်များ ကောင်စီအစည်းအဝေး” သို့ တက်ရောက်သည်။

အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေးသည် ၂၀၁၃ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပသောအစည်းအဝေးဖြစ်ပြီး အဆိုပါအစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များနှင့် တရားစီရင်ရေးဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

နိုဝင်ဘာလ ၁၅ ရက်တွင် ပြည်ထောင်စုတရားသူကြီးချုပ်သည် စင်ကာပူနိုင်ငံ တရားရုံးချုပ်၌ ကျင်းပသည့်(၁၂)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များ ကောင်စီ အစည်းအဝေးသို့ တက်ရောက်ပြီး အခြားအာဆီယံတရားသူကြီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ၊




အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့နှင့်အတူ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ၏ အာဆီယံတရားရေး ပေါ်တယ် (ASEAN Judiciaries Portal) လုပ်ငန်းအဖွဲ့၊ တရားမမှုခင်းများဆိုင်ရာ (Civil Proceedings)လုပ်ငန်းအဖွဲ့၊ မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးနည်းပညာဆိုင်ရာ (Case Management and Court Technology)လုပ်ငန်းအဖွဲ့၊ တရားစီရင်ရေးဆိုင်ရာ လေ့ကျင့်ရေးနှင့် သင်ကြားရေးဆိုင်ရာ(Judicial Training and Education) လုပ်ငန်းအဖွဲ့၊ နိုင်ငံဖြတ်ကျော်ဖြစ်ပွားသည့် မိသားစုမှုခင်းဆိုင်ရာ ကလေးသူငယ် အငြင်းပွားမှုများ ဖြေရှင်းရေး(Cross-Border Disputes Involving Children) လုပ်ငန်းအဖွဲ့၊ ဗီဒီယိုကွန်ဖရင့်ဖြင့် အမှုကြားနာစစ်ဆေးခြင်းဆိုင်ရာ (Conduct of Video Conferencing Hearings)လုပ်ငန်းအဖွဲ့၊ အာဆီယံနှင့် အခြားမိတ်ဖက်နိုင်ငံများ တွေ့ဆုံဆွေးနွေးမှုပြုခြင်းဆိုင်ရာ (ASEAN + Meetings) လုပ်ငန်းအဖွဲ့နှင့်ရာသီဥတုဆိုင်ရာ တရားမျှတမှု(Climate Justice)လုပ်ငန်းအဖွဲ့တို့က ဆောင်ရွက်ပြီးလုပ်ငန်းများ၊ ရရှိသည့် အောင်မြင်မှုများ၊ ဆက်လက်ဆောင်ရွက်မည့် အဆိုပြုချက်များနှင့်စပ်လျဉ်းသည့် အစီရင်ခံစာများကို အာဆီယံတရားသူကြီးချုပ်များကောင်စီသို့ တင်ပြအတည်ပြုချက်ရယူကြရာ ပြည်ထောင်စုတရားသူကြီးချုပ်က မြန်မာနိုင်ငံတရားစီရင်ရေးနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ပါဝင်ဆွေးနွေးခဲ့သည်။

အစည်းအဝေးအပြီးတွင် (၁၂)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေးရလဒ်ဖြစ်သည့် စင်ကာပူကြေညာစာတမ်းကို အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အားလုံးက ပါဝင်လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည်။

ပြည်ထောင်စုတရားသူကြီးချုပ်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၁၂) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေးနှင့်အတူ ပူးတွဲကျင်းပသည့် ဆွေးနွေးပွဲနှင့်အစည်းအဝေးများသို့တက်ရောက်ခဲ့ရာ နိုဝင်ဘာလ ၁၃ ရက်တွင် စင်ကာပူနိုင်ငံအပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးတရားရုံးနှင့် စင်ကာပူနိုင်ငံ ဥပဒေအကယ်ဒမီတို့ ပူးပေါင်းကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အငြင်းပွားမှုများဆိုင်ရာဆွေးနွေးပွဲ (SICC-SAL Seminar on International Disputes)၊ နိုဝင်ဘာလ ၁၄ ရက်တွင် လူမွဲခံယူခြင်းဆိုင်ရာ အာဆီယံတရားသူကြီးများအစည်းအဝေး (ASEAN Insolvency Judges Meeting)၊ အာဆီယံဒေသတွင်း နိုင်ငံဖြတ်ကျော်ဥပဒေ ကျင့်သုံးမှုဆိုင်ရာဆွေးနွေးပွဲ (Seminar on Transnational Practice of Law in ASEAN)၊ လူမွဲခံယူခြင်းဆိုင်ရာ အာဆီယံတရားသူကြီးများနှင့်ကျွမ်းကျင်ပညာရှင်များ အစည်းအဝေး (ASEAN Insolvency Judges and Practitioners Meeting) နှင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အာဆီယံတရားသူကြီးများနှင့် ကျွမ်းကျင်ပညာရှင်များ အစည်းအဝေး (ASEAN IP Judges and Practitioners Meeting) တို့သို့ တက်ရောက်ဆွေးနွေးခဲ့သည်။

အဆိုပါအစည်းအဝေးများနှင့် ဆွေးနွေးပွဲများသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

မြဝတီ

# တရုတ်-မြန်မာ (၇၅)နှစ်မြောက် သံတမန်ဆက်ဆံရေးထူထောင်ခြင်းအထိမ်းအမှတ် ယဉ်ကျေးမှုဖလှယ်ရေးမြှင့်တင်မှု အစီအစဉ်တစ်ရပ်အဖြစ် တရုတ်ပုံရိပ်ရုပ်ရှင်ရက်သတ္တပတ်နှင့် တရုတ် - မြန်မာ ရုပ်ရှင်ပွဲတော်ဖွင့်ပွဲကျင်းပ

ရန်ကုန်　နိုဝင်ဘာ ၁၆

တရုတ်-မြန်မာ(၇၅)နှစ်မြောက်သံတမန်ဆက်ဆံရေးထူထောင်ခြင်းအထိမ်းအမှတ် ယဉ်ကျေးမှုဖလှယ်ရေးမြှင့်တင်မှု အစီအစဉ်တစ်ရပ်အဖြစ် ၂၀၂၅ ခုနှစ် တရုတ်ပုံရိပ်ရုပ်ရှင် ရက်သတ္တပတ်နှင့် တရုတ်-မြန်မာ ရုပ်ရှင်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ နေပြည်တော်ရုပ်ရှင်ရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စမာကျားနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ရုပ်ရှင်ချစ်ပရိသတ်များ တက်ရောက်ကြသည်။

ဦးစွာ တရုတ်ပုံရိပ်ရုပ်ရှင် ရက်သတ္တပတ်နှင့်တရုတ်-မြန်မာရုပ်ရှင်ပွဲတော် ဖွင့်ပွဲမိတ်ဆက်ဗီဒီယိုကိုပြသသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျားက အမှာစကားပြောကြားသည်။ ယင်းနောက်ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယခင်က တရုတ်နိုင်ငံမှ လာရောက်ကျင်းပသည့် ရုပ်ရှင်ပွဲတော်များကို ရန်ကုန်၊ မန္တလေးမြို့ကြီးတို့တွင် နှစ်စဉ်ကျင်းပခဲ့သည်ဟုသိရကြောင်း၊ မြန်မာပရိသတ်များအနေဖြင့် တရုတ်ရုပ်ရှင်ဇာတ်ကားများကို ယခင်ကတည်းက နှစ်ခြိုက်ကြသည့်အတွက် တရုတ်ရုပ်ရှင်ပွဲတော်များတွင် စိတ်အားထက်သန်စွာ ကြည့်ရှုအားပေးခဲ့ကြကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ အကြားတွင် ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ပြန်ကြားရေးနှင့် ယဉ်ကျေးမှုနယ်ပယ်တွင်လည်း နှစ်နိုင်ငံဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ ကျင်းပသည့် ၂၀၂၅ ခုနှစ် တရုတ်ပုံရိပ်ရုပ်ရှင် ရက်သတ္တပတ်နှင့် တရုတ်-မြန်မာ ရုပ်ရှင်ပွဲတော်ဖွင့်ပွဲကိုလည်း မြန်မာပရိသတ်များအနေဖြင့် တရုတ်နိုင်ငံအကြောင်းကို ပိုမိုသိရှိနားလည်ပြီး နှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုကို အရှိန်မြှင့်တင်ပေးနိုင်မည်ဟု ယုံကြည်ကြောင်း၊ ယခုကဲ့သို့ တရုတ်-မြန်မာ ရုပ်ရှင်ပွဲတော်ကို ကောင်းမွန်သည့် အစဉ်အလာအဖြစ် ထိန်းသိမ်းရင်းနောင်လာမည့် နှစ်များတွင်လည်း ယခုထက်ဇာတ်ကားအရေအတွက် ပိုမိုပြသနိုင်ရန်နှင့် ပွဲတော်များကို ဆက်လက်ကျင်းပနိုင်စေကြောင်း၊ တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှုလည်း ပိုမိုခိုင်မြဲပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာသူများက နိုင်ငံတော်အလံအား အလေးပြုကြပြီး “ဝူခုန်း”ရုပ်ရှင်



ဇာတ်ကားပြသမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ၂၀၂၅ ခုနှစ် တရုတ်ပုံရိပ်ရုပ်ရှင် ရက်သတ္တပတ်နှင့် တရုတ်-မြန်မာရုပ်ရှင်ပွဲတော်ကို နိုဝင်ဘာလ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း ဝူခုန်း၊ မင်္ဂလာပါ မေမေ၊ လကမ္ဘာစွန့်စားခန်း၊ သူရဲကောင်း ရှစ်ရာ၊ ချစ်သောဇာတိမြေ၊ စာဆိုတော်နှင့် ကြောင်နက်ရှင်၊ ကန္တာရခရီးသမား၊ အလွဲများနှင့်ဘဝ ဟူသည့် မြန်မာစာတန်းထိုး တရုတ်ရုပ်ရှင်ဇာတ်ကားရှစ်ကားကို အခမဲ့ပြသသွားမည်ဖြစ်ကာ အမည်စာရင်းပေးသွင်း၍ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

နံနက်ပိုင်းတွင်လည်း ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်ရှိ ဝဇီရာ ရုပ်ရှင်ရုံအား နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံ ကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ဗိသုကာကောင်စီဥက္ကဋ္ဌ၊ ရွှေတောင်ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ နှင့်တာဝန်ရှိသူများက ဝဇီရာရုပ်ရှင်ရုံ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဝဇီရာရုပ်ရှင်ရုံအား ၂၀၂၆ ခုနှစ် မတ်လမတိုင်မီ ပြင်ဆင်ဆောင်ရွက်ပေးရန်နှင့် စံချိန်စံညွှန်းပြည့်ဝစွာ ပြင်ဆင်ပေးရန်၊ ထိုင်ခုံခင်းကျင်းမှုနှင့် အသံစနစ်၊ မီးစနစ်များ ကောင်းမွန်စေရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝဇီရာရုပ်ရှင်ရုံရှေ့ မြန်မာ့မီးရထားပိုင်မြေနေရာ၌ ယာဉ်ရပ်နားရန်လျာထားဆောင်ရွက်သွားမည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) အစီအစဉ်ဖြင့်၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရန်အတွက်ပြည်သူ့အသိပညာပေး အစီအစဉ် (Public Service Announcement- PSA)အားနာမည်ကျော် အနုပညာရှင်များဖြစ်ကြသည့် ရဲလေး၊ ဟဲလေး၊ မင်းစည်သူ၊ မျိုးမြတ်သူ၊ စိန်ဖြိုးလှိုင်၊ ဝိုင်းစုခိုင်သိန်း၊ စန္ဒီမြင့်လွင်၊ မေမဒီ၊ ရီရီပွင့်ဖြူတို့နှင့် ရိုက်ကူးရေးဆောင်ရွက်မှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် အနုပညာရှင်များနှင့် တွေ့ဆုံပြီး ရွေးကောက်ပွဲတွင် ပြည်သူများ လွတ်လပ်မျှတစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မှန်ကန်စွာအသိပညာပေးနိုင်ရေး၊ ဆန္ဒမဲပေးခွင့်ရှိသော ပြည်သူများအနေဖြင့် မဲပေးခွင့် မဆုံးရှုံးစေရေးနှင့် နိုင်ငံနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဦးဆောင်နိုင်မည့် သူများအား မှန်ကန်စွာရွေးချယ်မဲပေးနိုင်ရေးတို့အတွက် အနုပညာရှင်များက ယခုကဲ့သို့ ဆန္ဒအလျောက်တက်ကြွစွာပါဝင်ဆောင်ရွက်မှုအပေါ် ဂုဏ်ယူအသိအမှတ်ပြုကြောင်းပြောကြားကာ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

မြဝတီ

# မွန်ပြည်နယ်အတွင်းရှိ ဝန်ထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး ဦးလှမိုး တွေ့ဆုံ




**မော်လမြိုင် နိုဝင်ဘာ ၁၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးသို့သွားရောက်၍ ဝန်ကြီးဌာနအောက် ဦးစီးဌာနလေးခုမှ ခရိုင်၊ မြို့နယ်အဆင့် ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ မိမိတို့ဝန်ကြီးဌာနက မူဝါဒ၊ ရည်မှန်းချက်၊ မျှော်မှန်းချက်များချမှတ်ကာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် ဦးစီးဌာနအချင်းချင်း ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ဘဝမြင့်မားရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး ဝင်ငွေထွက်ငွေမျှတအောင် သုံးစွဲကြရန်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများကလည်း ဝန်ထမ်းသက်သာချောင်ချိရေးကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဖွံ့ဖြိုးရေးစိတ်ဓာတ်ကိုအခြေခံကာ စေတနာထားဆောင်ရွက်ကြရန်၊ ဒေသနှင့်ကိုက်ညီသော အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများဖွင့်လှစ်ပေးရန် တိုက်တွန်းမှာကြားကာ ဝန်ထမ်းတစ်ဦးချင်း၏ အခက်အခဲများကိုမေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ဝန်ထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တွေ့ဆုံ

**မော်လမြိုင် နိုဝင်ဘာ ၁၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ဝန်ကြီးဌာနအောက်ရှိ ဌာနများမှဝန်ထမ်းများအား သွားရောက်တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ဝန်ကြီးဌာနအနေဖြင့် သယံဇာတများ ရေရှည်စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေးနှင့် သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဟန်ချက်ညီဖြစ်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု ၅၀ ရာခိုင်နှုန်းဖြစ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မွန်ပြည်နယ်အတွင်း ကြိုးဝိုင်း၊ ကြိုးပြင်တောများထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်ရေးနှင့် ဒီရေတောထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သယံဇာတထုတ်ယူသုံးစွဲခြင်းများတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြစ်စေရေးတို့အတွက် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်းပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများ၏ တင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးဝင်းနှင့်ဝန်ထမ်းအိမ်ရာဝင်းအတွင်း စိမ်းလန်းသာယာလှပရေးဆောင်ရွက်ထားမှုအခြေအနေအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

◆ **ကျောဖုံးမှအဆက်**

ပြိုင်ပွဲ၊ သက်ကြီးတန်းနှစ်ယောက်ပေါင်း(၁၁၀)နှစ်ပြိုင်ပွဲ၊ လူသစ်တန်းနှစ်ယောက်ပေါင်း(၁၂၀)နှစ်ပြိုင်ပွဲ၊ လူသစ်တန်းပြိုင်ပွဲ၊ ဝါသနာရှင်တန်းအမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အကြီးတန်းတစ်ဦးချင်းပြိုင်ပွဲအမျိုးသား+အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ပိုင်နှင့် အမှုဆောင်များက ဆုတံဆိပ်နှင့်ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းပြိုင်ပွဲတွင် မျိုးဆက်သစ်ကစားသမားများ၊ လက်ရွေးစင်ကစားသမားများ၊ ဆီးဂိမ်းပြိုင်ပွဲဝင်ကစားသမားများ၊ ဂျူနီယာတန်းမှကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကို နိုဝင်ဘာလ ၁၀ ရက် မှ ၁၆ ရက်အထိ ပွဲစဉ်ပေါင်း ၁၂၀၀ ကျော်ကျင်းပခဲ့ကြောင်းနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ကလပ်ပေါင်း ၄၀ ကျော်မှ ကစားသမား ၇၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ဝန်းရုံခ**

❍ **ကာယဗလမှ**

ပြိုင်ပွဲ၌ နိုင်ငံငါးနိုင်ငံမှအားကစားသမားကိုးဦး ဝင်ရောက်ယှဉ်ပြိုင်ကြရာ အိန္ဒိယနိုင်ငံကစားသမားက ပထမရွှေတံဆိပ်၊ချမ်းမြေ့ထွန်း(မြန်မာ)က ဒုတိယငွေတံဆိပ်နှင့်အင်ဒိုနီးရှားနိုင်ငံကစားသမားက တတိယကြေးတံဆိပ်ဆုများရရှိခဲ့ကြသည်။

ထို့အတူ Women's Model Physique up to 160 cm ပြိုင်ပွဲ၌ နိုင်ငံ ခုနစ်နိုင်ငံမှကစားသမားရှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ကြရာ မွန်ဂိုးရီးယားနိုင်ငံကစားသမားက ပထမရွှေတံဆိပ်၊ ဗီယက်နမ်နိုင်ငံကစားသမားက ဒုတိယငွေတံဆိပ်နှင့်နီနီအောင်(မြန်မာ)က တတိယကြေးတံဆိပ်ဆုကိုလည်းကောင်း၊ Women's Swimsuit Model Physique over 165cm ပြိုင်ပွဲ၌ ဟောင်ကောင်(တရုတ်)နိုင်ငံက ပထမရွှေတံဆိပ်၊ ဇူးဇူးသန့်(မြန်မာ)က ဒုတိယငွေတံဆိပ်၊မွန်ဂိုလီးယားနိုင်ငံကစားသမားက တတိယကြေးတံဆိပ်၊ Women's Swimsuit Model Physique over 170cm ပြိုင်ပွဲ၌ ဇူးဇူးသန့်(မြန်မာ)က တတိယကြေးတံဆိပ်တို့ အသီးသီးရရှိခဲ့ကြသည်။

ယင်းပြိုင်ပွဲသို့ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်)ဦးညီညီ ဦးဆောင်၍ အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်း(အုပ်ချုပ်သူ)၊ အမှုဆောင်ဦးအောင်နိုင်(ဒိုင်)နှင့်အားကစားသမား အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ဝန်းရုံခ**

## နေ့သင်တန်းများဖွင့်လှစ်ကြောင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**
ကြေညာချက်

**နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ သင်တန်းများအားလုံးကို ၂၄-၁၁-၂၀၂၅ ရက်မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ရာ ၁၇-၁၁-၂၀၂၅ ရက်မှစတင်၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

**လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ☎ ၀၁-၈၆၆၆၆၁၉

မန္တလေး — ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ☎ ၀၂-၂၈၃၀၄၂၃

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် နိုဝင်ဘာ ၁၆**

ယနေ့နံနက် ၃ နာရီ ၄၀ မိနစ် ၁၈ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၂၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(မော်လိုက်မြို့၏ မြောက်-အရှေ့မြောက်ဘက် ၂၄ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၃ ဒသမ ၉၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ်၉၄ ဒသမ ၅၇ ဒီဂရီ၊အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **(မိုး/ဇလ)**

## နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**(မိုး/ဇလ)**

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ ပညာရေးကိုအားပေးစို့

ကိုအောင်(ထုတ်လုပ်)

ပညာရေးသည် လူတစ်ဦးချင်းစီ၏ဘဝအတွက်သာမက နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်အတွက်ပါ အရေးပါဆုံးသော အုတ်မြစ်တစ်ခုဖြစ်သည်။ ပညာရေးသည် လူသားတစ်ဦးကို မှန်ကန်သော အတွေးအခေါ်၊ အသိပညာ၊ ကျွမ်းကျင်မှုနှင့်ကိုယ်ကျင့်တရားတို့ဖြင့်ပြည့်စုံစေပြီး ပိုမိုကောင်းမွန်သော လူ့အဖွဲ့အစည်းတစ်ခုကို တည်ဆောက်ရန်အတွက် မရှိမဖြစ်လိုအပ်သောအရာဖြစ်သည်။ ပညာရေးသည် ရပ်တန့်၍ရသောအရာမဟုတ်။ လူတို့၏အသိပညာ၊ အတတ်ပညာကျွမ်းကျင်မှုနှင့် သဘောထားအယူအဆ၊ အမြင်တို့ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရသည့်ဖြစ်စဉ်တစ်ခုဖြစ်သဖြင့် လူငယ်များသည် မိမိတို့၏ဆန္ဒ၊ မိမိတို့၏ရည်ရွယ်ချက်ပန်းတိုင်သို့ အရောက်လှမ်းနိုင်ရန်အတွက် ကလေးဘဝမှစ၍ ပညာကို ဆည်းပူးလေ့လာရန်လိုအပ်သည်။

**အသိပညာနှင့် ကျွမ်းကျင်မှုများ တိုးတက်စေခြင်း**

ပညာရေးသည် စာဖတ်ခြင်း၊ ရေးသားခြင်း၊ သင်္ချာတွက်ချက်ခြင်း စသည့်အခြေခံပညာရပ်များမှစ၍ သိပ္ပံ၊ နည်းပညာ၊ အနုပညာ၊ စီးပွားရေး စသည့် ဘာသာရပ်အသီးသီးမှ အသိပညာများ ပေးစွမ်းသည်။ ထိုအသိပညာများသည် လူတစ်ဦးကို ဘဝတွင် အောင်မြင်စွာရပ်တည်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သည်။

**ဝေဖန်ပိုင်းခြားနိုင်သော အတွေးအခေါ်ကို မြှင့်တင်ပေးခြင်း**

ပညာသင်ကြားခြင်းဖြင့် လူတစ်ဦးသည် သတင်းအချက်အလက်များကို ရိုးရိုးရှင်းရှင်းလက်ခံရုံသာမကဘဲ အကျိုးသင့်အကြောင်းသင့် ဝေဖန်ပိုင်းခြားသုံးသပ်နိုင်စွမ်းကိုလည်းရရှိသည်။ မှန်ကန်သောဆုံးဖြတ်ချက်များချနိုင်ရန်နှင့် ပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် ဤစွမ်းရည်သည် အလွန်အရေးကြီးသည်။

**ကိုယ်ရည်ကိုယ်သွေးနှင့် ကိုယ်ကျင့်တရား တိုးတက်စေခြင်း**

ပညာရေးသည် စာသင်ခန်းထဲမှ သင်ခန်းစာများသက်သက်မဟုတ်ဘဲ လူမှုဆက်ဆံရေး၊ စည်းကမ်း၊ သည်းခံခြင်းနှင့်တာဝန်ယူမှု စသည့်ကိုယ်ကျင့်တရားဆိုင်ရာကဏ္ဍများကိုပါ သင်ကြားပေးသည်။ ၎င်းသည် လူတစ်ဦးကိုလူ့အဖွဲ့အစည်းနှင့် သဟဇာတဖြစ်အောင် နေထိုင်တတ်စေရန် ကူညီပေးသည်။

**စီးပွားရေးနှင့်လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုခြင်း**

ပညာတတ်လူ့အဖွဲ့အစည်းတစ်ခုသည် ဆန်းသစ်တီထွင်မှုများကိုဖန်တီးနိုင်ပြီး စီးပွားရေးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်နိုင်သည်။ ပညာရေးသည် ဆင်းရဲမွဲတေမှုကိုတိုက်ဖျက်နိုင်သည့် အစွမ်းထက်သောလက်နက်တစ်ခုဖြစ်ပြီး လူမှုဘဝအဆင့်အတန်းကိုလည်း မြှင့်တင်ပေးသည်။

နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကိုဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်သည် အဓိကကျသည်။ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းသို့ရောက်ရှိပါက အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်နှင့်အညီ ကျွမ်းကျင်တတ်မြောက်ရမည့် အသိပညာဗဟုသုတများ၊ အသိပညာ၊ အတတ်ပညာများကို ပြည့်စုံစေမည်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဘက်စုံပညာရေးသည် အရေးကြီးသည့်ကဏ္ဍတစ်ရပ်၌ပါဝင်နေပြီး ဘက်စုံပညာထူးချွန်သည့် လူ့စွမ်းအားအရင်းအမြစ်များသည် နိုင်ငံသားများ၏ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို ပိုမိုနားလည်သဘောပေါက်ကြသည်နှင့်အညီ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးတွင် ပိုမိုပူးပေါင်းပါဝင်နိုင်သည့် အင်အားစုများဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရမှ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဆောင်ရွက်လျက်ရှိရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့်ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးနိုင်သည့် ဘက်စုံ




ပညာရေးကဏ္ဍကိုမြှင့်တင်ရန် ဦးတည်ချက်ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပညာရေးဝန်ကြီးဌာနအောက်ရှိ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနက အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေအရွယ်တွင် ကျောင်းမနေခဲ့ရဘဲ စာတတ်မြောက်ခြင်းမရှိသေးသည့် ကျောင်းနေအရွယ်လွန်ကလေးများကို တစ်ယောက်မျှမကျန်ရအောင် ကောက်သင်းကောက်ယူပြီး စာသင်ပေးလျက်ရှိသည်။ ထိုသို့ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနက ဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းနေအရွယ်လွန်သက်ကြီးစာမတတ်သူများ လုံးဝပပျောက်သွားမည်ဖြစ်သည်။ ကျောင်းနေအရွယ်တွင် ကျောင်းနေခွင့်မရခဲ့သည့် စာမတတ်သူကျောင်းနေအရွယ်လွန်များ ပပျောက်သွားမှသာ စာမတတ်သူ လုံးဝပပျောက်သွားမည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းနေအရွယ်များအားလုံး ကျောင်းတက်ရောက်နိုင်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ပညာဆည်းပူးလေ့လာရာတွင် စာသင်ကျောင်းသည် အကောင်းဆုံး၊ အသင့်လျော်ဆုံးပညာသင်ယူရာနေရာဖြစ်၍ ပညာပေးရာစာသင်ကျောင်းသို့ ကျောင်းနေအရွယ်ကလေးအားလုံးရောက်ရန် အရေးကြီးပေသည်။ ပညာခေတ်တွင် မိမိတို့၏ရင်သွေးငယ်များ နောက်ကျကျန်ရစ်မှုမဖြစ်စေရန်၊ ဆုံးရှုံးနစ်နာမှုမဖြစ်စေရန် မိဘတို့ကဝတ္တရားရှိသည့်အတိုင်း ငယ်စဉ်ကတည်းက ပညာသင်ကြားနိုင်ရန် အခြေအနေကောင်းများကို ဖန်တီးပေးကြရမည်ဖြစ်သည်။ ပညာရှာလူငယ်များ၏ အနာဂတ်ကို အလေးထားလေးစားသောအားဖြင့် မပျက်မကွက်ကျောင်းအပ်နှံပေးကြရမည်ဖြစ်သည်။ ပညာရှာလူငယ်များအနေဖြင့်လည်း အပြိုင်အဆိုင်ပို၍မြင့်မားလာသော ယနေ့ကမ္ဘာတွင် သာမန်ထက်ထူးချွန်သည့် လူရည်ချွန်ပညာတတ်ကြီးများဖြစ်လာစေရန် ကိုယ်တိုင်ကြိုးစားလေ့လာသင်ယူကြရန် လိုအပ်သည်။ ပညာမရှိလျှင် မျက်မမြင်နှင့်အလားတူ၍ စမ်းတဝါးဝါးဖြင့် လိုရာမရောက်ဘဲ ဒုက္ခမျိုးစုံကြုံရသလို အရာရာတွင်ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်းမရှိသဖြင့် နောက်ဆုံးဒုက္ခအတွင်း၌သာ နစ်မြုပ်ရသည်။ ထို့ကြောင့် အရာရာတွင် အဆိုး၊ အကောင်း၊ အကျိုး၊ အကြောင်းကို ခွဲခြားသိတတ်သော ပညာရှိရန် လိုအပ်သည်။

ပညာရေးတိုးတက်စေရန်အတွက် နိုင်ငံတော်အစိုးရမှ ဦးစားပေးဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဇွန်လ ၂၅ ရက်ကကျင်းပသော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄ )ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲသည် "ဖြစ်ပေါ်တိုးတက်နေသည့် ကမ္ဘာ့အခြေအနေများအရ လူ့ဘဝရပ်တည်ရန်အတွက် လူတစ်ယောက်သည် အနည်းဆုံးအလယ်တန်းပညာအဆင့်အထိ တတ်သင့်ကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် လူတိုင်း KG+9 အထိ ပညာသင်ကြားရန် ဦးတည်ချက်ချမှတ်ထားကြောင်း၊ အဆိုပါဦးတည်ချက်ပေါက်မြောက်အောင်မြင်ရန် လူတိုင်း KG+9 အထိ ပြီးမြောက်အောင်မြင်ရေးအတွက် မသင်မနေရ သင်ကြားနိုင်ရေး၊ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး၊ အထူးသဖြင့် အခိုက်အတန့် ကျောင်းအပ်လျော့နည်းနေသည့် မူလတန်းအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးအတွက်ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဆရာ၊ ဆရာမများ၊ မိဘများ၊ ရပ်မိရပ်ဖများ ပူးပေါင်းပြီး လှုံ့ဆော်ခြင်း၊ စည်းရုံးခြင်း၊ ရှင်းပြခြင်း၊ အားပေးပံ့ပိုးခြင်း နည်းလမ်းအသွယ်သွယ်ဖြင့် စဉ်ဆက်မပြတ်ဆက်လက်ပြီး ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ တစ်ဖက်တွင်လည်း အလယ်တန်းနှင့် အထက်တန်းတွင် ကျောင်းဝင်နှုန်းတိုးမြင့်လာပြီး တန်းစဉ်ကူးပြောင်းမှုနှုန်းမြင့်မားလာသည်နှင့် ကျောင်းထွက်မှုနှုန်းလျော့နည်းသွားသည်ကိုလည်း တွေ့ရကြောင်း၊ အလယ်တန်းအဆင့် Grade 9 အောင်မြင်ပြီးမြောက်သူများအတွက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် သက်မွေးပညာရေးအပါအဝင် သင်ယူမှုအခွင့်အလမ်းများကို ယခုထက်ပိုမိုဖော်ထုတ်အားပေးသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း" ပြောကြားခဲ့သည်။

**ခေတ်မီပညာရေးနှင့် စိန်ခေါ်မှုများ**

ယနေ့ခေတ်တွင် ပညာရေးသည် ပုံသေသင်ကြားနည်းများမှသည် နည်းပညာအခြေပြုသင်ကြားနည်းများဆီသို့ တိုးတက်ပြောင်းလဲလာသည်။ အင်တာနက်နှင့် ဒစ်ဂျစ်တယ်နည်းပညာများကြောင့် အွန်လိုင်းသင်တန်းများ၊ အဝေးသင်ပညာရေးစနစ်များ ပေါ်ပေါက်လာပြီး ပညာသင်ယူခွင့်ကို ပိုမိုကျယ်ပြန့်လာစေသည်။ သို့သော်လည်း ခေတ်မီပညာရေးတွင် စိန်ခေါ်မှုများလည်းရှိနေသည်။ နည်းပညာကွာဟမှု (Digital Divide)၊ သင်ရိုးညွှန်းတမ်း ခေတ်နောက်ကျခြင်း၊ ခေတ်မီသင်ကြားရေးနည်းစနစ်များကို ကျွမ်းကျင်စွာအသုံးပြုနိုင်မည့် ဆရာ၊ ဆရာမများ ရှားပါးနေသေးခြင်း၊ ခေတ်မီပညာရေးကို အကောင်အထည်ဖော်ရန်အတွက် လုံလောက်သော ဘတ်ဂျက်နှင့် ရန်ပုံငွေများလိုအပ်ခြင်း စသည့်စိန်ခေါ်မှုများကိုဖြေရှင်းရမည်ဖြစ်သည်။

ပညာရေးသည် လူ့ဘောင်လောကကို ပြောင်းလဲစေနိုင်သော အစွမ်းအထက်ဆုံးကိရိယာဖြစ်သည်။ လူတိုင်းအတွက် အရည်အသွေးပြည့်ဝသော ပညာရေးကိုရရှိစေရန် ဆောင်ရွက်ပေးခြင်းသည် တိုင်းပြည်တစ်ပြည်၏အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်သည်။ ပညာရေးသည် အလင်းရောင်ဖြစ်ပြီး ထိုအလင်းရောင်ဖြင့် ကျွန်ုပ်တို့၏ဘဝနှင့် လူ့အဖွဲ့အစည်းကို ပိုမိုတောက်ပအောင်ဖန်တီးတည်ဆောက်နိုင်မည်ဖြစ်သောကြောင့် ပညာရေး၏တန်ဖိုးကို နားလည်ပြီး လူတိုင်းပညာတတ်စေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းကို တိုက်တွန်းရေးသားလိုက်ပါသည်။ ။

# အရာတော်မြို့နယ်၌ ပဲတီစိမ်းသီးနှံ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**အရာတော် နိုဝင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်းသီးနှံဧက ၄၁၉၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်အောက်တိုဘာလမှစတင်၍ စိုက်ပျိုးကြရာ ယနေ့အထိ ၁၁၀၇ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရသိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန် အရာတော်မြို့နယ်မှာ ပဲတီစိမ်းဧက ၄၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့အထိ ဧက ၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက်ဧကပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်နေတယ်။ပဲတီစိမ်းသီးနှံစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်နဲ့တစ်နှစ်တိုးတက်လာပါတယ်။ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိတယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိတယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးကပြောသည်။

ယခုနှစ် အရာတော်မြို့နယ်တွင် ပဲတီစိမ်းစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၀၉)

# တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာခြင်း

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်

သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများက တာဝန်ယူဖွင့်လှစ်သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ မကြာမီတွင် ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများသည် ရွေးကောက်ပွဲစတင်ကျင်းပမည့် ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် တက္ကသိုလ်၊ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ကျောင်းတက်ရောက်နေကြရမည်ဖြစ်ပါသည်။ အဆိုပါ ကျောင်းသား၊ ကျောင်းသူများအနက် မိမိတို့မဲစာရင်းပါရှိသည့် မဲဆန္ဒနယ်ပြင်ပတွင်ရှိသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ကောလိပ်များတွင်တက်ရောက်ကြရမည့်ကျောင်းသား၊ ကျောင်းသူများလည်း ပါဝင်မည်ဖြစ်ပါသည်။ မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသား၊ ကျောင်းသူများအနက် ရွေးကောက်ပွဲစတင်ကျင်းပမည့် ၂၈-၁၂-၂၀၂၅ ရက်နေ့တွင်အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေအရဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်ပါက မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာကျောင်းများသို့မသွားရောက်မီ မိမိတို့၏ မဲစာရင်းပါရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် ၁၇-၁၁-၂၀၂၅ ရက်နေ့မှ ၂၁-၁၁-၂၀၂၅ ရက်နေ့အထိ နံနက် ၀၉၀၀ နာရီမှ ညနေ ၁၆၃၀ နာရီအတွင်း မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှထုတ်ပေးသည့်ကျောင်းသားစိစစ်ရေးကတ်သို့မဟုတ်ကျောင်းဝင်ခွင့်အထောက်အထားတို့ကို ပြသ၍ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်းအသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပဲခူးမြို့ တန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲနှင့် တေးဂီတဖျော်ဖြေပွဲကျင်းပ

ပဲခူး နိုဝင်ဘာ ၁၆

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး ယာဉ်ရပ်နားကွင်းအတွင်း၌ ရာသီဥတုအခြေအနေကြောင့် ရက်ပြောင်းရွှေ့ကျင်းပခဲ့ရသည့် တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲနှင့် တေးဂီတဖျော်ဖြေပွဲကို ယမန်နေ့ညပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အထိမ်းအမှတ်အရုပ်များ၊ သင်္ကေတများ၊ စာတန်းများပါရှိသည့် စိန်နားပန်မီးပုံးကြီးများနှင့်ရောင်စုံမီးပုံးပျံအသေးများ လွှတ်တင်ပူဇော်နေမှု၊ မီးရှူးမီးပန်းများ ပစ်ဖောက်နေမှုတို့ကိုကြည့်ရှုအားပေးကြသည်။



ထို့နောက် တန်ဆောင်တိုင်ပွဲတော် တေးဂီတဖျော်ဖြေမှုအား ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် နိုင်ငံကျော် အဆိုတော်/သရုပ်ဆောင်များနှင့် တေးသံရှင်များ၏ သီဆိုဖျော်ဖြေတင်ဆက်မှုအား ပြည်သူများနှင့်အတူ ကြည့်ရှုအားပေးပြီး တန်ဆောင်တိုင်ပွဲတော်ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုငွေများပေးအပ်ကြောင်း သိရသည်။

(၄၀၁)

# ကျေးရွာဘက်စုံသုံးခန်းမဖွင့်ပွဲကျင်းပ

မကွေး နိုဝင်ဘာ ၁၆

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ယင်းသာစည်(အနောက်) SMART Village ကျေးရွာ၌ ဘက်စုံသုံးခန်းမဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၁၅ ရက်နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးတရားသူကြီးချုပ် ဒေါ်မိမိမော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းသိန်း၊ သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှု၊ ကွန်ကရစ်လမ်းဆောင်ရွက်ပြီးစီးမှု၊ နေအိမ်သုံးဇီဝဓာတ်ငွေ့ကန်တည်ဆောက်ထားမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဖွင့်ပွဲအထိမ်းအမှတ်အခမ်းအနားကို ဘက်စုံသုံးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦးက SMART Village စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်ပေးသွားမည့်လုပ်ငန်းများအား ရှင်းလင်းပြောကြားပြီး ကျေးရွာမှ တာဝန်ရှိသူများက လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။



အဆိုပါ ဘက်စုံသုံးခန်းမမှာ အလျားပေ ၆၀၊ အနံ ၃၆ ပေ၊ အမြင့် ၁၂ ပေရှိပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် SMART Village စီမံကိန်းခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၉ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၆၀ ဒသမ ၁ သိန်း စုစုပေါင်းရန်ပုံငွေကျပ် သိန်း ၈၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများ၏ နည်းပညာအကူအညီဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်ခဲ့ရာ ယခုအခါရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ ငြိမ်းသူ

# အသည်းကြားက မဲတစ်ပြား

❖ ပါတီစုံ ရွေးကောက်ပွဲ
ဝင်ရောက်နွှဲ မဲပေးမည်။
တို့နိုင်ငံ အနာဂတ်အရေး
ရွေးချယ်ပေးကောင်းဖို့ရည်။
စစ်မှန်သည့် ဒီမိုကရေစီ
ပြည့်ဝမည် ယုံကြည်ချက်။
ရည်ရွယ်ကာ ပြည်ထောင်လမ်းမို့
မျှော်မှန်းဆောင်ရွက်။

❖ ပြည်သူတွေ ပူးပေါင်းစို့
အထူးကောင်းဖို့ ရှေ့ဆက်ချီ။
ဒီဇင်ဘာ နှစ်ဆယ့်ရှစ်
သမိုင်းသစ်ဖွင့်လှစ်ပြီ။
မဲရုံသို့ သွားကြမည်
ဆန္ဒအညီ ရွေးချယ်ပေး။
ကိုယ်ကြိုက်ရာ မဲထည့်ကြစို့
ပြည်လှဖို့အရေး။

❖ ပြည့်လူထု ဆန္ဒအမှန်
အမှန်ပြရန် အချိန်ကောင်းမို့။
ထပ်လောင်းကာ အသိပေးတယ်
ပြည့်ရေးတွက်မို့။

❖ ၁၈ နှစ်ပြည့် ကိုက်ညီသူတွေ
သွားမည်အတူလေ မဲရုံသို့။
အထွေထွေရွေးကောက်ပွဲမှာ
မဲပေးကြစို့။ ။

အောင်နိုင်သူ(ဇွဲကပင်)

## သဇင်(FM)အသံလွှင့်အစီအစဉ် ၁၇-၁၁-၂၀၂၅(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Sport News |
| ၂။ | ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် |
| ၃။ | ၁၅:၀၀ | Jumping For You |
| ၄။ | ၁၆:၄၀ | I Music |
| ၅။ | ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၆။ | ၂၂:၂၀ | Goodnight Listeners |

## MWD Variety Channel
၁၇-၁၁-၂၀၂၅(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၂၀ | သတိမမူ ဂူမမြင် |
| ၂။ | ၁၀:၄၅ | Countries of the World |
| ၃။ | ၁၁:၃၀ | သောတဆင်စရာ တေးမြန်မာ |
| ၄။ | ၁၆:၃၀ | စိတ်ဝင်စားဖွယ်ရာ တိရစ္ဆာန်ကမ္ဘာ |
| ၅။ | ၁၇:၄၅ | ပရိသတ်အတွက် ကဗျာလက်ဆောင် |
| ၆။ | ၂၁:၃၀ | Knowledge Note |

★ **စာမျက်နှာ ၁၇ မှအဆက်**

စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအခြေခံပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထိုသို့ဖွင့်လှစ်ရာတွင် မွေးမြူရေးပညာရပ်အတွက် တက်ရောက်သည့်ကျောင်းသား၊ ကျောင်းသူဦးရေမှာ နည်းပါးလျက်ရှိကြောင်း၊ အဆိုပါစိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအခြေခံပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် ဒေသ၏ကုန်ထုတ်လုပ်ငန်းများအတွက် မဖြစ်မနေလိုအပ်သည့် လူသားအရင်းအမြစ်များကို ရရှိမည်ဖြစ်ကြောင်း၊ စားရေရိက္ခာဖူလုံရေး၌ အရေးပါသည့် အသား၊ ငါး၊ ဥများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် သက်သာသောဈေးနှုန်းရရှိစေရေး မွေးမြူရေးလုပ်ငန်းသည် အရေးကြီးကြောင်း၊ ဒေသအတွက်လိုအပ်သည့်အသား၊ ငါးနှင့်ဥများကို လုံလောက်စွာထုတ်လုပ်နိုင်မည်ဆိုပါက အသား၊ ငါးနှင့်ဥများ၏ ဈေးနှုန်းများတည်ငြိမ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျတိုးချဲ့ဆောင်ရွက်သွားကြရန် လိုသကဲ့သို့ မီးဖိုချောင်သုံးသီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးသွားကြရန်လိုကြောင်း၊ ဒေသမှထွက်ရှိသည့် အသား၊ ငါးများကို အေးခဲအသား၊ ငါးများအဖြစ် အဆင့်မြှင့်ကုန်ချောထုတ်ကုန်များပြုလုပ်ကာ ဈေးကွက်လိုအပ်ချက်ရှိသည့် ပြည်ပနိုင်ငံများသို့တင်ပို့နိုင်မည်ဆိုပါကလည်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း။

ထိုကဲ့သို့ ကုန်ထုတ်လုပ်ငန်းများအောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အသိပညာ၊ အတတ်ပညာ ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပညာရေးအထူးအလေးပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မွန်ပြည်နယ်အနေဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားသော်လည်း တန်းစဉ်ကူးပြောင်းမှုရာခိုင်နှုန်းမှာ နည်းပါးနေသေးသဖြင့် အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ တန်းစဉ်ကူးပြောင်းမှုရာခိုင်နှုန်းများ ယခင်ကထက်မြင့်မားလာစေရေး၊ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ရောက်ပညာသင်ယူနိုင်ရေး အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်မြင်မှုမရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ၊ အခြေခံပညာအလယ်တန်းအဆင့်ပြီးဆုံးသည်အထိသာကျောင်းတက်ရောက်ခဲ့ရသူများကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုလမ်းစဉ်များတွင် တစ်ဖက်တစ်လမ်းမှ အားဖြည့်ပါဝင်နိုင်ရေး စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာပညာရပ်များအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် Polytechnic ကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ပညာရေးနှင့်ဆက်စပ်၍ တက္ကသိုလ်များ၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများ၌ အားကစားကို အဆင့်မီမီဆောင်ရွက်နိုင်ရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာသင်ယူရုံသာမကဘဲ ကိုယ်လက်လှုပ်ရှားအားကစားကိုလည်းဆောင်ရွက်မှသာလျှင် ကျန်းမာကြံ့ခိုင်သန်စွမ်းသည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများထွက်ပေါ်လာမည်ဖြစ်ကြောင်း၊ သင်ကြားရေးတာဝန်ယူထားရသည့် ဆရာ၊ ဆရာမများအနေဖြင့်လည်း မိမိတို့၏ တပည့်သားသမီးများ အမှန်တကယ် စာတတ်မြောက်စေရေး၊ အနာဂတ်ဘဝလမ်းခရီးကို ပညာရပ်များအသုံးချ၍ ပင်ပန်းကြောင့်ကြမှုကင်းစွာဖြတ်သန်းသွားနိုင်ရေး အခြေခံအုတ်မြစ်ကောင်းများ ချမှတ်ပေးနိုင်ရမည်ဖြစ်ကြောင်း။

နယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းမှုအားနည်းလာသဖြင့် အချို့သောနယ်စပ်ဂိတ်များကို ပိတ်ထားရကြောင်း၊ အချို့သောဝန်ထမ်းများ၊ နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှုမရှိဘဲ ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက် တရားမဝင်ကုန်သွယ်မှုများတွင် ပါဝင်ပတ်သက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ တရားမဝင်ကုန်သွယ်မှုများဆောင်ရွက်ခြင်းဖြင့် နယ်စပ်ဒေသများရှိ လက်နက်ကိုင်အဖွဲ့အစည်းများကို သက်ဆိုးရှည်စေနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်အနေဖြင့်လည်း ရသင့်ရထိုက်သည့် အခွန်အခများရရှိမှုမရှိသည့်အတွက် ထိခိုက်နစ်နာရလျက်ရှိကြောင်း၊ အလားတူ နယ်စပ်ဒေသများ၌ အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) ကျူးလွန်နေသူများ မရှိစေရေး အလေးထားဆောင်ရွက်လျက်ရှိပြီး ၎င်းတို့အခြေပြုဆောင်ရွက်လျက်ရှိသည့် အခြေခံအဆောက်အဦများကိုပါ ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍အမြစ်ပြတ်ချေမှုန်းရှင်းလင်းသွားမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် မွန်ပြည်နယ်အတွင်း ဧရတ်ကောင်းစိုက်ပျိုးမှုကို အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် နိုင်ငံ၏စီးပွားရေး ပိုမိုတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ကော်ဖီနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် ကုန်းမြင့်ကော်ဖီများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသကဲ့သို့ မြေနိမ့်ကော်ဖီဖြစ်သည့် (ရိုဘတ်စတာမျိုး)များ စိုက်ပျိုးဖြစ်ထွန်းသည်ကိုတွေ့ရကြောင်း၊ မွန်ပြည်နယ်တွင် စိုက်ပျိုးထားရှိပြီးဖြစ်သည့် ရော်ဘာ၊ မင်းကွတ်၊ ဒူးရင်းစသည့် နှစ်ရှည်ပင်များအတွင်း မြေနိမ့်ကော်ဖီကို သီးညှပ်စိုက်ပျိုးသွားမည်ဆိုပါက ဝင်ငွေများစွာတိုးတက်ဖြစ်ထွန်းလာစေနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် သုံးရေရရှိစေရေးအတွက်လည်း မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုများဖြစ်ပေါ်စေရေး ဖြစ်သင့်ဖြစ်ထိုက်သည့် နည်းလမ်းများနှင့် အကြံပြုချက်များ၊ လမ်းညွှန်ချက်များပေးခဲ့ပြီး ဖြည့်ဆည်းပေးရန်လိုအပ်သည်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်း၏အသီးအပွင့်များကို အမှန်တကယ် အကျိုးခံစားရမည်မှာ ၎င်းဒေသတွင်နေထိုင်သည့် ဒေသခံများပင်ဖြစ်ကြောင်း၊ လူတစ်ဦးစီ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မှု၊ ဒေသတစ်ခုချင်းစီအလိုက် ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် နိုင်ငံ့စီးပွားရေးအားသည်လည်း ကောင်းလာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မွန်ပြည်နယ်အနေဖြင့်လည်း မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက်ထားတိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ်အစိုးရအဖွဲ့၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ရာမညအားကစားကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်ခန်းမတွင် ပြည်နယ်လူမှုရေးရာဝန်ကြီးက ရာမညအားကစားကွင်းတည်ဆောက်ထားရှိမှုအခြေအနေများ၊ ပြည်နယ်ကျောင်းသားအားကစားကွင်းတည်ဆောက်ထားရှိမှုအခြေအနေများ၊ လူငယ်စင်တာဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပြည်နယ်အားကစားဥယျာဉ် တည်ဆောက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သိရှိလိုသည်များ ပြန်လည်မေးမြန်းပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နောင်တွင်ဖြစ်ပေါ်လာနိုင်မည့် အခြေအနေအရပ်ရပ်ကိုပါ ထည့်သွင်းတွက်ချက်၍ ရေရှည်အကျိုးဖြစ်စေသည့် ဆောင်ရွက်မှုများဖြစ်ရန်လိုကြောင်း၊ အားကစားကွင်းများသည်အဆင့်မီရမည်ဖြစ်ပြီး အားကစားသမားများအနေဖြင့် အဆင့်အတန်းရှိစွာဖြင့် ကစားနိုင်သည့် အနေအထားဖြစ်ရန်လိုသကဲ့သို့ ပွဲကြည့်ပရိသတ်များအနေဖြင့်လည်း ပြည်နယ်အဆင့်နှင့်လျော်ညီစွာ ကြည့်ရှုအားပေးနိုင်ရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ရာမညအားကစားကွင်းအား ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ပညာရေးဒီဂရီကောလိပ်အတွင်း မော်တော်ယာဉ်များဖြင့်လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# တနင်္သာရီတိုင်းဒေသကြီးအတွင်း ယခုနှစ်မိုးရာသီက စိုက်ပျိုးခဲ့သည့် မိုးစပါးများ စတင်ရိတ်သိမ်း

မြိတ် နိုဝင်ဘာ ၁၆

တနင်္သာရီတိုင်းဒေသကြီးအတွင်း ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် စပါးဧကနှစ်သိန်းကျော်စိုက်ပျိုးနိုင်ခဲ့ပြီး စတင်ရိတ်သိမ်းနေပြီဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီး၌ ၂၀၂၄ - ၂၀၂၅ ခုနှစ်က မိုးစပါး ၂၂၃၉၆ ဧကစိုက်ပျိုးနိုင်ခဲ့ကာ တစ်ဧကအထွက်နှုန်း ၇၃ ဒသမ ၂ တင်းထွက်ရှိခဲ့ပြီး ၂၀၂၅-၂၀၂၆ ခုနှစ်တွင် မိုးစပါး ၂၂၂၂၉၁ ဧကစိုက်ပျိုးနိုင်ခဲ့ကာ အောက်တိုဘာလနောက်ဆုံးပတ်မှ စတင်ရိတ်သိမ်းလျက်ရှိကြောင်းသိရသည်။

ယခုအခါ ရင့်မှည့်စပါးခင်းများကို အချိန်တိုအတွင်း ရိတ်သိမ်းနိုင်ရေးအတွက် ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ဆောင်ရွက်စေခြင်း၊ ရိတ်သိမ်းပြီးစပါးများကို အမိုးအကာအောက်သို့ အမြန်ဆုံးသယ်ယူအခြောက်ခံနိုင်ရန် ထားဝယ်ခရိုင်နှင့် မြိတ်ခရိုင်တို့ရှိ အခြောက်ခံစက်များ၌ အခြောက်ခံစေခြင်းနှင့် မိုးရွာသွန်းပါက အကျိုးဆောင်တောင်သူများ၏ရိတ်သိမ်းဆဲသီးနှံများ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရန် သတိပေးနှိုးဆော်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မိုးစပါးရိတ်သိမ်းအပြီးတွင် ဆောင်းသီးနှံများအဖြစ် နှမ်းဧက ၉၆၀၊ နေကြာ ၂၁၉ ဧက၊ မြေပဲ ၁၀ ဧက၊ အစေ့ထုတ်ပြောင်း ဧက ၁၅၀ နှင့် တခြားစားဖိုဆောင်သီးနှံများ စိုက်ပျိုးမည်ဖြစ်သည်။



တနင်္သာရီတိုင်းဒေသကြီးအတွင်း စိုက်ဧကများပြီး စီးပွားဖြစ်ထွန်းသည့် စပါး၊ မတ်ပဲ၊ အစေ့ထုတ်ပြောင်း၊ နှမ်း၊ ရော်ဘာ၊ ဆီအုန်း၊ ကွမ်းသီး၊ ကော်ဖီ၊ ကိုကိုး၊ သီဟိုဠ်၊ ဒူးရင်း၊ ဝဥနှင့် အုန်းတို့ကို ပန်းတိုင်သီးနှံ ၁၃ မျိုးအဖြစ် တင်ပြထားပြီးဖြစ်ရာ အဆိုပါသီးနှံများ၏ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရမည့်နည်းပညာနှင့် အတွေ့အကြုံများကို တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့်ဆင့် အသိပညာပေးဆွေးနွေးပို့ချလျက်ရှိကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး အတွင်း၌ အဓိကစိုက်ပျိုးသည့် စပါးမျိုးများမှာ ဆင်းသုခ၊ ကျော်ဇေယျ၊ ဆင်းသွယ်လတ်၊ မနောသုခ၊ ရွှေဝါထွန်း စသည့်စပါးမျိုးများဖြစ်ကြောင်းသိရသည်။

မြင့်ဦး(မြိတ်)

## ထူးခြားသည့် ညအပူချိန်များ

၁၆-၁၁-၂၀၂၅

| | |
|---|---|
| ဟားခါး | ၄ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| တီးတိန် | ၇ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၉ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |
| ဟုမ္မလင်း | ၁၀ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |
| နမ့်စန် | ၁၀ ဒသမ ၆ ဒီဂရီဆဲလ်စီးယက် |
| ရှမ်းပြည်နယ်(တောင်ပိုင်း) | |
| လားရှိုး | ၁၁ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| မိုင်းယန်း | ၁၁ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| မင်းကင်း | ၁၂ ဒသမ ၁ ဒီဂရီဆဲလ်စီးယက် |
| ပြင်ဦးလွင် | ၁၃ ဒသမ ၆ ဒီဂရီဆဲလ်စီးယက် |




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မွန်ပြည်နယ်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

## မော်လမြိုင်ကမ်းနားလမ်းတစ်လျှောက် ပြည်သူများ လွတ်လပ်စွာအပန်းဖြေအနားယူနိုင်ရေးအတွက် လူသွားလမ်းအားအဆင့်မြှင့်တင်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်နိုင်သည့်နေရာများကို တည်ဆောက်ပေးသွားမည်ဖြစ်၊ မော်လမြိုင်လေဆိပ်တိုးချဲ့နိုင်ရေးနှင့် ပြည်တွင်းလေကြောင်းလိုင်းများအနေဖြင့် မော်လမြိုင်လေဆိပ်သို့ ဆင်းသက်ပြေးဆွဲလျက်ရှိပြီး ထပ်မံတိုးချဲ့ပြေးဆွဲနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ

★ ရှေ့ဖုံးမှအဆက်

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မွန်ပြည်နယ်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ MSME လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ဒေသဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များအား ရှင်းလင်းတင်ပြ

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေး ဆောင်ရွက်လျက်ရှိမှု၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှုနှင့် ရော်ဘာထုတ်လုပ်မှုများ တိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှု၊ ရေထွက်ကုန်များ ထုတ်လုပ်လျက်ရှိမှုနှင့် နေလှန်းဆားများ ထုတ်လုပ်၍ ပြည်ပသို့တင်ပို့နေမှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ စက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် MSME ထုတ်ကုန်များ ပြပွဲ၊ ပြိုင်ပွဲများကျင်းပပြုလုပ်လျက်ရှိမှု၊ ပြည်နယ်အတွင်း ပညာရေးကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်လျက်ရှိမှု၊ စက်မှု၊ စိုက်ပျိုးမွေးမြူရေးသင်တန်းကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိမှု၊ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိမှု၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) များဖြင့် ဆန္ဒမဲပေးမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား ပြခန်းတစ်ခုချင်းစီအလိုက် ခင်းကျင်းပြသထားမှုကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။

ထို့နောက် မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များက ခရီးသွားလာမှုများပြားသည့် ပြည်နယ်ဖြစ်သည့်အတွက် ဟိုတယ်နှင့် တည်းခိုခန်းများတွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစနစ်အသုံးပြု၍ လျှပ်စစ်မီးပေးနိုင်ရေး ရင်းနှီးမတည်ငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်ပေးစေလိုမှု၊ မွန်ပြည်နယ်အတွင်း၌ ခရီးစဉ်ဒေသများစွာဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်ထားရှိသဖြင့် လေကြောင်းခရီးစဉ် တိုးချဲ့ပျံသန်းပြေးဆွဲပေးစေလိုမှု၊ မျိုးစေ့ထုတ်စိုက်ခင်းများတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မျိုးသန့်မျိုးပွားမျိုးစေ့(RS)များ ပံ့ပိုးပေးစေလိုမှု၊ ရော်ဘာစိုက်ပျိုးမှုလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးတို့အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးမွေးမြူရေးချေးငွေများ ထပ်မံထုတ်ပေးစေလိုမှု၊ ပြည်နယ်အတွင်း ဆန်စက်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးကူညီပေးစေလိုမှုနှင့် အခြားလိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

### တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေး

တင်ပြမှုများနှင့်ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဟိုတယ်လုပ်ငန်းရှင်များ၏ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ထုတ်ချေးငွေများရရှိစေရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ လေကြောင်းခရီးစဉ်တိုးချဲ့ပျံသန်းပြေးဆွဲနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ စပါးမျိုးသန့်မျိုးပွားမျိုးစေ့များ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများအတွက် လိုအပ်သည့်ရင်းနှီးမတည်ငွေများကို ထုတ်ချေးပေးထားပြီး ထပ်မံလိုအပ်မှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ကျေးရွာချင်းဆက်လမ်းအား အဆင့်မြှင့်တင်မှုများဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍ အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည့်အခြေအနေများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးတင်ပြသည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရာမညအားကစားကွင်းအား ကြည့်ရှုစစ်ဆေးစဉ်။

**❖ နိုင်ငံတော်မှထုတ်ချေးပေးထားသည့် ရင်းနှီးမတည်ငွေများကိုလည်း သတ်မှတ်ထားသည့် အချိန်ကာလအတွင်း စနစ်တကျပြန်လည်ပေးဆပ်ကြရန်လည်းလို . . .**

**❖ မိမိတို့နိုင်ငံတွင် စပါးစိုက်ပျိုးမှုအပါအဝင် ပန်းတိုင်ရည်မှန်းချက်ပေးထားသည့်သီးနှံများ တစ်ဧကအထွက်နှုန်းပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိသဖြင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ၈ ဘီလီယံခန့်ဆုံးရှုံးနေရ၊ ထို့ကြောင့် တစ်ဧကအထွက်နှုန်းများတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြစေလို . . .**

**❖ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် မွန်ပြည်နယ်အတွင်း ဇရတ်ကောင်းစိုက်ပျိုးမှုကို အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် နိုင်ငံ၏စီးပွားရေးပိုမိုတိုးတက်လာနိုင်မည်ဖြစ်၊ မိမိတို့နိုင်ငံတွင် ကုန်းမြင့်ကော်ဖီများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသကဲ့သို့ မြေနိမ့်ကော်ဖီဖြစ်သည့် (ရိုဘတ်စတာမျိုး)များစိုက်ပျိုးဖြစ်ထွန်းသည်ကိုတွေ့ရ၊ မွန်ပြည်နယ်တွင် စိုက်ပျိုးထားရှိပြီးဖြစ်သည့် ရော်ဘာ၊ မင်းကွတ်၊ ဒူးရင်း စသည့်နှစ်ရှည်ပင်များအတွင်း မြေနိမ့်ကော်ဖီကို သီးညှပ်စိုက်ပျိုးသွားမည်ဆိုပါက ဝင်ငွေများစွာတိုးတက်ဖြစ်ထွန်းလာစေနိုင်မည်ဖြစ် . . .**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများအတွက် လိုအပ်သည့် ရင်းနှီးမတည်ငွေများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထုတ်ချေးပေးထားပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ထပ်မံလိုအပ်သည့် ရင်းနှီးမတည်ငွေများကိုလည်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ မျိုးကောင်းမျိုးသန့်များ လုံလောက်စွာရရှိစေရေး တောင်သူများလက်ဝယ်သို့ ဖြန့်ဖြူးပေးလျက်ရှိမှု၊ မွန်ပြည်နယ်အတွင်း မြေနိမ့်ကော်ဖီ (ရိုဘတ်စတာမျိုး)များ စိုက်ပျိုးဖြစ်ထွန်းနိုင်သဖြင့် စိုက်ပျိုးဆောင်ရွက်သွားကြရန်လိုအပ်မှု၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ဒေသနှင့်ကိုက်ညီသည့် မျိုးများဖြစ်စေရေး ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ရော်ဘာအထွက်နှုန်း ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိမှု၊ လူသားအရင်းအမြစ်များမွေးထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိမှု၊ မွန်ပြည်နယ်အတွင်း သစ်တောဖုံးလွှမ်းမှုများလျော့ကျလျက်ရှိမှု၊ ကမ်းရိုးတန်းဒီရေတောများ ပိုမိုတိုးချဲ့စိုက်ပျိုးပေးနိုင်မှု၊ သစ်တော၊ သစ်ပင်များ ပြုန်းတီးမှုမရှိစေရေး သစ်ပင်သစ်တောများတိုးချဲ့စိုက်ပျိုးလျက်ရှိမှု၊ မွန်ပြည်နယ်အတွင်း ဝါးများပေါကြွယ်ဝစွာပေါက်ရောက်သည့်အတွက် ဝါးကိုအခြေခံသည့် ထုတ်ကုန်များကိုထုတ်လုပ်နိုင်မှု၊ ပြည်သူများ၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးဆောင်ရွက်ပေးလျက်ရှိမှုနှင့် အခြားသက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

### မွန်ပြည်နယ်ရှိ ဒေသခံများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးနှင့် ဒေသစီးပွားရေးကောင်းမွန်ရေးအတွက် ဆွေးနွေးမှာကြား

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယခုတစ်ကြိမ် မော်လမြိုင်ခရီးစဉ်၌မော်လမြိုင်ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုကို သိသာစွာမြင်တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ မွန်ပြည်နယ်သည် စီးပွားရေး တိုးတက်ကောင်းမွန်သည့်ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ မွန်ပြည်နယ်အတွင်း ပြည်တွင်းပြည်ပခရီးသွားများအား ဆွဲဆောင်နိုင်သည့်နေရာများစွာရှိကြောင်း၊ ထို့ကြောင့် "အိမ်သာမှ ဧည့်လာမည်" ဆိုသည့်အတိုင်း မိမိတို့မြို့ရွာပတ်ဝန်းကျင်များ သန့်ရှင်းသာယာလှပအောင်ဆောင်ရွက်သွားကြရန် လိုကြောင်း၊ အလားတူ ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံများလည်း များစွာရှိသဖြင့် ပြန်လည်ပြုပြင်ထိန်းသိမ်း၍ ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လေ့လာနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း။

မော်လမြိုင်ကမ်းနားလမ်းတစ်လျှောက် ပြည်သူများ လွတ်လပ်စွာအပန်းဖြေအနားယူနိုင်ရေးအတွက် လူသွားလမ်းအားအဆင့်မြှင့်တင်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်နိုင်သည့် နေရာများကို တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ မော်လမြိုင်လေဆိပ် တိုးချဲ့နိုင်ရေးနှင့် ပြည်တွင်းလေကြောင်းလိုင်းများ အနေဖြင့် မော်လမြိုင်လေဆိပ်သို့ ဆင်းသက်ပြေးဆွဲလျက်ရှိပြီး ထပ်မံတိုးချဲ့ပြေးဆွဲနိုင်ရေးအတွက်လည်း မိမိတို့အနေဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မီးရထားပို့ဆောင်မှုကဏ္ဍမြှင့်တင်နိုင်ရေးအတွက်လည်း ရထားလမ်းများအဆင့်မြှင့်တင်ခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော် အချို့သော အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ကုန်စည်စီးဆင်းမှုကို အနှောင့်အယှက်ဖြစ်စေလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်အခြေခံအဆောက်အဦများ ဖြည့်ဆည်းတည်ဆောက်ပေးလျက်ရှိသော်လည်း အဖျက်သမားအချို့ကြောင့် တည်ဆောက်ပြီး လမ်း၊ တံတား၊ အဆောက်အဦများ ပျက်စီးခဲ့ရမှုများရှိကြောင်း၊ ၎င်းတို့ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးခဲ့ရသည်များကို ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေရသဖြင့် နိုင်ငံတော်ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် နှောင့်နှေးနေရကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သည့်နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကိုလည်း ထပ်မံထုတ်ချေးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်မှထုတ်ချေးပေးထားသည့် ရင်းနှီးမတည်ငွေများကိုလည်း သတ်မှတ်ထားသည့်အချိန်ကာလအတွင်း စနစ်တကျပြန်လည်ပေးဆပ်ကြရန်လည်းလိုကြောင်း။

မိမိတို့အနေဖြင့် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အားပေးကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန် လိုသကဲ့သို့ မွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျဖြင့် ဆောင်ရွက်သွားရန် လိုကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ ထိုက်သင့်သည့်ဈေးနှုန်းများဖြစ်စေရေး မိမိတို့အနေဖြင့် စီမံဆောင်ရွက်ပေးထားကြောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များလျော့နည်းလာမည်ဆိုပါက ပြည်တွင်းကုန်ဈေးနှုန်းများလည်း ကျဆင်းလာမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသတွင်းလိုအပ်သည့် ရောင်းလိုအားနှင့် ဝယ်လိုအားကိုတွက်ချက်၍ ကုန်ထုတ်လုပ်မှုများကို စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ ထိုမှတစ်ဆင့် ပိုလျှံသည့်ထုတ်ကုန်များကို အခြားဒေသများနှင့် ပြည်ပနိုင်ငံများသို့တင်ပို့နိုင်သဖြင့် ဒေသဝင်ငွေတိုးတက်မှုကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

စပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ တစ်ဧကအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းဝမ်းစာဖူလုံမှုကို များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စပါးစိုက်ပျိုးမှုအပါအဝင် ပန်းတိုင်ရည်မှန်းချက်ပေးထားသည့်သီးနှံများ တစ်ဧကအထွက်နှုန်းပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိသဖြင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ၈ ဘီလီယံခန့် ဆုံးရှုံးနေရကြောင်း၊ ထို့ကြောင့် တစ်ဧကအထွက်နှုန်းများတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ စပါးတစ်ဧကအထွက်နှုန်းပြည့်မီရေးအတွက် နည်းစနစ်တကျစိုက်ပျိုးရန်လိုပြီး ပင်ကြားတန်းကြားများ ပြည့်မီအောင်စိုက်ပျိုးကြရန်လိုကြောင်း၊ မျိုး၊ မြေ၊ ရေ၊ နည်း စသည့် ၄ မျိုးကို စနစ်တကျအသုံးချ၍ စိုက်ပျိုးဆောင်ရွက်သွားမည်ဆိုပါက တစ်ဧကအထွက်နှုန်းများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း။

မွန်ပြည်နယ်နှင့်ပတ်သက်၍ ခရိုင်များအလိုက်

**စာမျက်နှာ ၁၅ သို့** ✭

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing mets with officials from the State, District, and Township level departments, along with town elders, in Mon State to discuss regional development





Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing delivers a speech at the meeting with town elders and officials in Mawlamyine.

NAY PYI TAW November 16

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing met with Mon State-level, District-level, and Township-level departmental officials and local town elders at the State Hall in Mawlamyine this morning to discuss regional development matters.



Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing inspects regional products displayed at the meeting with town elders and officials in Mawlamyine.

Also present at the meeting were Commission Secretary Joint Executive Chief General Ye Win Oo, Union Ministers, Chief Minister of Mon State U Aung Kyi Thein, senior military officers from the Commander-in-Chief of Defence Services Office, the Commander of the South East Command, Deputy Ministers, Mon State, District, and Township-level departmental officials, town elders, MSME (Micro, Small, and Medium Enterprises) entrepreneurs, and invited guests from Mon State.

**A presentation detailing the implementation of regional development and the required necessities**

First, U Aung Kyi Thein, the Chief Minister of Mon State, presented a briefing on the state of development in the agriculture sector; efforts to develop the industrial sector and increase rubber production; the output of fishery products and the export of solar-dried salt; activities to promote MSME development; the ongoing industrial activities and the hosting of MSME product exhibitions and competitions; efforts to improve the education sector within the State; student attendance at industrial, agriculture, and livestock training schools; activities to enhance the health sector; preparations for the successful holding of the multi-party democracy general election; and the execution of public awareness activities regarding voting with the Myanmar Electronic Voting Machine (MEVM).

Next, the town elders and entrepreneurs presented their needs, requesting low-interest capital funding to install solar power generation systems to supply electricity to hotels and guesthouses, given that the State is a highly visited area. They also requested the expansion of flight routes because the State attracts domestic and international tourists with numerous destinations. Other requests included the provision of pure, breeder seeds (RS) to expand seed-producing farms, the issuance of additional agricultural and livestock loans from the State Economic Promotion Fund to further expand rubber cultivation and livestock breeding, and support from the State Economic Promotion Fund to increase rice mill operations within the State, along with other necessities.

See Page - 19

■■ From Page - 18

**The Chief Minister of Mon State and the Union Ministers then provided explanations and discussed the points raised in the presentations**

Regarding the presentations, the Chief Minister of Mon State supplemented the discussion by elaborating on the arrangements for providing the necessary loans to hotel entrepreneurs for solar power generation systems in accordance with the procedures, the ongoing plans to expand flight routes, the measures being taken to ensure a sufficient supply of pure breeder paddy seeds, the current issuance of capital loans for agriculture, livestock, and MSME sectors and the steps to process further loan requirements according to the procedures, and the ongoing and future plans for upgrading rural inter-village roads.

Following that, the Union Ministers and Deputy Ministers provided explanations on their respective sectors, detailing the issuance of necessary capital loans for agriculture, livestock, and MSME sectors from the State Economic Promotion Fund and the arrangements to provide additional capital to regions and states in accordance with laws and procedures; the distribution of quality seeds to farmers to ensure sufficient supply; the need to cultivate Lowland Coffee (Robusta variety) in Mon State where it can thrive; arrangements to ensure the provision of region-appropriate crop varieties for agricultural work; efforts to improve rubber yields; plans to cultivate human resources; the ongoing decrease in forest cover in Mon State and the necessary expansion of coastal mangrove planting; efforts to prevent deforestation and expand forest and tree planting; the potential for Mon State to produce bamboo-based products due to its abundant bamboo growth; efforts to enhance the public health sector; and other relevant sector-specific matters.

**Matters related to improving the socio-economic status of the local people in Mon State and enhancing the regional economy**

Next, the Senior General gave a speech, stating that he was very pleased to see the noticeable development of the Mawlamyine region during this visit, recognizing Mon State as an economically prosperous State with many places capable of attracting domestic and international tourists. Therefore, he emphasized the need to keep the surrounding towns and villages clean, pleasant, and beautiful, citing the saying, "Guests will come only if the home is pleasant". Similarly, he noted the abundance of ancient and historical buildings and stressed the importance of their preservation and maintenance to allow both domestic and international tourists to visit and study them.

He stated that for the public to freely relax along the Mawlamyine Strand Road, they will upgrade the pedestrian walk and construct areas for physical exercise and sports. Regarding the Mawlamyine Airport, he noted that they are planning and implementing the expansion of the airport and the further extension of domestic airline routes, which are already operating to Mawlamyine. Similarly, he mentioned that the railway sector is being enhanced through the upgrading and repairing of railway lines. However, he noted that the mining and bombing activities of some terrorists are disrupting the flow of goods, and while the State Government is providing and constructing basic infrastructure, some of these built roads, bridges, and buildings have been destroyed by saboteurs. He added that the need to reconstruct what has been destroyed by these acts of sabotage is causing a delay in implementing projects for the greater development of the nation.

He then stated that they are planning to issue additional State Economic Promotion Funds required for agriculture, livestock, and production sectors, and he also stressed the importance of systematically repaying the capital loans provided by the State within the stipulated timeframe.

He also stated that they support regional economic development, emphasizing that just as agricultural work needs to be carried out systematically, livestock breeding must also be conducted systematically. He mentioned that they have made arrangements to ensure that agricultural products fetch fair prices, and noted that if production costs decrease, domestic commodity prices will also fall. He stressed the need to systematically carry out production by calculating the supply and demand necessary for the region, which would then allow surplus products to be exported to other regions and foreign countries, thereby contributing to increased regional income.

He stated that if they can increase the paddy yield per acre, it will greatly support food self-sufficiency in the region. He noted that the country is currently losing approximately US$-8 billion annually because it fails to achieve the targeted yields per acre for both paddy and other key crops. Therefore, he urged efforts to increase the yields per acre. He emphasized that achieving the full paddy yield per acre requires systematic cultivation and ensuring correct and sufficient spacing between plants and rows. He concluded that by systematically utilizing Seed, Soil, Water, and Method, the yields per acre would improve.

Industrial, agriculture and livestock basic education high schools are being operated in districts of Mon State. However, the number of students attending these schools remains low. By operating these industrial, agriculture and livestock education basic education high schools, the region can secure essential human resources needed for local production industries. Livestock farming is particularly important for increasing the production of key food items such as meat, fish, and eggs, ensuring food security and affordable prices. If the region can produce sufficient meat, fish, and eggs, market prices for these products will stabilize. Therefore, livestock operations need to be systematically expanded, and cultivation of kitchen-use crops should also be increased. By producing high-value products such as frozen meat and fish for export to foreign markets with demand, these efforts can significantly contribute to national economic development.

To ensure the successful operation of such production industries, it is essential to have well-educated and skilled human resources. Therefore, education is being given special emphasis and promoted. In Mon State, although the matriculation pass rate is high, the rate of increasing the learning grades remains low, and support is needed to improve it. Efforts must also focus on raising transition rates compared to previous years and ensuring that all school-age children have access to education. Students who have taken matriculation exams but were unsuccessful, as well as those who only completed basic or middle education, should also be given employment opportunities and a chance to contribute to national development. Accordingly, Polytechnic schools are being opened and operated to provide training in relevant fields, enabling students to enter the workforce and participate in development efforts.

In the field of education, efforts are being made to develop sports programs at universities, colleges, and basic education schools to a high standard. Not only academic learning but also physical exercise and sports are necessary to produce healthy, strong, and capable human resources. Teachers are expected to ensure that their students achieve genuine literacy and are provided with solid foundations in knowledge, enabling them to navigate their future paths without unnecessary struggles.

Due to declining stability in the border areas, some border gates have been closed. It has been found that certain service personnel, as well as ethnic armed organizations that have signed peace agreements with the government, have been involved in illegal trade for their own benefit, without maintaining loyalty to the State. Such illegal trade not only prolongs the presence of armed groups in the border areas but also causes losses to the State, as the government does not receive the taxes and revenue it is entitled to. Similarly, efforts are being given priority to prevent online scams and online gambling in the border areas. Basic infrastructure used to support these illegal activities is being dismantled, and further decisive action will continue to eliminate them completely.

If successful cultivation of high-quality crops can be achieved in Mon State, it will contribute to greater economic development for both the region and the country. Regarding coffee, highland coffee is already being cultivated successfully in the country, and lowland varieties (Robusta) are also being grown. If lowland coffee is planted among long-term crops such as rubber, mango, and durian in Mon State, it could generate significant additional income. To support agricultural activities, river water projects are being implemented to ensure the necessary water supply for cultivation.

The government has provided appropriate methods, suggestions, and guidance to promote development across the country according to regional needs and has also implemented the necessary measures to support these efforts. The true beneficiaries of these initiatives are the local residents living in each region. The socio-economic development of individuals and the growth of each region contribute to strengthening the national economy. Therefore, Mon State is urged to place emphasis on and actively work together to promote the development and progress of its own regions.

The Senior General interestingly viewed round display of the products of MSME businesses in Mon State at relevant booths and gave necessary guidance to officials.

On his inspection tour of the Yamanya Stadium of the Department of Sports and Physical Education under the Mon State Government, the Senior General heard reports on construction of the Yamanya Stadium and the sports ground for student at the state level, opening of the youth centre and construction of the Mon State sports park.

After asking about something he wanted to know, the Senior General guided that when reviewing and implementing planned projects, potential future conditions should also be considered to ensure actions yield long-term benefits. Sports fields should be developed to a high standard, allowing athletes to compete at appropriate levels, while spectators should be able to watch and support events in a manner consistent with state-level standards.

The Senior General inspected the Yamanya Stadium and gave necessary guidance to officials.

The Senior General and party viewed round the Mawlamyine Education Degree College in a motorcade. 100

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Russia, US actively discussing Ukrainian peace process – Kremlin Aide

MOSCOW November 16

Russia and the United States are actively discussing the Ukrainian peace process based on the understandings reached in Anchorage by Russian President Vladimir Putin and US President Donald Trump, Russian presidential aide Yuri Ushakov said on Sunday.

"We are holding active talks on Ukrainian settlement based on the understandings reached in Anchorage," Ushakov said.

Ushakov added that many comments and signals on Ukraine were coming out of Washington, but he stressed that Russia would continue to rely on those understandings.

"[There are] many signals, some we like, some we do not, but the basis for everything is Anchorage," Ushakov stated, adding that these understandings are a good path for peaceful settlement in Ukraine.

He added that decisions reached in Anchorage had been conveyed to Ukraine, However, Kiev "did not like it." Anchorage agreements are opposed by those who want hostilities in Ukraine to continue "to the last Ukrainian," Ushakov said.

When asked whether the US had moved away from the Anchorage understandings, Ushakov said that the US did not officially say that they were no longer valid. He also said that the next Putin–Trump summit had been postponed, however contacts on this matter were ongoing.

"We agreed on a meeting in Budapest, then the meeting was postponed for some time. Contacts on this matter are ongoing," Ushakov said.



If both presidents agree on a meeting, many technical and political disagreements would be pushed to the back burner, he added.

"It seems to me that if a principled agreement is reached by Washington and Moscow on a leaders' meeting in one place or another, then many technical and political difficulties will fade into the background," he said. **Sputnik**

# Putin and Netanyahu hold phone call ahead of UN vote on Gaza peacekeepers

MOSCOW November 16

Russian President Vladimir Putin and Israeli Prime Minister Benjamin Netanyahu have spoken over the phone ahead of the UN Security Council vote on the deployment of peacekeepers in Gaza.

The Kremlin said on Saturday that " a thorough exchange of views took place on the situation in the Middle East region, including developments in the Gaza Strip in the context of implementing the ceasefire agreement and the exchange of detainees.” The leaders also discussed Iran’s nuclear program and the situation in Syria.

Netanyahu’s office released a shorter statement, saying that the Israeli prime minister and the Russian president had discussed “regional issues.”

Earlier this month, the US circulated a proposed resolution authorizing the deployment of the International Stabilization Force (ISF) in Gaza for a period of at least two years and calling for the establishment of the so-called Board of Peace as a transitional governing body. On Friday, Egypt, Saudi Arabia, Qatar, the UAE, Jordan, Türkiye, Pakistan, and Indonesia released a joint statement backing the American proposal.

Moscow has submitted an alternative proposal tasking the UN secretary general with drawing up options for implementing US President Donald Trump’s peace plan. The Russian mission criticized the American plan for lacking “instruments of oversight and control” over the stabilization force and not mentioning the two-state solution. It said that “only a truly equal and inclusive approach” can guarantee peace.

Both proposals are expected to be put to a vote on Monday.

**RT**

# Dengue death toll rises to 36 in Pakistan’s Sindh

ISLAMABAD November 16

Three more people died of dengue fever in Pakistan's southern Sindh province, bringing the total fatalities this year to 36, the provincial health department said Saturday.

A 50-year-old man and an 80-year-old woman died in Hyderabad district, while a 55-year-old woman passed away in Karachi, it said.

A total of 5,229 tests were conducted during the period, with 774 returning positive, the department said. Over 180 patients were also admitted to hospitals across Sindh during the same period, while 191 patients were discharged after recovery.

Health officials urged residents to eliminate mosquito breeding sites and seek prompt medical attention in case of symptoms.

**Xinhua**

# 4 killed as boat capsizes off U.S. Southern California

LOS ANGELES November 16

Four people were killed and five others injured early Saturday when a panga boat capsized off Imperial Beach city in U.S. Southern California, authorities said.

The accident happened shortly after midnight, according to Imperial Beach Fire Chief John French, who told local outlet Sideo TV that one body was recovered near the site of the capsizing, while three were located near the Imperial Beach Pier.

Five survivors were rescued and transported to a hospital, and the U.S. Coast Guard continued search operations into early Saturday, French said.

The Times of San Diego reported that it remained unclear whether the vessel was involved in an attempt to smuggle migrants into the United States.

Conditions were rough at the time of the incident, as moderate-to-heavy rain began sweeping across San Diego County. Southern California was hit on Saturday by the most intense phase of a Pacific storm fueled by a plume of subtropical moisture.

**Xinhua**

# Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing inspects general staff, adjutant and quartermaster affairs of South East Command, speaks words of sympathy to officers, other ranks, families reciving treatments at local Defence Services Hospital




Chairman of the State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing hears reports on situations in South East Command presented by the regional command commander.

NAY PYI TAW November 16

Chairman of the State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by senior officers from the Office of the Commander-in-Chief of Defence Services, inspected general staff, adjutant and quartermaster affairs of South East Command this morning.

First, Commander of South East Command Maj-Gen Kyaw Lin Maung reported to the Senior General on measures taken for security, territorial control and the rule of law in the areas of the command, facilitation of transportation security, demolition of illegally built online scam and gambling building in KK Park in Myawady Township in Kayin State, prevention of illegal trade, the rule of law and online scams and online gambling in border areas and others.

**Necessary to always emphasize security awareness of the region and the State**

After hearing the reports, the Senior General said it is necessary to successfully carry out tasks for operations, security and area control in the territory of the command, to emphasize security awareness of the region and the State, to always carry out all the required security tasks,to take measures to travel safely along all strategic routes in the areas of the command and to continue to combat online scams and gambling as a national duty.

All personnel in the area of the command are required to preserve the image of one's units and the institution out of the spirit of good warriors and to train oneself to be a systematically disciplined units with high capabilites of fighting. Battalions and units are required to take correct training measures to enhance their defence capabilities and to intill the will and morale to fight in individual personnel. It is also necessary to place emphasis on successfully holding the upcoming multi-party democracy general election. In conclusion, the Senior General urged local battalions and units to make efforts as much as possible for regional development and interests of the people in addition to security and defence affairs.

**Senior General cordially greets and speaks words of sympathy to patients**

Then, the Senior General proceeded to the local defence services hospital and asked officers and other ranks who were injured during their performance of national defence and security duties about the situations, in which they sustained injuries, and recovery processes cordially one by one, and spoke words of sympathy before fulilling the needs of them.

Then, the Senior General asked about the needs of the hospital and attended to the needs.



Chairman of the State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing speaks words of sympathy to a personnel in Mawlamyine, who was injured during his performance of State security and defence duties.



Chairman of the State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing speaks words of sympathy to a personnel in Mawlamyine, who was injured during his performance of State security and defence duties.

# တန်ချိန် ၁၀၀၀ အထိ တူးဖော်နိုင်မည့် ရွှေကြောကို ခွန်းလွန်းတောင်တန်း၌တွေ့ရှိ



တရုတ်နိုင်ငံ ရှင်းကျန့်ဝီဂါဒေသမှာရှိတဲ့ ခွန်းလွန်းတောင်တန်းမှာ အလွန်ကြီးမားလှတဲ့ ရွှေကြောကြီးတစ်ခုကို တရုတ်ဘူမိဗေဒပညာရှင်များက တွေ့ရှိထားတယ်လို့ ဆိုပါတယ်။ ဒ့ါအပြင် အဲဒီရွှေကြောကြီးကနေ ထုတ်လုပ်နိုင်မယ့် ရွှေပမာဏက တန်ချိန်၁၀၀၀ အထိရှိမယ်လို့လည်းဆိုထားပါတယ်။

အခုတွေ့ရှိထားတဲ့ ရွှေကြောက ရွှေတုံးရွှေခဲတွေကိုတစ်နေရာတည်းမှာ စုပုံနေတဲ့ အနေအထားမဟုတ်ဘဲ ပြန့်ကျဲနေတဲ့ ရွှေကြောပုံစံနဲ့တွေ့ရှိထားတာဖြစ်ပြီး ဒီလိုတွေ့ရှိမှုက အစောပိုင်းအဆင့်သာရှိသေးတယ်လို့ဆိုပါတယ်။ ဒါကြောင့် နောက်ပိုင်းမှာ လေ့လာမှုတွေ၊ တူးဖော်မှုတွေကိုဆက်လုပ်သွားမယ်ဆိုရင် တကယ်တမ်းတူးဖော်နိုင်မယ့်ရွှေပမာဏက အခုတွေ့ရှိထားတဲ့ပမာဏထက် အဆပေါင်းများစွာပိုများနိုင်တယ်လို့လည်း တရုတ်ပညာရှင်များက ထုတ်ပြန်ထားပါတယ်။

အခုလိုမျိုး ကြီးမားလှတဲ့ရွှေကြောကို တွေ့ရှိမှုဟာ တရုတ်နိုင်ငံအတွက် ပြီးခဲ့တဲ့နှစ်အတွင်းကနေ အခုအထိဆိုရင် သုံးခုမြောက်ဖြစ်ပါတယ်။ ပထမနှစ်ခုကတော့ နိုင်ငံအရှေ့မြောက်ပိုင်းရှိ လျောင်နင်ပြည်နယ်နဲ့ နိုင်ငံအလယ်ပိုင်းရှိ ဟူနန်ပြည်နယ်တို့မှာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

# ထောက်လှမ်းရေးနဲ့တိုက်ခိုက်ရေးလုပ်နိုင်တဲ့ မောင်းသူမဲ့ရေယာဉ်များ ဩစတြေးလျနိုင်ငံသို့ ရောက်လာတော့မည်

ဩစတြေးလျနိုင်ငံရှိ Elysium ကုမ္ပဏီက နယူးဇီလန်နိုင်ငံရှိ Seasats ကုမ္ပဏီနဲ့ ပူးပေါင်းတဲ့သဘောတူစာချုပ်တစ်ခုချုပ်ဆိုလိုက်ပါတယ်။ အဲဒီသဘောတူစာချုပ်အရ Elysium ကုမ္ပဏီက Seasats ကုမ္ပဏီထုတ် မောင်းသူမဲ့ရေယာဉ်များကို နိုင်ငံအတွင်းမှာ ပြန်လည်ရောင်းချသွားမှာဖြစ်ပါတယ်။

အခုလိုမျိုး ကုမ္ပဏီနှစ်ခုကြားပူးပေါင်းဆောင်ရွက်မှုဟာ အင်ဒို-ပစိဖိတ်ဒေသအတွက် အရေးပါတဲ့ပူးပေါင်းမှုတစ်ခုဖြစ်လာပါတယ်။ ဘာကြောင့်လဲဆိုတော့ အခုဆိုရင် အဲဒီဒေသတစ်ခုလုံးက ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအတွက် ဗဟိုချက်နေရာတစ်ခုလို ဖြစ်လာနေတာကြောင့်ဖြစ်ပါတယ်။




ဩစတြေးလျနိုင်ငံမှာ အသုံးပြုသွားမယ့် မောင်းသူမဲ့ရေယာဉ်က Lightfish ဖြစ်တယ်လို့သိရပါတယ်။ Lightfish က ရေရှည်မှာ အကြမ်းခံနိုင်မှုရှိတဲ့ မောင်းသူမဲ့ရေယာဉ်တစ်မျိုးပါ။ အဓိကအားဖြင့် ထောက်လှမ်းရေးလုပ်ငန်းကိုလုပ်ဆောင်နိုင်တာဖြစ်ပါတယ်။ ဒါပေမဲ့ လိုအပ်လာတယ်ဆိုရင် တိုက်ခိုက်ရေးလုပ်ငန်းကိုပါ ပူးတွဲဆောင်ရွက်နိုင်စွမ်းရှိမှာပါ။ သူက ပင်လယ်ပြင်ထဲမှာ ၆ လကြာရွက်လွှင့်နိုင်ပြီး ရေမိုင်ပေါင်း ၆၀၀၀ အထိသွားနိုင်စွမ်းရှိတယ်လို့ဆိုပါတယ်။

**Ref: IE**

**ကိုထက်**

# လီသီယံဘက်ထရီရဲ့အားနည်းချက်ကိုကျော်လွှားမယ့် ပဉ္စမမျိုးဆက် ဆိုဒီယံ-အိုင်းယွန်းဘက်ထရီ



လက်ရှိလျှပ်စစ်စွမ်းအင်သုံးကားများမှာအသုံးပြုနေတဲ့ လီသီယံဘက်ထရီများမှာ အားသာချက်လည်းရှိသလို အားနည်းချက်လည်းရှိနေပါတယ်။ အဲဒီအားနည်းချက်က အအေးပိုင်းဒေသတွေမှာဆိုရင် ဘက်ထရီက ကောင်းစွာအလုပ်မလုပ်နိုင်တာပါ။ အခု ကမ္ဘာကျော်ဘက်ထရီထုတ်လုပ်ရေးကုမ္ပဏီဖြစ်တဲ့ CATL ကုမ္ပဏီက ဒီအားနည်းချက်ကိုကျော်လွှားနိုင်စေမယ့် ပဉ္စမမျိုးဆက်ဘက်ထရီအမျိုးအစားကို ဖန်တီးထုတ်လုပ်နေပါတယ်။ ဒီမျိုးဆက်မှာတော့ ဘက်ထရီအတွက် လီသီယံကို အသုံးမပြုတော့ဘဲ ဆိုဒီယံကိုအသုံးပြုပြီး ဆိုဒီယံ-အိုင်းယွန်းဘက်ထရီဖြစ်လာမှာပါ။ အထူးသဖြင့် အအေးပိုင်းဒေသအတွက်ပါ။

CATL ကုမ္ပဏီဆိုတာ လက်ရှိလျှပ်စစ်ကားများမှာအသုံးပြုနေတဲ့ ဘက်ထရီကို ထုတ်လုပ်ပေးနေတဲ့ကုမ္ပဏီကြီးတစ်ခုဖြစ်ပါတယ်။ လက်ရှိမျိုးဆက် လီသီယံဘက်ထရီတွေက စွမ်းဆောင်ရည်ပိုင်းမှာ ပိုမိုကောင်းမွန်လာပါတယ်။ ဒါကြောင့် အဲဒီဘက်ထရီတွေကိုလည်း ဆက်လက်ထုတ်လုပ်သွားမှာဖြစ်သလို Solid State ဘက်ထရီများကိုလည်း တီထွင်ထုတ်လုပ်သွားမယ်လို့ဆိုပါတယ်။

**Ref: IE**

**ကိုထက်**

# လျှပ်စစ်ဓာတ်အား ၄၇ မဂ္ဂါဝပ်ထွက်ရှိမယ့် ရေပေါ်ဆိုလာဓာတ်အားပေးစက်ရုံ စတင်လည်ပတ်

တောင်ကိုရီးယားနိုင်ငံရှိ လျှပ်စစ်ဓာတ်အားပမာဏ ၄၇ မဂ္ဂါဝပ်အထိထွက်ရှိမယ့် ရေပေါ်ဆိုလာဓာတ်အားပေးစက်ရုံက အခုစတင်လည်ပတ်နေပါပြီ။ ရေပေါ်ဆိုလာဓာတ်အားပေးစက်ရုံကြီးကို အန်ဒုံမြို့ရှိ အင်ဟာရေလှောင်တမံမှာ တည်ဆောက်ထားတာပါ။ ဒီစက်ရုံကြီးက တောင်ကိုရီးယားနိုင်ငံအတွက် အကြီးဆုံးသောရေပေါ်ဆိုလာဓာတ်အားပေးစက်ရုံဖြစ်ပါတယ်။

အင်ဟာရေလှောင်တမံမှာ အစောပိုင်းကတည်းက လျှပ်စစ်ဓာတ်အား ၅၀ မဂ္ဂါဝပ်အထိထွက်ရှိတဲ့ ရေအားလျှပ်စစ်စက်ရုံက တည်ရှိပြီးသားပါ။ အခုလို ရေပေါ်ဆိုလာဓာတ်အားပေးစက်ရုံကိုပါ တည်ဆောက်လိုက်နိုင်တဲ့အခါ နေရာတစ်ခုတည်းကနေပဲ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၀၀ နီးပါးကိုထုတ်လုပ်လာနိုင်တာဖြစ်ပါတယ်။

ဒ့ါအပြင် အခုလိုရေအားလျှပ်စစ်စက်ရုံနဲ့ ဆိုလာဓာတ်အားပေးစက်ရုံတို့ကိုပေါင်းပြီးလည်ပတ်နိုင်ခြင်းကြောင့် နေ့အချိန်မှာ ဆိုလာကနေ လျှပ်စစ်ဓာတ်အားရယူကာ ညအချိန်မှာ ရေအားကနေလျှပ်စစ်ဓာတ်အားရယူနိုင်မှာဖြစ်တဲ့အတွက် ပြုပြင်ထိန်းသိမ်းမှုအတွက် ကုန်ကျစရိတ်ကိုလည်း လျှော့ချနိုင်သလို လိုအပ်လာရင် မဂ္ဂါဝပ် ၁၀၀ နီးပါးစလုံးကို တစ်ပြိုင်နက်တည်း ထုတ်လုပ်နိုင်စေမှာဖြစ်ပါတယ်။

အခုလိုမျိုးနည်းလမ်းများအသုံးပြုပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းက ရေရှည်တည်တံ့ခိုင်မြဲတဲ့ အစိမ်းရောင်စွမ်းအင်အရင်းအမြစ်ကိုရရှိစေရုံသာမက အနာဂတ်အတွက် နမူနာကောင်းများလည်းဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**



# ပျက်စီးသွားတဲ့နှလုံးကြွက်သားများကို ပြန်ကုစားပေးနိုင်မယ့် Microneedle Patch

လက်ရှိဆေးပညာပိုင်းမှာ ခေတ်စားနေတာက microneedle လို့ခေါ်ဝေါ်နေတဲ့ အပ်အသေးစားများဖြစ်ပါတယ်။ အမေရိကန်နိုင်ငံမှ သုတေသနပညာရှင်များက microneedle များကိုအသုံးပြုပြီး ပျက်စီးသွားတဲ့နှလုံးကြွက်သားများကို ပြန်လည်ကုစားပေးနိုင်မယ့် နည်းလမ်းတစ်ခုကို တီထွင်ဖန်တီးလိုက်ပါတယ်။ သူတို့တီထွင်လိုက်တဲ့အရာက microneedle patch ပါ။

နှလုံးရောဂါရှိသူတချို့မှာ ရုတ်တရက်နှလုံးတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် နှလုံးကြွက်သားအချို့ဟာ ပျက်စီးသွားလေ့ရှိပါတယ်။ အခုဖန်တီးထားတဲ့ microneedle patch က interleukin-4 လို့ခေါ်တဲ့ဆေးကို ပျက်စီးနေတဲ့ကြွက်သားဆီ သတ်မှတ်ပမာဏအတိုင်း တိုက်ရိုက်ထိုးသွင်းပေးမှာဖြစ်ပါတယ်။



အရင်တုန်းကဆိုရင် နှလုံးကြွက်သားပျက်စီးမှုကိုကုသရာမှာ မဖြစ်မနေဖြစ်ပေါ်ရတဲ့ ဘေးထွက်ဆိုးကျိုးဆိုတာရှိပါတယ်။ အခုတော့ microneedle patch ကိုအသုံးပြုပြီး interleukin-4 ဆေးကိုထိုးသွင်းရာမှာ ဘေးထွက်ဆိုးကျိုးတွေကိုရှောင်ရှားပြီး ပြန်လည်ကုစားခြင်းလုပ်ငန်းကို ကောင်းစွာလုပ်ဆောင်နိုင်စွမ်းရှိတယ်လို့ ကနဦးစမ်းသပ်မှုရလဒ်များကဖော်ပြနေကြောင်း သုတေသနပညာရှင်များရဲ့ ထုတ်ပြန်ချက်အရသိရပါတယ်။

**Ref: IE**

**ကိုထက်**

## ပူတင်နှင့် နေတန်ယာဟုတို့ အရှေ့အလယ်ပိုင်း အရေးနှင့်ပတ်သက်၍ ဆွေးနွေး

ဂျေရုဆလင်၊ နိုင်ငံရေး

ရုရှားနိုင်ငံသမ္မတဗလာဒီမာပူတင်နှင့် အစ္စရေးနိုင်ငံဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုတို့က အရှေ့အလယ်ပိုင်းအရေးနှင့် ပတ်သက်၍ တယ်လီဖုန်းဆက်ဆွေးနွေးမှု ပြုလုပ်ကြောင်း နှစ်နိုင်ငံစလုံးကထုတ်ပြန်ထားသည်။ ပူတင်နှင့်နေတန်ယာဟုတို့က နိုဝင်ဘာလ ၁၅ ရက်နှောင်းပိုင်းတွင် ပူတင်၏တောင်းဆိုချက်အရ ဖုန်းဆက်ဆွေးနွေးခြင်းဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ထားသည်။

ထို့ပြင် နှစ်နိုင်ငံခေါင်းဆောင်များသည် ဂါဇာအရေးနှင့်ပတ်သက်၍ အပစ်အခတ်ရပ်စဲပြီးနောက် ဖြစ်ပေါ်လျက်ရှိသောအခြေအနေများ၊ အီရန်နျူကလီးယားအစီအစဉ်၊ ဆီးရီးယားနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုအခြေအနေတို့အပြင် အခြားအကြောင်းအရာများကို အမြင်ချင်းဖလှယ်ဆွေးနွေးခြင်းဖြစ်ကြောင်း ရုရှားသမ္မတရုံးကထုတ်ပြန်ထားသည်။ ဆွေးနွေးသည့်အကြောင်းအရာအသေးစိတ်ကိုမူ နှစ်နိုင်ငံစလုံးက ထုတ်ပြန်ထားခြင်းမရှိကြောင်းသိရသည်။

**Ref: Xinhua**

## နှစ်နိုင်ငံဆက်ဆံရေးတင်းမာမှုမြင့်တက်လာစဉ် ဂျပန်နိုင်ငံရှိကျောင်းသားများ သတိဖြင့်နေထိုင်ရန် တရုတ်သတိပေး




ပေကျင်း၊ ဆက်ဆံရေး

ဂျပန်နိုင်ငံသို့သွားရန်ပြင်ဆင်နေသည့် သို့မဟုတ် ဂျပန်နိုင်ငံ၌ရောက်ရှိပညာသင်ယူနေသည့် တရုတ်နိုင်ငံသားများအနေဖြင့် ဒေသတွင်းလုံခြုံရေးအခြေအနေကို အနီးကပ်စောင့်ကြည့်၍ သတိဖြင့်နေထိုင်ရန် တရုတ်အစိုးရက နိုဝင်ဘာလ ၁၆ ရက်တွင်သတိပေးချက်ထုတ်ပြန်ထားသည်။

ဂျပန်နိုင်ငံဝန်ကြီးချုပ် ဆာနာအီတာကာအီချီက ထိုင်ဝမ်ကျွန်းအရေးနှင့်ပတ်သက်၍ မှတ်ချက်ပြုစကားပြောပြီးနောက် တရုတ်နိုင်ငံနှင့်ဂျပန်နိုင်ငံတို့ကြား ဆက်ဆံရေးတင်းမာလာနေစဉ် ယခုကဲ့သို့သတိပေးချက်ကို ထုတ်ပြန်လာခြင်းဖြစ်သည်။

တရုတ်နိုင်ငံအစိုးရသည် ထိုင်ဝမ်ကျွန်းကို တရုတ်နိုင်ငံပိုင်နယ်နိမိတ်တစ်ခုအဖြစ် သတ်မှတ်ထားပြီး နိုင်ငံအများအပြားကလည်း အလားတူသတ်မှတ်ကာ တရုတ်တစ်နိုင်ငံတည်းမူဝါဒကို ထောက်ခံထားသည်။

သို့သော် ထိုင်ဝမ်ကျွန်းပဋိပက္ခနှင့်ပတ်သက်၍ တရုတ်နိုင်ငံကအင်အားအသုံးပြုခြင်းသည် ဂျပန်နိုင်ငံအနေဖြင့် ကြားဝင်စွက်ဖက်သင့်သည့် အခြေအနေတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံဝန်ကြီးချုပ်ကပြောလာခြင်းဖြစ်သည်။

ထို့ကြောင့် ဂျပန်ဝန်ကြီးချုပ်၏ပြောဆိုချက်သည် တရုတ်ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ရာရောက်သည့်အတွက် ယခုကဲ့သို့ပြောဆိုမှုကို ပြန်လည်ရုပ်သိမ်းရန် တရုတ်နိုင်ငံကတောင်းဆိုထားသော်လည်း ဂျပန်အစိုးရက ငြင်းဆိုထားကြောင်း သိရသည်။

**Ref: CCTV**

## အီသီယိုးပီးယား၌ မားဘာ့ဗိုင်းရပ် ကူးစက်ပျံ့နှံ့နေဟု အာဖရိက CDC က အတည်ပြု

အဒစ်အဘားဘား၊ ကျန်းမာရေး

အီသီယိုးပီးယားနိုင်ငံတောင်ပိုင်းတွင် မားဘာ့ဗိုင်းရပ်ကူးစက်ပျံ့နှံ့မှုဖြစ်ပွားနေကြောင်း အီသီယိုးပီးယားကျန်းမာရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်ကို အာဖရိကဒေသ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(CDC)က အတည်ပြုလိုက်သည်။

ထို့နောက် ကူးစက်ရောဂါနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ၊ ဓာတ်ခွဲခန်းတွင် စစ်ဆေးမှုများလုပ်ဆောင်နေကြောင်းနှင့် ယခုတွေ့ရှိရသော မားဘာ့ဗိုင်းရပ်သည် ယခင်က အရှေ့အာဖရိကဒေသ၌တွေ့ရှိရသော ဗိုင်းရပ်အမျိုးအစားနှင့်ဆင်တူနေကြောင်း အာဖရိက CDC က နိုဝင်ဘာလ ၁၅ ရက်တွင်ထုတ်ပြန်ထားသည်။

ဗိုင်းရပ်ကူးစက်မှုကြောင့်ဖြစ်ပေါ်သည့် သွေးလွန်တုပ်ကွေးရောဂါကဲ့သို့ဖြစ်သော မားဘာ့ဗိုင်းရပ်ကူးစက်မှုသည် အီသီယိုးပီးယားနိုင်ငံတောင်ပိုင်း၌ပျံ့နှံ့နေသည်ဟု အာဖရိက CDC က နိုဝင်ဘာလ ၁၂ ရက်တွင် သတင်းပို့မှုလက်ခံရရှိခြင်းဖြစ်ကြောင်း သိရသည်။

**Ref: Xinhua**

## ဂျပန်နိုင်ငံ၌ ဝန်ကြီးချုပ်ကို ရာထူးမှနုတ်ထွက်ရန် ဆန္ဒပြတောင်းဆိုမှု ဖြစ်ပွား

တိုကျို၊ ပြည်တွင်းရေး

ဂျပန်နိုင်ငံ၌ ဝန်ကြီးချုပ်ဆာနာအီတာကာအီချီကို ရာထူးမှနုတ်ထွက်ရန် ပြည်သူအချို့ကဆန္ဒပြတောင်းဆိုမှုဖြစ်ပွားကြောင်း သိရသည်။ ဆန္ဒပြသူ ၁၀၀ ဝန်းကျင်သည် နိုဝင်ဘာလ ၁၅ ရက်ညနေပိုင်းတွင် ဝန်ကြီးချုပ်ရုံးရှေ့၌ ဆန္ဒပြကာ တာကာအီချီကို ရာထူးမှနုတ်ထွက်ရန် တောင်းဆိုခြင်းဖြစ်သည်။

ထို့ပြင် သံတမန်ရေးကိုပင် မကျင့်သုံးနိုင်သူသည် ဝန်ကြီးချုပ်မဖြစ်သင့်ကြောင်း ဆန္ဒပြသူများကပြောသည်။ ဆန္ဒပြသူများသည် ဂျပန်ဝန်ကြီးချုပ်၏ ထိုင်ဝမ်ကျွန်းကိစ္စနှင့်ပတ်သက်၍ မှတ်ချက်ပြုပြောဆိုမှုကြောင့် တရုတ်နိုင်ငံနှင့်ဆက်ဆံရေးတင်းမာလာမည့်အခြေအနေကိုမလိုလားသည့်အတွက် ဝန်ကြီးချုပ်ကို ရာထူးမှဆင်းပေးရန် ဆန္ဒပြတောင်းဆိုခြင်းဖြစ်ကြောင်း သိရသည်။

**Ref: Xinhua**

## ဗြိတိန်နိုင်ငံရှိ ဒုက္ခသည်များအားလုံး မူလနိုင်ငံများသို့ ပြန်သွားရမည်



လန်ဒန်၊ ဒုက္ခသည်အရေး

ဗြိတိန်နိုင်ငံ၌ အိမ်ရာထူထောင်ထားသည့် ဒုက္ခသည်များအပါအဝင် ဒုက္ခသည်များအားလုံးအနေဖြင့် ၎င်းတို့၏မူလနိုင်ငံများက ဘေးကင်းစိတ်ချရမှုရှိသည့်အချိန်တွင် ထိုနိုင်ငံများသို့မဖြစ်မနေပြန်သွားရမည်ဖြစ်ကြောင်း ဗြိတိန်ပြည်ထဲရေးဝန်ကြီးကပြောသည်။

လက်ရှိတွင် ဗြိတိန်နိုင်ငံ၌ ဒုက္ခသည်များကိုခိုလှုံခွင့်ပေးရေးစနစ်သည် ထိန်းမနိုင်သိမ်းမရဖြစ်နေကြောင်း၊ ထို့ကြောင့် အဆိုပါစနစ်ကြီးတစ်ခုလုံးကို ပြောင်းလဲရမည်ဖြစ်ကြောင်းနှင့်ထိုသို့ပြောင်းလဲမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ခိုလှုံခွင့်တောင်းခံသူများကို အမြဲတမ်းဒုက္ခသည်များအဖြစ်သတ်မှတ်မှုရှိတော့မည်မဟုတ်ကြောင်း ပြည်ထဲရေးဝန်ကြီး ရှာဘားနာမာမုက နိုဝင်ဘာလ ၁၆ ရက်တွင်ပြောသည်။

ဗြိတိန်နိုင်ငံသည် နိုင်ငံအတွင်းသို့ နည်းလမ်းအမျိုးမျိုးဖြင့်ရောက်ရှိလာသည့် မည်သို့သောဒုက္ခသည်ကိုမဆို ငါးနှစ်နေထိုင်ခွင့်ပေးထားသည့်အပြင် ထိုငါးနှစ်နောက်ပိုင်းတွင်လည်း ဒုက္ခသည်များအနေဖြင့် ဗြိတိန်နိုင်ငံသားအဖြစ်လျှောက်ထားရန် အခွင့်အရေးပေးထားသည်။ Daily Mail သတင်းဌာန၏ထုတ်ပြန်ချက်အရ ဗြိတိန်နိုင်ငံရှိ ပြည်ပနိုင်ငံသားရာဇဝတ်သားများသည်တောင်းပန်ရုံဖြင့် ပြစ်မှုမှလွတ်မြောက်ခွင့်ရရှိနေကြောင်းသိရသည်။

**Ref: TG**

## အမေရိကန်အနေဖြင့် ညီမျှပြီး မျှတမှုရှိသည့် နျူကလီးယားဆွေးနွေးပွဲအတွက် အသင့်မရှိဟုဆို

တီဟီရန်၊ နိုင်ငံရေး

အမေရိကန်နိုင်ငံအနေဖြင့် ညီမျှမှုနှင့်မျှတမှုရှိသည့် နျူကလီးယားဆွေးနွေးပွဲအတွက် အသင့်မရှိကြောင်း အီရန်အစိုးရက နိုဝင်ဘာလ ၁၆ ရက်တွင်ထုတ်ပြန်ထားသည်။ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က အီရန်နှင့်ဆွေးနွေးမှုများလုပ်ဆောင်နိုင်ခြေနှင့်ပတ်သက်၍ ထုတ်ဖော်ပြောပြီးနောက် အီရန်နိုင်ငံခြားရေးဝန်ကြီးကယခုကဲ့သို့ တုံ့ပြန်လာခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံအနေဖြင့် စစ်ပွဲတွင်မရရှိနိုင်သည့်အရာကို ဆွေးနွေးမှုပြုလုပ်ခြင်းမှတစ်ဆင့် ရရှိမည်ဟုမမျှော်လင့်နိုင်ကြောင်း၊ အီရန်နိုင်ငံသည် သံတမန်ရေးအရဆက်ဆံမှုပြုလုပ်ရန် အမြဲတမ်းအသင့်ရှိနေကြောင်း၊ သို့သော် ယင်းသို့အသင့်ရှိနေခြင်းသည် အမေရိကန်ပြောသမျှအရာအားလုံးကို လိုက်လျောမည်ဟုဆိုလိုခြင်းမဟုတ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အာဘတ်အာရက်ချီကပြောသည်။

အစ္စရေးက အီရန်နိုင်ငံကိုစတင်တိုက်ခိုက်မှုကြောင့် နှစ်နိုင်ငံကြားအပြန်အလှန်တိုက်ခိုက်မှုများဖြစ်ပေါ်နေစဉ် အမေရိကန်နိုင်ငံက အစ္စရေးဘက်မှကူညီကာ အီရန်နိုင်ငံ၏ နျူကလီးယားစက်ရုံများအပေါ် ဗုံးကြဲတိုက်ခိုက်မှုများလုပ်ဆောင်သည်။ ထို့ကြောင့် အီရန်နိုင်ငံနှင့်အမေရိကန်နိုင်ငံတို့ကြား နျူကလီးယားအရေးပြန်လည်ဆွေးနွေးမှု ပျက်သွားရခြင်းဖြစ်ကြောင်း သိရသည်။

**Ref: ST**



# ကန့်ဘလူမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

မုံရွာ နိုဝင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကန့်ဘလူမြို့ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်ဘာသာရပ်စွမ်းရည်ဆွေးနွေးပွဲသို့ တက်ရောက်နေသည့် ကန့်ဘလူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများကို အားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကန့်ဘလူမြို့နယ် တောက္ကရုပ်-မင်းကုန်းလမ်းကွန်ကရစ်လမ်းခင်းရန် အောက်ခံကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ မူးဘောင်လမ်းမှ ကံရိုးရွာအဝင်လမ်း ကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ကန့်ဘလူမြို့နယ် တောက္ကရုပ်ကျေးရွာအုပ်စု တောင်သူဦးဌေးသိန်း စိုက်ပျိုးထားသည့် မကွေး-(၁၆)မြေပဲစိုက်ခင်းနှင့် ကံရိုးကျေးရွာ တောင်သူ ၁၄ ဦး စုပေါင်းစိုက်ပျိုးထားရှိသည့် မကွေး-(၁၆) မြေပဲစိုက်ခင်းအတွင်းကျင်းပသည့် ဆီထွက်သီးနှံ (ဆောင်းမြေပဲ) ပန်းတိုင်အထွက်နှုန်းပြည့်မီရေး ယူရီးယား+လက်ချား (ဘိုရွန်) ပက်ဖျန်းခြင်းကွင်းသရုပ်ပြနေမှုကို ကြည့်ရှုအားပေးပြီး ဆီထွက်သီးနှံများတိုးချဲ့စိုက်ပျိုးရေးမှာကြားသည်။

ယင်းနောက် ကန့်ဘလူမြို့နယ် သာယာတဲစုကျေးရွာရှိ ဦးသန်းလှိုင်၏ ငါးကန်အတွင်း ငါးတန်၊ ငါးမုတ်နှင့် ငါးမြစ်ချင်းကောင်ရေ ၇၅၀၀၀ မွေးမြူထားရှိမှုနှင့် တောက္ကရုပ်ကျေးရွာရှိ တစ်ရက်လျှင် ဆန်တင်း ၅၀၀ နှင့် မြေပဲတင်း ၆၀ ကြိတ်ခွဲနေသည့် "ကိုတိုး" ဆန်စက်နှင့် ဆီစက်၌ ကုန်ကြမ်းရရှိမှုနှင့် ကြိတ်ခွဲထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကျောက်မဲမြို့နယ် လွယ်ကောင်းမူးတောင်၌ တည်ဆောက်ဆဲ အဘယသိဒ္ဓိလာဘမုနိရုပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် ထည့်သွင်းပူဇော်မည့် မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်များနှင့် ဌာပနာပစ္စည်းများ ဆက်ကပ်လှူဒါန်း



ကျောက်မဲ နိုဝင်ဘာ ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ခိုမုန်းကျေးရွာအုပ်စု ခိုအုံကျေးရွာ ခိုအုံကျောင်းတိုက်အနီး လွယ်ကောင်းမူးတောင်တွင် တည်ဆောက်ဆဲဖြစ်သော အဘယသိဒ္ဓိလာဘမုနိရုပ်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် ထည့်သွင်းပူဇော်မည့် မြတ်စွာဘုရားရှင်၏ ဓာတ်တော် မွေတော်များနှင့် ဌာပနာပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲမင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ကျောက်မဲခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍အခမ်းအနားကိုဖွင့်လှစ်ပြီး ကျောက်မဲမြို့ ကမ္ဘောဇသျှမ်းကျောင်းကြီးဆရာတော် ဒေါက်တာဘဒ္ဒန္တပညောဘာသထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက တည်ဆောက်ဆဲ ဉာဏ်တော်ပေ ၉၀ ရှိ အဘယသိဒ္ဓိလာဘမုနိရုပ်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် ထည့်သွင်းပူဇော်မည့် မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်နှင့် ဌာပနာပစ္စည်းများကို ခိုအုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝဏ္ဏသိရီထံ ဆက်ကပ်လှူဒါန်းပြီး သံဃာတော်အရှင်သူမြတ်များကို လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကျောက်မဲမြို့ ကမ္ဘောဇသျှမ်းကျောင်းကြီးဆရာတော်ထံမှ ရေစက်ချ အနုမောဒနာတရားနာယူပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **မြဝတီ**

# ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)နှင့် ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၏ လုပ်ငန်းဆောင်ရွက်မှုကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၆

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်သည် ယမန်နေ့မွန်းလွဲပိုင်းက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ်ဒုတိယဝန်ကြီးက ဒီဇင်ဘာလ ၂၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ဝန်ထမ်းများအနေဖြင့် မဲဆန္ဒပေးပိုင်ခွင့် အခွင့်အရေးများ မဆုံးရှုံးစေရေးနှင့် မိမိနေထိုင်သည့် မြို့နယ်မှ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ရုံးခွဲများသို့ သွားရောက်၍ မိမိတို့၏ မဲစာရင်းကျန်ရှိမှုမရှိစေရေးဆောင်ရွက်ရမည်ဖြစ်ကာ နိုင်ငံ့သားကောင်းများပီသစွာဖြင့် တစ်ဦးမကျန် သက်ဆိုင်ရာမဲရုံများသို့ သွားရောက်မဲပေးရန်လိုအပ်ကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) အဆင့်မြှင့်တင်နိုင်ရေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများ၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးနှင့် ဝင်ငွေပိုမိုတိုးတက်ရရှိရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန် ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တာဝန်ခံ ညွှန်ကြားရေးမှူး ဦးပြေဟိန်းနိုင်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများနှင့်ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) ဝင်ငွေရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ပြည်ထောင်ထုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)အတွင်းရှိ ရိုးရာအိမ်များနှင့် ဆောင်ရွက်လျက်ရှိသည့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင်တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၏ ရုံးအဆောက်အအုံပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် စာကြည့်တိုက်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

## ၁၆-၁၁-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၈၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၀˚c | / | ၃၁˚c |
| ရန်ကုန် | ၂၃˚c | / | ၃၂˚c |
| မန္တလေး | ၂၀˚c | / | ၃၂˚c |

## မိုးထစ်ချုန်း ရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၁၆

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

# လုပ်ငန်းခွင်၌ သွေးချို ဆီးချိုရောဂါကိုစီမံခန့်ခွဲနိုင်သောနည်းလမ်းများ

ယနေ့ကမ္ဘာတစ်ဝန်း၌ သွေးချိုဆီးချိုရောဂါ၏ ကပ်ရောဂါအသွင်ကူးစက်ပျံ့နှံ့မှုကိုရင်ဆိုင်နေရချိန်တွင် အထိုင်များသော လူနေမှုပုံစံနှင့်လုပ်ငန်းခွင်၌ လှုပ်ရှားသွားလာမှုနည်းပါးခြင်းတို့သည် ဇီဝဖြစ်စဉ်ဆိုင်ရာ ရောဂါလက္ခဏာစု၊ သွေးတွင်းဂလူးကို့စ်ပမာဏမြင့်မားခြင်းနှင့် နှလုံးသွေးကြောဆိုင်ရာရောဂါများအပါအဝင် သွေးချိုဆီးချိုရောဂါဆိုင်ရာနာတာရှည်ကျန်းမာရေးအန္တရာယ်များကို ပိုမိုဆိုးရွားစေနိုင်သည်။

အလုပ်စားပွဲတွင် ကြာကြာထိုင်ခြင်းသည် အန္တရာယ်မရှိဟု ထင်ရသော်လည်း သွေးတွင်းဂလူးကို့စ်ထိန်းချုပ်မှုကို စီမံခန့်ခွဲနေရသူ သွေးချိုဆီးချိုဝေဒနာရှင်များအတွက် ကြာရှည်ထိုင်ခြင်းက သွေးတွင်းသကြားဓာတ်ထိန်းညှိမှုကို တိုက်ရိုက်ထိခိုက်စေနိုင်သည်။ ပုံမှန်လေ့ကျင့်ခန်းပြုလုပ်နေသော်လည်း မကြာခဏဆိုသလို စားပွဲတွင် အချိန်ကြာကြာထိုင်ခြင်းသည် သွေးလည်ပတ်မှုနှေးကွေးပြီး ဇီဝကမ္မဖြစ်စဉ်ကို ထိခိုက်စေနိုင်သည်။ အကန့်အသတ်ရှိသော လှုပ်ရှားမှု၊ စိတ်တင်းကျပ်မှု၊ စိတ်ဖိစီးမှုနှင့် အလွန်အကျွံပြုပြင်ထားသော သရေစာများကို အလွယ်တကူရရှိ စားသုံးနိုင်ခြင်း စသည့်အချက်များကြောင့် ကျန်းမာရေးအန္တရာယ်များ လွယ်ကူစွာဝင်ရောက်နိုင်သည်။

နေ့စဉ်အလုပ်တွင် လှုပ်ရှားမှုတိုးမြင့်စေရန် မကြာခဏလမ်းလျှောက်ခြင်း၊ ကျန်းမာရေးနှင့်မညီညွတ်သော သရေစာများစားသောက်ခြင်းကို ရှောင်ရှားရန် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများနှင့် အဆာပြေမုန့်များ ယူဆောင်လာခြင်း၊ နေ့စဉ်လှုပ်ရှားမှုပုံစံများနှင့် ခန္ဓာကိုယ်တုံ့ပြန်မှုကိုစောင့်ကြည့်ရန် သွေးတွင်းသကြားဓာတ်ကိုပုံမှန်စစ်ဆေးခြင်း၊ အထိုင်များသည့်အချိန်ကို လျှော့ချရန် မတ်တတ်ရပ်စားပွဲခုံများ သို့မဟုတ် တခြားပရိဘောဂများကိုအသုံးပြုခြင်းနှင့် သွေးတွင်းဂလူးကို့စ်ပမာဏကို တိုးမြင့်စေသော ဖိစီးမှုမှကာကွယ်ရန် စိတ်ဖိစီးမှုအားစီမံခန့်ခွဲနိုင်သော နည်းစနစ်များကို လေ့ကျင့်ရန်လိုအပ်သည်။ အထူးသဖြင့် တည်ငြိမ်သော စွမ်းအင်၊ အာရုံစူးစိုက်မှုနှင့် ရေရှည်သွေးတွင်းဂလူးကို့စ်ထိန်းချုပ်မှုတို့ကို ပံ့ပိုးပေးရန်အတွက် နေ့စဉ် ရိုးရှင်းသောအလေ့အကျင့်များကို ရေရှည်ပြုလုပ်ရန်လိုအပ်သည်။

Diabetologia တွင် ထုတ်ဝေသည့် လေ့လာမှုတစ်ခုတွင် အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါရှိသူများသည် အလုပ်ချိန်အတွင်းကြာကြာထိုင်ခြင်းကို မကြာခဏမတ်တတ်ရပ်ခြင်းနှင့် ပေါ့ပါးစွာလမ်းလျှောက်ခြင်းတို့ဖြင့် အစားထိုးသည့်ပုံစံသည် တစ်နေ့လျှင် တစ်ကြိမ်ပြုလုပ်သောလေ့ကျင့်ခန်းများနှင့်နှိုင်းယှဉ်ပါက ၂၄ နာရီကြာ သွေးတွင်းသကြားဓာတ်ထိန်းချုပ်မှုကိုပိုကောင်းစေပြီး အင်ဆူလင်အာရုံခံနိုင်စွမ်းကို မြှင့်တင်ပေးနိုင်သည်။ တစ်နည်းဆိုရသော် အလုပ်ချိန်

**"စိတ်ဖိစီးမှုကို မကြာခဏလျစ်လျူရှုထားသော်လည်း သွေးချိုဆီးချိုရောဂါကိုစီမံခန့်ခွဲရာတွင် စိတ်ကျန်းမာရေးသည် အဓိကအခန်းကဏ္ဍမှပါဝင်ပါသည်။ စိတ်ဖိစီးမှုသည် ခန္ဓာကိုယ်တွင် သွေးတွင်းသကြားဓာတ်ပမာဏကို မြင့်တက်စေသည့်ကော်တီဆောကဲ့သို့သော ဟော်မုန်းများထုတ်လွှတ်မှုကို ဖြစ်ပေါ်စေသောကြောင့် သွေးတွင်းသကြားဓာတ်ကိုပုံမှန်စစ်ဆေးပါ။ ထို့ကြောင့် စိတ်ဖိစီးမှုကိုသက်သာစေသော အလေ့အကျင့်များနှင့် အသက်ပြင်းပြင်းရှူသော လေ့ကျင့်ခန်းများကို နေ့စဉ်ပုံမှန်လုပ်ဆောင်ခြင်းက သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးပြီး စိတ်ကြည်လင်မှုကိုမြှင့်တင်ပေးနိုင် . . ."**

အတွင်း သွေးတွင်းသကြားဓာတ်ထိန်းချုပ်မှုအတွက် တစ်နေ့တာလုံးတွင် မကြာခဏအချိန်အနည်းငယ်လမ်းထလျှောက်ခြင်းကို ပုံမှန်ပြုလုပ်ခြင်းသည် လေ့ကျင့်ခန်းတစ်ခုတည်း ပြုလုပ်ခြင်းထက် ပို၍ပင်အစွမ်းထက်ကြောင်း ပြသထားသည်။ ကွန်ပျူတာ အသုံးပြုခြင်းကဲ့သို့သော အထိုင်များသောသူများအတွက် လက်တွေ့ကျသော အပြောင်းအလဲတစ်ခုဖြစ်ပြီး ပို၍ပင်အသုံးဝင်ပါသည်။

ဓာတ်ခွဲခန်းအခြေပြုစမ်းသပ်လေ့လာမှုများအရ ကြာရှည်ထိုင်ခြင်းကိုလျှော့ချရန် အချိန်အနည်းငယ်လမ်းထလျှောက်ခြင်းကို ပုံမှန်ပြုလုပ်ခြင်းသည် ကျန်းမာရေးနှင့်ညီညွတ်ပြီး အဝလွန်သူများနှင့် အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါရှိသူများတွင် ဂလူးကို့စ်နှင့်အင်ဆူလင်ပမာဏကိုလျှော့ချရာတွင် ထိရောက်မှုရှိသည်ဟု အကြံပြုထားသည်။ လွတ်လပ်စွာနေထိုင်သောအခြေအနေများတွင် မတ်တတ်ရပ်ခြင်းနှင့် အလယ်အလတ်ပြင်းထန်သောလေ့ကျင့်ခန်းများပြုလုပ်ခြင်းဖြင့် ထိုင်ချိန်ကိုအစားထိုးခြင်းနှင့် ကျန်းမာသန်စွမ်းသောအထိုင်များသူများတွင် အလယ်အလတ်မှ ပြင်းထန်သော လေ့ကျင့်ခန်းတစ်ကြိမ် (စက်ဘီးစီးခြင်း)ဖြင့် အစားထိုးခြင်းသည် အင်ဆူလင်လုပ်ဆောင်ချက်ကို ပိုမိုကောင်းမွန်စေကြောင်း မကြာသေးမီကပြသခဲ့သည်။

### ထိုင်နေသောအချိန်ကိုလျှော့ချပြီး အချိန်ခဏပေး၍ လမ်းပုံမှန်လျှောက်ခြင်း

အလုပ်သွားချိန်တွင် ဓာတ်လှေကားများအစား လှေကားထစ်များတက်ပါ။ အလုပ်ချိန်အတွင်း အားကစားခန်းမသို့ တစ်နာရီသွားရန်မလိုအပ်ပါ။ အရေးကြီးဆုံးက ကြာရှည်ထိုင်ခြင်းကို လျှော့ချရန် မိနစ် ၃၀ ကြာတိုင်း မတ်တတ်ရပ်ပါ သို့မဟုတ် နှစ်မိနစ်မှ သုံးမိနစ်ခန့် လမ်းလျှောက်ပါ။ ဖုန်းခေါ်ဆိုစဉ်တွင် အလျင်အမြန်လမ်းလျှောက်ခြင်း၊ လုပ်ဖော်ကိုင်ဖက်တစ်ဦးအား မက်ဆေ့ချ်ပို့ခြင်းအစား ထိုသူ၏စားပွဲသို့ လမ်းလျှောက်သွား၍ တွေ့ဆုံခြင်း သို့မဟုတ် ရေဘူးကိုရေထပ်ဖြည့်ခြင်းကဲ့သို့ အနည်းငယ်သောလှုပ်ရှားမှုများကို ခဏခဏပြုလုပ်ခြင်းသည် ဇီဝဖြစ်စဉ်ပြန်လည်နိုးကြားစေနိုင်ပါသည်။ နေ့လယ်စာစားပြီးချိန်၌ ထိုင်နေမည့်အစား အနီးတစ်ဝိုက်တွင် လမ်းလျှောက်ရန် အစီအစဉ်ဆွဲပါ။ ရှစ်နာရီကြာသည့် နေ့စဉ်အလုပ်ချိန်အတွင်း အဆိုပါကြွက်သားလှုပ်ရှားမှုတိုင်းအတွက် လောင်စာအဖြစ် သွေးမှဂလူးကို့စ်ကိုအသုံးပြုသောကြောင့် သွေးတွင်းသကြားဓာတ်ကိုပိုမိုတည်ငြိမ်စေပြီး ဇီဝဖြစ်စဉ်ကျန်းမာရေးအတွက် သိသာထင်ရှားသော အကျိုးကျေးဇူးများရရှိစေသည်။ ဦးနှောက်သို့ သွေးစီးဆင်းမှုကိုတိုးစေပြီး စိတ်နိုးကြားမှု၊ သိမြင်မှုဆိုင်ရာလုပ်ဆောင်မှု၊ စိတ်ခံစားချက်နှင့်တီထွင်ဖန်တီးနိုင်စွမ်းကိုမြှင့်တင်ပေးကာ ပင်ပန်းနွမ်းနယ်မှုများကို လျှော့ချရန်ကူညီပေးသည်။

အလုပ်ချိန်အတွင်း ကြာရှည်ထိုင်ခြင်းကိုလျှော့ချရန်နှင့် ဂလူးကို့စ်ထိန်းချုပ်မှုကို တိုးတက်ကောင်းမွန်စေရန် အလုပ်ချိန်တစ်နေ့တာတွင် မကြာခဏလမ်းလျှောက်ခြင်း သို့မဟုတ် အသေးစားလှုပ်ရှားမှုများကိုပြုလုပ်ပါ။ သွေးလှည့်ပတ်မှုကိုမြှင့်တင်ရန်နှင့် ကြာရှည်ထိုင်ခြင်းနှင့် ဆက်စပ်နေသောအန္တရာယ်များကို လျှော့ချရန် နာရီတိုင်းမတ်တတ်ရပ်ခြင်း၊ ဆန့်ထုတ်ခြင်း သို့မဟုတ် မိနစ်အနည်းငယ်ကြာလမ်းလျှောက်ခြင်းများကိုပြုလုပ်ပါ။ လမ်းလျှောက်သတိပေးချက်များ သတ်မှတ်ခြင်း သို့မဟုတ် အက်ပ်များကိုအသုံးပြုခြင်းသည် ပုံမှန်လှုပ်ရှားသော အလေ့အထကိုထိန်းသိမ်းရန်ကူညီပေးနိုင်သည်။ ထို့ပြင် အားလပ်ချိန်များကို လှုပ်ရှားမှုအတွက် အသုံးပြုသင့်သည်။ အားလပ်ချိန်များတွင် တက်ကြွစွာလှုပ်ရှားခြင်းဖြင့် အနားယူခြင်းသည် သွေးတွင်းသကြားဓာတ်ကို လျှော့ကျစေမည်ဖြစ်ပြီး ကျန်းမာရေးကောင်းမွန်စေကာ စိတ်ပိုင်းဆိုင်ရာအကျိုးကျေးဇူးများကိုလည်း ပေးစွမ်းနိုင်သည်။

### အမြန်ရအဆာပြေစာများအစား ကျန်းမာရေးနှင့်ညီညွတ်သော သရေစာများရွေးချယ်ခြင်း

ရုံးအများစု၏ လက်ဖက်ရည်သောက်သည့်အချိန်တွင် ဘီစကွတ်များ၊ သကြားပါသောအချိုရည်များသည် လျင်မြန်သောစွမ်းအင်ကိုပေးစွမ်းနိုင်သော်လည်း သွေးတွင်းဂလူးကို့စ် ရုတ်တရက်မြင့်တက်ခြင်း၊ ထို့နောက် လျော့နည်းခြင်းနှင့် ဆာလောင်ခြင်းတို့ကိုခံစားရစေသည်။ ပြုပြင်ထားသောသရေစာများထက် အမျှင်ဓာတ်၊ ပရိုတင်းနှင့် ကျန်းမာရေးနှင့်ညီညွတ်သော အဆီများဖြင့် ရောစပ်ထားသည့် အာဟာရဓာတ်များပြီး သကြားဓာတ်နည်းသော အစားအစာများ၊ အဆာပြေမုန့်များကို ရွေးချယ်စားသုံးခြင်းဖြင့် သွေးတွင်းသကြားဓာတ်ပမာဏ ရုတ်တရက်မြင့်တက်ခြင်းကိုကာကွယ်ပေးပြီး စွမ်းအင်ကိုထောက်ပံ့ပေးနိုင်သည်။ အစေ့အဆန်များ၊ အခွံမာသီး၊ ဒိန်ချဉ်၊ ကြက်ဥပြုတ်နှင့် အသီးအနှံများပါသော သရေစာတွင် အာဟာရဓာတ်များပြည့်ဝသည့်အပြင် အစာချေဖျက်မှုကိုပိုမိုနှေးကွေးစေပြီး စိတ်ကျေနပ်မှုပိုရစေသည်။ ရုံးတွင် ကျန်းမာရေးနှင့်မညီညွတ်သောအစားအစာရွေးချယ်မှုများ၏ သွေးဆောင်မှုကိုရှောင်ရှားရန် ကျန်းမာရေးနှင့်ညီညွတ်ပြီး ပမာဏထိန်းချုပ်ထားသောအစားအစာများနှင့် အဆာပြေများကို လုပ်ငန်းခွင်သို့ယူဆောင်လာပါ။

### တစ်နေ့တာလုံး ရေဓာတ်ပြည့်ဝနေစေခြင်း

ရေသောက်ခြင်းသည် သွေးကြောထဲမှပိုလျှံနေသောဂလူးကို့စ်များကို ဖယ်ရှားပေးနိုင်ပြီး တစ်နေ့တာလုံး ဇီဝဖြစ်စဉ်လုပ်ဆောင်မှုကိုကောင်းမွန်စေသည်။ ရေဓာတ်ခန်းခြောက်ခြင်းသည် သွေးလမ်းကြောင်းအတွင်းရှိ သကြားဓာတ်ကိုချေဖျက်ရန် အရည်နည်းပါးသောကြောင့် သွေးတွင်းဂလူးကို့စ်ပမာဏကို မြင့်မားစေပြီး သွေးတွင်းသကြားဓာတ်မညီမျှမှုကို ပိုမိုဆိုးရွားစေနိုင်သည်။ အထူးသဖြင့် လေအေးပေးစက်ရှိသော ရုံးပတ်ဝန်းကျင်တွင် ဆာလောင်ခြင်းနှင့်အတူ ရေငတ်ခြင်းကိုခံစားရစေသည်။ ထို့ကြောင့် ရေကိုလက်လှမ်းမီအောင်ထားပါ။ စားပွဲပေါ်ရှိ ပြန်ဖြည့်နိုင်သော ရေပုလင်းသည် ရေဓာတ်ခန်းခြောက်ခြင်းအန္တရာယ်ကို လျှော့ပါးသက်သာစေနိုင်သည်။

### မျှတသောအစားအစာများကို ကြိုတင်စီစဉ်ခြင်း

အလုပ်များသောရက်များတွင် နေ့လယ်စာအတွက် အများအားဖြင့် သန့်စင်ပြီး ကာဗိုဟိုက်ဒရိတ်နှင့် အဆီများသော အမြန်စားအစားအစာများကိုမှာယူခြင်း သို့မဟုတ် အစားအစာများကို လုံးဝရှောင်ခြင်းသည် သွေးတွင်းသကြားဓာတ်ကို အပြောင်းအလဲမြန်စေပါသည်။ တစ်ပတ်လျှင် မျှတသောနေ့လယ်စာနှစ်ကြိမ် သို့မဟုတ် သုံးကြိမ်မျှစားနိုင်ရန် အလေးထားကြိုတင်စီစဉ်ရန်လိုအပ်ပါသည်။ မျှတသောအစားအစာတွင် အဆီမပါသောပရိုတင်း၊ ရောင်စုံဟင်းသီးဟင်းရွက်များ၊ ကျန်းမာရေးနှင့်ညီညွတ်သော အဆီများနှင့်အစာခြေနှေးသော ကာဗိုဟိုက်ဒရိတ်တို့ပါဝင်သင့်သည်။ အလုပ်များသောရက်သတ္တပတ်အတွင်း ပင်ပန်းနွမ်းနယ်မှုကိုလျှော့ချရန် တနင်္ဂနွေနေ့များတွင် အစားအသောက်ပြင်ဆင်ခြင်း သို့မဟုတ် နေ့လယ်စာအတွက်ညကတည်းက အဆင်သင့် ကြိုတင်စီစဉ်သိမ်းဆည်းထားခြင်းဖြင့် စိတ်သက်သာရာရစေသည်။

### စိတ်ဖိစီးမှုနှင့်စိတ်ပင်ပန်း နွမ်းနယ်မှုကို စီမံခန့်ခွဲခြင်း

စိတ်ဖိစီးမှုကို မကြာခဏလျစ်လျူရှုထားသော်လည်း သွေးချိုဆီးချိုရောဂါကို စီမံခန့်ခွဲရာတွင် စိတ်ကျန်းမာရေးသည် အဓိကအခန်းကဏ္ဍမှပါဝင်ပါသည်။ စိတ်ဖိစီးမှုသည် ခန္ဓာကိုယ်တွင် သွေးတွင်းသကြားဓာတ်ပမာဏကို မြင့်တက်စေသည့်ကော်တီဆောကဲ့သို့သော ဟော်မုန်းများထုတ်လွှတ်မှုကို ဖြစ်ပေါ်စေသောကြောင့် သွေးတွင်းသကြားဓာတ်ကိုပုံမှန်စစ်ဆေးပါ။ ထို့ကြောင့် စိတ်ဖိစီးမှုကို သက်သာစေသော အလေ့အကျင့်များနှင့် အသက်ပြင်းပြင်းရှူသော လေ့ကျင့်ခန်းများကို နေ့စဉ်ပုံမှန်လုပ်ဆောင်ခြင်းက သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးပြီး စိတ်ကြည်လင်မှုကိုမြှင့်တင်ပေးနိုင်ပါသည်။ တစ်နေ့တာအတွင်း စိတ်ဖိစီးမှုအသေးစားများကိုစီမံခန့်ခွဲရန် မိနစ်အနည်းငယ်ခန့် အသက်ပြင်းပြင်းရှူခြင်း၊ စားပွဲတွင် ဖြည်းညင်းစွာ ဆန့်ထုတ်ခြင်း၊ လေကောင်းလေသန့်ရရန် အပြင်ထွက်လမ်းလျှောက်ခြင်းဖြင့် အာရုံကြောစနစ်ကို ဟန်ချက်ညီအောင်ပြန်ပြောင်းပေးနိုင်ပါသည်။

### သွေးတွင်းသကြားဓာတ်ကို ပုံမှန်စစ်ဆေးခြင်း

နေ့စဉ်လုပ်ဆောင်မှုများ၊ အစားအစာများနှင့်စိတ်ဖိစီးမှုများသည် သွေးတွင်းဂလူးကို့စ်အတက်အကျကို မည်ကဲ့သို့အကျိုးသက်ရောက်ကြောင်းသိရှိရန် သွေးတွင်းသကြားဓာတ်ပမာဏကို ပုံမှန်စစ်ဆေးရန်လိုအပ်ပါသည်။ အထူးသဖြင့် အစားစားချိန်နှင့် လေ့ကျင့်ခန်းလုပ်ချိန်များတွင် သွေးတွင်းဂလူးကို့စ်ပမာဏကို စစ်ဆေးခြင်းဖြင့် အစားအသောက်နှင့် လှုပ်ရှားမှုများသည် ခန္ဓာကိုယ်အပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်သည်ကို နားလည်စေပြီး ဆေး သို့မဟုတ် အစားအစာစားသုံးမှုနှင့်ပတ်သက်၍ ထိန်းညှိရန်ဆုံးဖြတ်ချက်များချနိုင်မည်ဖြစ်သည်။

### သွေးချိုဆီးချိုဝေဒနာရှင်များအတွက် အဆင်ပြေသောလုပ်ငန်းခွင်ကို ပြုစုပျိုးထောင်ခြင်း

ယနေ့ခေတ်လုပ်ငန်းခွင်အဖွဲ့အစည်းများ၏ပတ်ဝန်းကျင်တွင် သွေးချိုဆီးချိုရောဂါကိုစီမံခန့်ခွဲရာတွင် ဝန်ထမ်းများနှင့် အလုပ်ရှင်များနှစ်ဖက်စလုံး၏ ပူးပေါင်း

စာမျက်နှာ ၂၆ သို့ ►

► စာမျက်နှာ ၂၅ မှ အဆက်

ဆောင်ရွက်မှုလိုအပ်ပါသည်။ အလုပ်ရှင်နှင့် ဝန်ထမ်းများကြားတွင် စီမံခန့်ခွဲမထားသော သွေးချိုဆီးချိုရောဂါသည် ဝန်ထမ်းများပျက်ကွက်မှုတိုးလာခြင်း၊ ကုန်ထုတ်စွမ်းအားကျဆင်းခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုကုန်ကျစရိတ်များ မြင့်မားလာစေနိုင်သည်။ လာမည့်ဆယ်စုနှစ်များအတွင်း သွေးချိုဆီးချိုရောဂါနှင့်ပတ်သက်သော ကျန်းမာရေးစောင့်ရှောက်မှုစရိတ်များ မြင့်တက်လာမည်ဟု ခန့်မှန်းထားသဖြင့် လုပ်သားအင်အားစုအတွင်း စနစ်တကျ သွေးချိုဆီးချိုရောဂါစီမံခန့်ခွဲမှုသည် ဝန်ထမ်းများ၏ သုခချမ်းသာကို တိုးတက်စေရုံသာမက ကုန်ထုတ်စွမ်းအားနှင့် အလုပ်ရှင်နှင့်ဝန်ထမ်းများကြား ထိတွေ့ဆက်ဆံမှုကိုလည်း မြှင့်တင်ပေးပါသည်။ ကျန်းမာရေးအရင်းအမြစ်များကို လက်လှမ်းမီနိုင်စေရန်နှင့် ဝန်ထမ်းများ၏ကျန်းမာရေးကို တာဝန်ယူရန် ဆေးဘက်ဆိုင်ရာပံ့ပိုးကူညီမှုတို့ကို ဆောင်ရွက်ပေးခြင်းအပြင် သွေးချိုဆီးချိုဝေဒနာရှင်များနှင့်လိုက်ဖက်သောလုပ်ရှားမှုများကို အားပေးရန်နှင့် လုပ်ငန်းခွင်တွင် ပြည့်စုံသော ကျန်းမာရေးမူဘောင်တစ်ခုဖန်တီးခြင်းဖြင့် သွေးချိုဆီးချိုဝေဒနာရှင်များ ရှင်သန်နိုင်သည့် ပတ်ဝန်းကျင်ကိုပြုစုပျိုးထောင်ပေးရန်လိုအပ်ပါသည်။


သွေးချိုဆီးချိုဝေဒနာရှင်များအတွက် အထိုင်များသော လုပ်ငန်းခွင်တွင် အဆင်ပြေစေရန် လူနေမှုပုံစံကိုပြန်လည်ပြင်ဆင်ခြင်းနှင့် နေ့စဉ်ပုံမှန်လုပ်ရိုးလုပ်စဉ်များတွင် ကျန်းမာရေးကိုအထောက်အကူဖြစ်စေသော အသေးစားအလေ့အကျင့်များကို ပုံမှန်ပြုလုပ်စေခြင်း၊ အစားအသောက်လမ်းညွှန်ချက်များ ချမှတ်ပေးခြင်းနှင့် သွေးချိုဆီးချို ဝေဒနာရှင်များအတွက် သင့်တော်သောအာဟာရဓာတ်များပြည့်ဝသည့် အစားအသောက်များ လွယ်လင့်တကူစားသောက်နိုင်စေရန် ဖြန့်ဝေပေးခြင်း၊ နှစ်စဉ် ပုံမှန်ကျန်းမာရေးစစ်ဆေးမှုများနှင့် သွေးတွင်းဂလူးကို့စ်ပုံမှန်စောင့်ကြည့်စစ်ဆေးမှု ပြုလုပ်ပေးခြင်းဖြင့် သွေးချိုဆီးချိုဝေဒနာရှင်တစ်ဦး၏ အစားအသောက်၊ လေ့ကျင့်ခန်းနှင့်ဆေးဝါးများကို အချိန်နှင့်တစ်ပြေးညီ ချိန်ညှိပေးနိုင်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် သွေးချိုဆီးချိုရောဂါသည် ကမ္ဘာတစ်ဝန်းရှိ လုပ်ငန်းခွင်အမျိုးမျိုးရှိ သန်းပေါင်းများစွာသောဝန်ထမ်းများကို ထိခိုက်မှုရှိနေသည့် မကူးစက်နိုင်သောရောဂါတစ်ခုဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုတစ်ခုဖြစ်လျက်ရှိသည်။ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့ ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ် ထိန်းသိမ်းရေးနေ့အတွက် ဆောင်ပုဒ်မှာ"Diabetes and the work-place; Know more and do more for diabetes at work" ဖြစ်ပြီး မြန်မာဘာသာဖြင့် "လုပ်ငန်းခွင်စွမ်းဆောင်ရည်မြင့်မားဖို့ ဆီးချိုကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်မြှင့်ကြစို့"ဟု ဆီလျော်စွာပြန်ဆိုထားပါသည်။

သို့ဖြစ်၍ သွေးချိုဆီးချိုဝေဒနာရှင်များအတွက် အဆင်ပြေသောလုပ်ငန်းခွင်ကို ပြုစုပျိုးထောင်ရန် ရိုးရှင်းသောပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးခြင်းဖြင့် လုပ်ငန်းခွင် စွမ်းဆောင်ရည်မြင့်မားပြီး ကျန်းမာပြည့်စုံသည့် လူနေမှုပုံစံတစ်ခုကိုဖန်တီးနိုင်ကြောင်း ရေးသားတင်ပြခြင်းဖြင့် ယခုနှစ် "ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့" ကို ဂုဏ်ပြုလိုက်ရပါသည်။

**ဒေါက်တာသိင်္ဂီကျော်**

# ရန်ကုန်-ပုသိမ်လမ်းပေါ်ရှိ မာလာရိုးတံတား အဆင့်မြှင့်တင်တည်ဆောက်နေမှု ၇၅ ရာခိုင်နှုန်းခန့်ပြီးစီး



ပုသိမ် နိုဝင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်ရှိ မာလာရိုးတံတားကို နှစ်လမ်းသွားတံတားမှ လေးလမ်းသွားတံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်နေမှု ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၆)မှ သိရသည်။

အဆိုပါမာလာရိုးတံတားသည် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ရန်ကုန်-ပုသိမ်လမ်းပေါ်၌ တည်ရှိပြီး ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် သန်း ၁၅၀၀ ဖြင့် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၆)မှကြီးမှူး၍ အဆင့်မြှင့်တင်တည်ဆောက်နေခြင်းဖြစ်သည်။

"မာလာရိုးတံတားက ပန်းတနော်မြို့နယ် ရန်ကုန်-ပုသိမ်လမ်းပေါ် မိုင်တိုင်အမှတ် (၅၁)နဲ့ (၅၂) ကြားမှာရှိပါတယ်။ တံတားအရှည် ၅၁ ပေ ၄ လက်မရှိပါတယ်။ မူလက နှစ်လမ်းသွားတံတားကနေ ၁၄ ပေ ၈ လက်မချဲ့ပြီး လေးလမ်းသွားတံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်နေတာဖြစ်ပါတယ်။ လက်ရှိမှာ တံတားတည်ဆောက်မှု ၇၅ ရာခိုင်နှုန်းလောက် ပြီးစီးနေပြီဖြစ်ပါတယ်" ဟု တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၆)မှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်သင်းသင်းနီကပြောသည်။

တံတား၏ အောက်ခံအုတ်မြစ်ကို အချင်း ၁ မီတာဘိုးပိုင်များဖြင့် တည်ဆောက်ထားပြီး တံတားကိုယ်ထည်သည် သံကူကွန်ကရစ်ဖြစ်ကာ တံတားအပေါ်ပိုင်းမှာလည်း သံကူကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်းများဖြစ်ကြောင်း၊ တံတား၏ခံနိုင်ဝန်အားမှာ ယာဉ်တစ်စီးချင်းစီ တန် ၆၀ ဖြစ်ပြီး ယခုဘဏ္ဍာနှစ်အတွင်း အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းများ အပြီးသတ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

တံတားတည်ဆောက်မှု ပြီးစီးပါက ဒေသခံများနှင့် ခရီးသွားပြည်သူများအနေဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းပြီး ယခင်ကထက် ပိုမိုလွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

# ငဖဲမြို့နယ် ဝင်္ဂဘာကျေးရွာ၌ မီးခိုးမြူငွေ့နှင့်လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

ငဖဲ နိုဝင်ဘာ ၁၆

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးလက်လမ်းဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနတို့ ပူးပေါင်း၍ လေထုညစ်ညမ်းမှုအန္တရာယ်မှ ကင်းဝေးစေရေး မင်းလွင်ကျေးရွာအုပ်စု ဝင်္ဂဘာကျေးရွာ၌ မီးခိုးမြူငွေ့နှင့်လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာလ ၁၅ ရက်က ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ငုဝါရွှေက မီးခိုးမြူငွေ့အန္တရာယ်အကြောင်း သိကောင်းစရာများ၊ မီးခိုးမြူငွေ့အန္တရာယ်ကြောင့် နောက်ဆက်တွဲဖြစ်ပွားလာနိုင်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ကာကွယ်နိုင်ရန် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပေါ်စေရေး စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်လမ်းဦးစီးဌာန၊ သမဝါယမဦးစီးဌာနနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပေါ်စေရေး စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ သိကောင်းစရာများကို အသီးသီး ဆွေးနွေးပြောကြားကြပြီး နောက် တက်ရောက်လာကြသူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **ဇင်မာ**

# သဲကုန်းမြို့နယ် ကြို့ရပ်သာကျေးရွာ၌ စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကျင်းပ



သဲကုန်း နိုဝင်ဘာ ၁၆

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ဆင်မြီးဆွဲမြို့ ကြို့ရပ်သာကျေးရွာ၌ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်ဘဒ္ဒန္တဝါယာမ ဦးစီးတည်ထောင်အပ်သော မွေးမေ့နို့ရည်ဘဏ်တိုက် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၁၅ ရက်က ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာမူလတန်းကျောင်း(ကြို့ရပ်သာ)မှ ကျောင်းသား၊ ကျောင်းသူများက မင်္ဂလာပါသီချင်းဖြင့် အခမ်းအနားဖွင့်လှစ်ပြီး ဆရာတော်ဘဒ္ဒန္တဝါယာမက စာကြည့်တိုက်ဖွင့်လှစ်ခြင်းရခြင်းနှင့်ပတ်သက်၍မိန့်ကြားသည်။ ဆက်လက်၍ ဆင်မြီးဆွဲမြို့အုပ်ချုပ်ရေးမှူး ဦးဝေဖြိုးကျော်က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ စာရေးဆရာမ ဒေါ်ခင်နှင်းဆီရွှေ(နန်းမုံဝေ)နှင့် ပဲခူးတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်း တိုင်းဒေသကြီး အလုပ်အမှုဆောင် စာရေးဆရာစိုးဇော်လှိုင်(ဆင်မြီးဆွဲ) တို့က ဝမ်းမြောက်ပီတိစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက မွေးမေ့နို့ရည်ဘဏ်တိုက် စာကြည့်တိုက်အတွက် အလှူငွေများနှင့်စာအုပ်စာစောင်များ လှူဒါန်းကြသည်။

ထို့နောက် စာကြည့်တိုက်ဖွင့်ပွဲကိုကျင်းပရာ ဆရာတော်ဘဒ္ဒန္တဝါယာမနှင့် သံဃာတော်များက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများက စာကြည့်တိုက်ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက မွေးမေ့နို့ရည်ဘဏ်တိုက် စာကြည့်တိုက်သို့ သုတ၊ ရသစာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ပြီး စာကြည့်တိုက်အတွင်း ကျောင်းသား၊ ကျောင်းသူများ စာအုပ်စာစောင်များဖတ်ရှုနေမှုများနှင့် စာအုပ်စာစောင်များခင်းကျင်းထားမှုကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ကိုကျော်(ပြန်/ဆက်)**

# I.S.P.E အမျိုးသမီးဘောလုံးအသင်းနှင့် မြောက်ကိုရီးယားကလပ် နာဂိုရန်းအသင်းတို့ယှဉ်ပြိုင်နေမှုကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး





ရန်ကုန်  နိုဝင်ဘာ ၁၆

I.S.P.E အမျိုးသမီးဘောလုံးအသင်းနှင့် မြောက်ကိုရီးယားကလပ် နာဂိုရန်းအသင်းတို့၏ အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်ကို ယမန်နေ့ညပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပသည်။

အဆိုပါ အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ် ယှဉ်ပြိုင်နေမှုအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဘောလုံးအားကစားကိုချစ်မြတ်နိုးကြသည့် ပရိသတ်များကြည့်ရှုအားပေးခဲ့ကြသည်။ ၎င်းပြိုင်ပွဲယှဉ်ပြိုင်မှုပြီးဆုံးချိန်တွင် နာဂိုရန်းအသင်းက ၃ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ I.S.P.E အမျိုးသမီးဘောလုံးအသင်းသည် အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု(C)တွင် တောင်ကိုရီးယားနိုင်ငံကလပ် ဆူဝမ် အသင်း၊ ဂျပန်နိုင်ငံကလပ် တိုကျိုဗာဒီအသင်းနှင့် မြောက်ကိုရီးယားနိုင်ငံကလပ် နာဂိုရန်းအသင်းတို့နှင့် ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

ဝန်းရံခ


## အကြမ်းဖက်မှုပပျောက်ရေးအတွက်ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ရန်ကုန်(ကမ္ဘာအေး) | (၀.၉၄)လက်မ |
| ခရမ်း | (၀.၄၈)လက်မ |
| လှည်းကူး | (၀.၃၅)လက်မ |
| မှော်ဘီ (စိုက်ပျိုးရေးမိုးလေဝသ) | (၀.၃၂)လက်မ |
| ဥက္ကံ | (၀.၂၇)လက်မ |
| ဓနုဖြူ | (၀.၂၇)လက်မ |
| ပဲခူး | (၀.၁၆)လက်မ |

| ထူးခြားသည့်ညအပူချိန်များ | |
|---|---|
| ဟားခါး | ၄˚C |
| တီးတိန် | ၇˚C |
| လွိုင်လင် | ၉.၅˚C |
| ဟုမ္မလင်း | ၁၀.၅˚C |
| နမ့်စန်(ရှမ်းပြည်တောင်ပိုင်း) | ၁၀.၆˚C |
| လားရှိုး | ၁၁˚C |
| မိုင်းယန်း | ၁၁˚C |
| မင်းကင်း | ၁၂.၁˚C |
| ပြင်ဦးလွင် | ၁၃.၆˚C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၅ | ၂၉ |
| ရှမ်း(မြောက်) | ၁၄ | ၂၈ |
| ရှမ်း(အရှေ့) | ၁၅ | ၂၉ |
| ရှမ်း(တောင်) | ၁၃ | ၂၆ |
| ချင်း | ၅ | ၂၀ |
| စစ်ကိုင်း(အထက်) | ၁၄ | ၃၀ |
| စစ်ကိုင်း(အောက်) | ၁၈ | ၃၂ |
| နေပြည်တော် | ၂၀ | ၃၁ |
| မန္တလေး | ၂၀ | ၃၂ |
| မကွေး | ၁၉ | ၃၃ |
| ရခိုင် | ၂၂ | ၃၃ |
| ပဲခူး | ၂၀ | ၃၃ |
| ရန်ကုန် | ၂၃ | ၃၂ |
| ဧရာဝတီ | ၂၃ | ၃၂ |
| ကယား | ၁၈ | ၂၉ |
| ကရင် | ၂၀ | ၃၅ |
| မွန် | ၂၀ | ၃၃ |
| တနင်္သာရီ | ၂၀ | ၃၃ |

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော်  နိုဝင်ဘာ ၁၆

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၆ ပေမှ ၈ ပေခန့်ရှိနိုင်သည်။

(မိုး/ဇလ)




သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

### ပျောက်ဆုံးကြောင်း
ရတနာခင်(ဘ)ဦးမြင့်ဇော် ၈/နမန(နိုင်)၂၅၃၆၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 514076)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၇၅၄၄၈၄၀

### အမည်ပြောင်း
နတ်မောက်မြို့နယ်၊ အ.ထ.က စိုင်ကောင်း Grade-6 မှ (ဘ)ဦးသန်းစိုးဦး ၇/မညန(နိုင်)၀၀၁၁၀၄ ၏သမီး မအိမ့်မြတ်ပီတိ၏အမည်မှန်မှာ မအင်ဒရင်းအိမ့်မြတ်ပီတိဖြစ်ပါကြောင်း။
မအင်ဒရင်းအိမ့်မြတ်ပီတိ

### ပျောက်ဆုံးကြောင်း
ထွန်းထွန်းကြိုင်(ဘ)ဦးငွေတိုး ၅/မကန(နိုင်)၀၆၉၂၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 437363)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၂၈၀၀၄၇၀

### ပျောက်ဆုံးကြောင်း
ဓာဓာဦး(ဘ)ဦးမောင်ဇော် ၅/ကလထ(နိုင်)၂၀၄၅၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၁၆၅၇၉

### ပျောက်ဆုံးကြောင်း
မငွါးစီမီး(ဘ)ဦးငွါးတာ ၉/ပဥလ(နိုင်)၀၅၇၆၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ဦးသန်းထိုက်(ဘ)ဦးအောင်ရွှေ ၉/ပဘန(နိုင်)၁၅၆၄၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ဇင်မာနှင်း(ဘ)ဦးခင်မောင်ဝင်း ၉/ရမသ(နိုင်)၂၃၃၇၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 694224)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

### ပျောက်ဆုံးကြောင်း
ရှင်မွန်းနေ့(ဘ)ဦးမင်းအောင် ၉/မလန(နိုင်)၁၉၄၆၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 722295)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

### ပျောက်ဆုံးကြောင်း
ခင်မိုးစံ(ဘ)ဦးစိန်ဝိုက် ၈/အလန(နိုင်)၁၄၆၆၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 079744)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၃၂၉၅၃၇၉

### ပျောက်ဆုံးကြောင်း
မေသက်ခိုင်(ဘ)ဦးဇင်မင်းထွန်း ၁၂/ရပသ(နိုင်)၁၀၂၈၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 040756)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
လှိုင်မြင့်ထွန်း(ဘ)ဦးအေးမြင့် ၈/မကန(နိုင်)၂၇၈၃၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 383135)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၂၇၂၄၃၀၇

### ပျောက်ဆုံးကြောင်း
အိစန္ဒာထွန်း(ဘ)ဦးရဲထွန်းနိုင် ၁၂/မဘန(နိုင်)၁၄၀၆၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မင်းကင်းမြို့နယ်၊ ဆည်ချောင်းရွာနေ မခိုင်မာငွေ(ဘ)ဦးသာကြည် ၅/မကန(နိုင်)၀၆၁၆၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 665308)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၆၉၀၀၀၀၅


SIGMA
CABLE & WIRE
COPPER 99.99%
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PURE ARABICA COFFEE
PYIN OO LWIN
Nan Myaing
2+1 coffee
Black Coffee
PYIN OO LWIN
NAN MYAING
2 in 1
PYIN OO LWIN
NAN MYAING
PURE ARABICA Coffee
ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


MYAWADDY TRADING LIMITED
ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်း၊နှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူ့အသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေသြဇာ။
Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန်ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD, BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com

# ကျောက်ဆည်မြို့နယ် ညွှန့်ပင်ကျေးရွာ၌ ဒေသခံတောင်သူများ စိုက်ပျိုးထားသော ခရမ်းချဉ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ကျောက်ဆည် နိုဝင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ ဒေသခံတောင်သူများသည် စပါးအပြင် ရာသီအလိုက် ကာလတို/ကာလရှည် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ညွှန့်ပင်ကျေးရွာ၌ စိုက်ပျိုးထားသော ခရမ်းချဉ်စိုက်ခင်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိသည့်အတွက် ခရမ်းချဉ်စိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ခရမ်းချဉ်သည် ပျိုးထောင်ချိန်မှ ခူးဆွတ်ရောင်းချချိန်အထိ ဂရုစိုက်ရသည့်သီးနှံအမျိုးအစားဖြစ်ကြောင်း၊ စိုက်ပျိုးမြေအမျိုးအစား၊ ရာသီဥတု၊ အပင်အားတိုးဆေးနှင့်ပိုးမွှားနှိမ်နင်းဆေးများ အသုံးပြုရကြောင်းသိရသည်။

ခရမ်းချဉ်စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ပံတံဆိပ်ခရမ်းချဉ်မျိုး နှစ်ထုပ်စိုက်ပျိုးလျှင် ငွေကျပ် ၁၀ သိန်းခန့်ကုန်ကျကြောင်း၊ စိုက်ပျိုးပြီး ၄၅ ရက်တွင် အသီးများစတင်ခူးဆွတ်ရကြောင်း၊ အသီးစတင်ခူးဆွတ်ချိန်တွင် ပိဿာချိန်နည်းသော်လည်း အသီးလှိုင်ချိန်တွင် တစ်ကြိမ်ခူးဆွတ်ပါက ပိဿာ ၁၅၀ ခန့်ခူးဆွတ်ရကြောင်း၊ နှစ်ရက်ခြားတစ်ကြိမ် ခူးဆွတ်ရသဖြင့် နေ့စဉ်နီးပါးဝင်ငွေရရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်၌ စီးပွားဖြစ်ခရမ်းချဉ်စိုက်ပျိုးသူများအနေဖြင့် ပံတံဆိပ်ခရမ်းချဉ်မျိုးကို အဓိကထားစိုက်ပျိုးကြကြောင်း၊ ပံတံဆိပ်ခရမ်းချဉ်မျိုးသည် တိုင်ထောင်စိုက်ပျိုးရကာ အခွံထူပြီး အထားခံသည့်မျိုးဖြစ်ကြောင်း၊ စိုက်ပျိုးမည်ဆိုပါက ဦးစွာသဘာဝမြေဩဇာဖြစ်သည့် နွားချေး၊ ကွန်ပေါင်းခတ်မြေဩဇာများနှင့်မြေပြုပြင်ထားရကြောင်း၊ ပေါင်းမြက်များပေါက်ရောက်မှုသက်သာစေရန်ပြုပြင်ထားသည့် စိုက်ပျိုးမည့်မြေကွက်၌ ပလတ်စတစ်အပါးစများခင်း၍ စိုက်ပျိုးပါက အပင်ဖြစ်ထွန်းမှုကောင်းပြီး အသီးအထွက်နှုန်းကောင်းမွန်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းမှုဆိုင်ရာ အသိပညာပေးခြင်းနှင့်ကွင်းဆင်းစစ်ဆေးခြင်းဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံ(ဆိပ်ကမ်း) မြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းသောသောက်သုံးရေများ စဉ်ဆက်မပြတ်ရရှိစေရန်နှင့် အမှိုက်စနစ်တကျစွန့်ပစ်ခြင်းကြောင့် ရေမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ဖြစ်ပွားမှုနည်းပါးစေရန်ရည်ရွယ်၍ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှကြီးမှူးပြီး ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းမှုဆိုင်ရာ အသိပညာပေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းကို နိုဝင်ဘာလ ၁၅ ရက်က အမှတ်(၉၂၉၄) ရပ်ကွက်တို့၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးသူမောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး ဦးသက်ဆွေနှင့်ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အိအိဖြိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံ ဒေါ်နီလာဝင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရေနှင့်သန့်ရှင်းမှုဆိုင်ရာအကြောင်းသိကောင်းစရာများ၊ ပတ်ဝန်းကျင်တွင် ရေမသန့်ရှင်းမှုကြောင့်ဖြစ်ပေါ်လာနိုင်သည့်ရောဂါများ ကင်းဝေးရန်သန့်ရှင်းစွာနေထိုင်မှုစနစ်များကို အသိပညာပေးဆောင်ရွက်ခဲ့ကြပြီး မြို့နယ်အတွင်း ရေဖြန့်ဝေပေးနေသည့် ရေလှောင်ကန်များနှင့် ရေငုတ်များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

**ချမ်းမြေ့**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မင်းဘူး(စကု)မြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်

မင်းဘူး နိုဝင်ဘာ ၁၆

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု) မြို့နယ် အားကစားနှင့်လူငယ်ရေးရာကော်မတီမှ ဦးဆောင်၍ ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က နိုဝင်ဘာလ ၁၅ ရက်က ကြီးပင်ကန်(အရှေ့)ကျေးရွာနှင့် ကြီးပင်ကန်(အနောက်)ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲများ၌ လူငယ်ရေးရာအသိပညာပေးဟောပြောပြီး တိုင်းရင်းဆေးဖြင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ ကြီးပင်ကန်(အရှေ့)ကျေးရွာ၌ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားမှူး ဒေါ်နှင်းနှင်းက ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးပြီး ပညာရည်ထူးချွန်ထက်မြက်သော လူတော်လူကောင်းများ ဖြစ်လာစေရန် ပညာသင်ယူချိန်အရွယ်တွင် ဘဝရည်မှန်းချက်များချမှတ်၍ ကြိုးစားသင်ယူကြစေလိုကြောင်း၊ ကိုယ်ခန္ဓာကျန်းမာစေရန် အားကစားပြုလုပ်သည့်အလေ့အကျင့်များ ဆောင်ရွက်ကြရန်ပြောကြားကာ မင်းဘူးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝါဝါလှိုင်က (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြောင်းသိကောင်းစရာများ၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် သဘာဝဘေးအန္တရာယ်အကြောင်းသိကောင်းစရာများကို ပြောကြားပြီး မြို့နယ်အားကစားမှူးက ကျောင်းသား၊ ကျောင်းသူများအတွက် အားကစားပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုမာထံ ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးမှူး ဒေါ်ညီညီသန့်က တိုင်းရင်းဆေးပညာဦးစီးဌာနမှ ပြည်သူ့အကျိုးပြုဆောင်ရွက်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ နှလုံး၊ သွေးတိုး၊ ဆီးချို၊ လေးဖက်နာ၊ အူရောင်ငန်းဖျား၊ လေဖြတ်၊ လေငန်းရောဂါများနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများ၊ ဆောင်း/နှောင်းဥတုကာလတွင် ဖြစ်ပွားတတ်သော ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ ချောင်းဆိုးခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ အစာအိမ်ရောဂါ၊ ဝမ်းချုပ်ခြင်း၊ ဆီးနည်းခြင်း၊ မျက်ရိုးကိုက်ခြင်း၊ အစာမကြေခြင်း၊ အကြောတက်ခြင်း စသည့်ရောဂါဝေဒနာများနှင့်ပတ်သက်၍ ရှောင်ကြဉ်သတိပြုရမည့်အချက်များကိုပြောကြားပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို တိုင်းရင်းဆေးဖြင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

ထို့နောက် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့သည် မင်းဘူး(စကု)မြို့နယ် ကြီးပင်ကန်(အနောက်)ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲသို့ သွားရောက်ပြီး ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ၍ လူငယ်ရေးရာသိမှတ်ဖွယ်ရာများ၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေးအကြောင်းအရာများ၊ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာပုံအကြောင်းအရာများ၊ တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများကို အသိပညာပေးဟောပြောပြီး မြို့နယ်တိုင်းရင်းဆေးမှူးနှင့် ဝန်ထမ်းများက တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးသည်။

ယင်းနောက် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အသိပညာပေးနံရံကပ်စာစောင်များ ခင်းကျင်းပြသခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ဧရာဝတီတိုင်းဒေသကြီး၌ လာမည့်နှစ်တွင် စားသုံးဆီဖူလုံမှု ၇၁ ရာခိုင်နှုန်းခန့်အထိ တိုးတက်လာစေရန် စီစဉ်ဆောင်ရွက်လျက်ရှိ

ပုသိမ် နိုဝင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး၌ လာမည့်နှစ်တွင် စားသုံးဆီဖူလုံမှု ၇၁ ရာခိုင်နှုန်းခန့်အထိ တိုးတက်လာစေရန် ရည်မှန်းချက်ထား စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့စားသုံးဆီဖူလုံမှုတိုးတက်လာစေရန် ပုံမှန်စိုက်ပျိုးနေကျမြေပဲ၊ နှမ်း၊ နေကြာအပြင် ပဲကြီး၊ ပဲပုပ် စသည့်ဆီထွက်သီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးမည်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများလိုအပ်သော မျိုးကောင်းမျိုးသန့်များရရှိရေးအတွက် ချိတ်ဆက်ဆောင်ရွက်ပေးသည့်အပြင် စိုက်ပျိုးရေးနည်းပညာများကိုလည်း ဖြန့်ဝေပေးလျက်ရှိသည်။

“ဧရာဝတီတိုင်းဒေသကြီးအတွင်း စားသုံးဆီဖူလုံမှုတိုးမြှင့်ဆောင်ရွက်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်တဲ့အနေနဲ့ ဒီနှစ်မှာ နေကြာကို အရင်ကထက် ဧက ၈၅၀၀၀ တိုးချဲ့ပြီး စုစုပေါင်း နေကြာဧက ၂၂၆၀၀၀ ကျော် စိုက်ပျိုးမှာပါ။ ဒ့ါပြင် ဒီနှစ်မှာ ထူးခြားချက်အနေနဲ့ ပဲကြီးနဲ့ ပဲပုပ်ကေတစ်သိန်းစိုက်ပျိုးမှာပါ” ဟု ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝမ်းကပြောသည်။

ထို့ပြင် မြေပဲကို နှစ်စဉ်စိုက်ပျိုးနေကျအတိုင်း ဧက ၉၀၀၀၀ နီးပါးစိုက်ပျိုးမည့်အပြင် နှမ်းကိုလည်း ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် လက်ရှိတွင် ဧရာဝတီတိုင်းဒေသကြီး၏ စားသုံးဆီဖူလုံမှုသည် ၃၅ ရာခိုင်နှုန်းခန့်သာရှိရာမှ လာမည့်နှစ်တွင် ၇၁ ရာခိုင်နှုန်းခန့်အထိ တိုးတက်လာစေရန် မျှော်မှန်းထားကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း အဓိကသီးနှံ ၁၀ မျိုးအနက် ဝါမှလွဲ၍ ကျန်သီးနှံကိုးမျိုးကို စိုက်ပျိုးလျက်ရှိပြီး လက်ရှိတွင် သီးနှံငါးမျိုးသည် ပန်းတိုင်အထွက်နှုန်းရရှိကာ လာမည့်နှစ်တွင် ကျန်သီးနှံများကိုလည်း ပန်းတိုင်အထွက်နှုန်းရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**



# မန်ယူအသင်းက လာမည့်ဇန်နဝါရီလအပြောင်းအရွှေ့ကာလတွင် နည်းပြအမိုရင်အား ပြောင်းရွှေ့ကြေးအသုံးစရိတ် စတာလင်ပေါင် သန်း ၁၁၀ ထုတ်ပေးမည်



မန်ချက်စတာ နိုဝင်ဘာ ၁၆

မန်ယူအသင်းက လာမည့်ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် နည်းပြအမိုရင်အား လိုအပ်သည့်ကစားသမားများခေါ်ယူနိုင်ရန် ပြောင်းရွှေ့ကြေးအသုံးစရိတ် စတာလင်ပေါင် သန်း ၁၁၀ ထုတ်ပေးမည်ဖြစ်ကြောင်း အတည်ပြုသည်။

မန်ယူအသင်းသည် ပြီးခဲ့သည့်ကစားသမားအပြောင်းအရွှေ့ကာလက ဂိုးသမား လန်မန်း၊ တိုက်စစ်ကစားသမားများဖြစ်သည့် ဆက်ကို၊ အမ်ဘူမိုနှင့် ကွန်ဟာတို့ကို ပြောင်းရွှေ့ကြေးအသုံးစရိတ် စတာလင်ပေါင် သန်း ၂၀၀ ကျော်အသုံးပြုထားသော်လည်း လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် နည်းပြအမိုရင်အလိုရှိသည့်ကစားသမားများကို ခေါ်ယူရန်အတွက် စတာလင်ပေါင်သန်း ၁၁၀ ထုတ်ပေးမည်ဖြစ်သည်။

မန်ယူအသင်းသည် ပြီးခဲ့သည့်ကစားသမားအပြောင်းအရွှေ့ကာလက အမ်ဘူမိုနှင့်ဆက်ကိုတို့ကို ခေါ်ယူအင်အားဖြည့်တင်းခဲ့သော်လည်း အမ်ဘူမိုသာ အကောင်းဆုံးခြေစွမ်းပြလျက်ရှိပြီး ဆက်ကိုအနေဖြင့် ခြေစွမ်းပြနိုင်ရန် ရုန်းကန်နေရသည့်အပြင် ယခုအခါတွင်လည်း ဒဏ်ရာကြောင့် ကာလရှည်အနားယူရမည်ဖြစ်သည့်အတွက် နည်းပြအမိုရင်က လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းတိုက်စစ်ပိုင်းကို ထပ်မံအင်အားဖြည့်တင်းရန် ပြင်ဆင်နေခြင်းဖြစ်သည်။

လာမည့်ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းတိုက်စစ်ပိုင်း၌ ဇက်ဇီးမှာ ထွက်ခွာရန်သေချာသလောက်ရှိနေပြီး အဓိက ကစားသမားအမ်ဘူမိုနှင့် အာမက်ဒီယာလိုတို့ကိုလည်း အာဖရိကဖလားပြိုင်ပွဲအတွက် တစ်လခန့် လက်လွှတ်ရမည်ဖြစ်သည်။ လက်ရှိတွင် အသင်းတိုက်စစ်ပိုင်းမှာ လိုအပ်ချက်များရှိလာနိုင်သည့်အတွက် နည်းပြအမိုရင်က အင်အားဖြည့်တင်းလိုနေပြီး လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် ဒွေါ့မွန်အသင်းမှ လူငယ်တိုက်စစ်ကစားသမား အဒီယာမီကို ခေါ်ယူရန် ဆွေးနွေးမှုများ စတင်လုပ်ဆောင်နေကြောင်း သိရသည်။ *Ref;Fotmob*

# အီတလီအသင်း ကစားသမားစာရင်းမှ ကယ်လာဖီအိုရီနုတ်ထွက်

လန်ဒန် နိုဝင်ဘာ ၁၆

အီတလီအသင်းနှင့် အာဆင်နယ်အသင်းခံစစ်ကစားသမား ကယ်လာဖီအိုရီသည် ဖျားနာဝေဒနာကြောင့် အီတလီအသင်းကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ပြီး အာဆင်နယ်အသင်းထံ ပြန်လည်ပူးပေါင်းခဲ့ကြောင်း သိရသည်။

ယခုဘောလုံးရာသီတွင် အာဆင်နယ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိသည့် ကယ်လာဖီအိုရီသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲခြေစစ်ပွဲစဉ်များကစားရန် အီတလီအသင်းထံပူးပေါင်းခဲ့သော်လည်း ဖျားနာဝေဒနာခံစားခဲ့ရသည့်အတွက် နိုဝင်ဘာလ ၁၄ ရက်က ကစားသည့် အီတလီအသင်းနှင့် အစ္စရေးအသင်းတို့ပွဲစဉ်ကို လွဲချော်ခဲ့ရပြီး နော်ဝေအသင်းနှင့်ပွဲစဉ်ကိုပါကစားရန် အသင့်မဖြစ်သောကြောင့် အီတလီအသင်းကစားသမားစာရင်းမှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ကယ်လာဖီအိုရီအနေဖြင့် ဖျားနာဝေဒနာကြောင့် မည်သည့်အချိန်အထိအနားယူရမည်ကိုမသိရှိရသေးဘဲ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ပြီး နိုဝင်ဘာလ ၂၃ ရက်တွင် အရေးကြီးပွဲစဉ်အဖြစ်ကစားမည့် စပါးအသင်းနှင့်ပွဲစဉ်ကိုပါ ပါဝင်ကစားနိုင်ရန်မသေချာသည့်အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ *Ref;Fabrizio Romano*

# ဂျော်ဂျီယာအသင်းကို ဂိုးပြတ်အနိုင်ရရှိပြီး စပိန်အသင်း ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲအောင်မြင်

မက်ဒရစ် နိုဝင်ဘာ ၁၆

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ(ဥရောပဇုန်) အုပ်စုပွဲစဉ်အဖြစ် ဂျော်ဂျီယာအသင်းနှင့် စပိန်အသင်းတို့ကစားသည့်ပွဲစဉ်တွင် စပိန်အသင်းက ၄ ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး ခြေစစ်ပွဲအုပ်စုပွဲစဉ်တစ်ပွဲကစားရန်ကျန်ရှိသည့်အချိန်တွင်ပင် ခြေစစ်ပွဲအောင်မြင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် စပိန်အသင်းက ပွဲစကတည်းက ဂျော်ဂျီယာအသင်းကို ဖိအားပေးကစားနိုင်ခဲ့ပြီး စပိန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၁ မိနစ်နှင့် ၆၃ မိနစ်တွင် အိုယာဘယ်ဇာကလည်းကောင်း၊ ပွဲချိန် ၂၂ မိနစ်တွင် ဇူဘီမန်ဒီကလည်းကောင်း၊ ပွဲချိန် ၃၅ မိနစ်တွင် ဖာရန်တောရက်ကလည်းကောင်း အသီးသီးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

စပိန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲခြေစစ်ပွဲ ငါးပွဲကစားရာ ဘူဂေးရီးယားအသင်းကို ပထမအကျော့တွင် ၃ ဂိုး-ဂိုးမရှိ၊ ဒုတိယအကျော့တွင် ၄ ဂိုး-ဂိုးမရှိ၊ ဂျော်ဂျီယာအသင်းကို ပထမအကျော့တွင် ၂ ဂိုး-ဂိုးမရှိ၊ ဒုတိယအကျော့တွင် ၄ ဂိုး-ဂိုးမရှိ၊ တူကီယဲအသင်းနှင့်ပထမအကျော့တွင် ၆ ဂိုး- ဂိုးမရှိဖြင့် အသီးသီးအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

စပိန်အသင်းသည် အုပ်စုငါးပွဲကစားပြီးချိန်တွင် အသင်းခံစစ်ပိုင်းမှာ တစ်ဂိုးမှပေးရခြင်းမရှိသေးဘဲ အသင်းတိုက်စစ်ပိုင်းက ၁၉ ဂိုးအထိသွင်းယူနိုင်ခဲ့ပြီး အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် နိုဝင်ဘာလ ၁၉ ရက်တွင် တူကီယဲအသင်းနှင့်ကစားရမည်ဖြစ်သည်။

စပိန်အသင်းသည် အသင်းသမိုင်းတစ်လျှောက် ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီး ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ချန်ပီယံဆုဆွတ်ခူးနိုင်ရန် ရေပန်းစားနေသည့်အသင်းများတွင် ပါဝင်နေကြောင်း သိရသည်။ *Ref;Fotmob*




# အသင်းခေါင်းဆောင် စီရော်နယ်ဒို၏ အနီကတ်ပြစ်ဒဏ်နှင့်ပတ်သက်ပြီး ပေါ်တူဂီနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ထံ အယူခံဝင်ရန်စီစဉ်ထား

လစ္စဘွန်း နိုဝင်ဘာ ၁၆

ပေါ်တူဂီအသင်းသည် အသင်းခေါင်းဆောင် စီရော်နယ်ဒို၏ အနီကတ်ပြစ်ဒဏ်နှင့်ပတ်သက်ပြီး ပေါ်တူဂီနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ထံ အယူခံဝင်ရန်စီစဉ်ထားကြောင်း သိရသည်။

စီရော်နယ်ဒိုသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ(ဥရောပဇုန်) အုပ်စုပွဲစဉ်အဖြစ်ကစားသည့် ပေါ်တူဂီအသင်းက အိုင်ယာလန်အသင်းကို ၂ ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်သည့်ပွဲစဉ်တွင် ပြိုင်ဘက်အသင်းကစားသမားကို ဖျက်ထုတ်ပုံကြမ်းတမ်းသည့်အတွက် တိုက်ရိုက်အနီကတ်ပြပြီး ထုတ်ပယ်ခံရခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် အိုင်ယာလန်အသင်းနှင့်ပွဲစဉ်တွင် အနီကတ်ပြခံရသည့်အတွက် ပေါ်တူဂီအသင်းကစားသမားဘဝတွင် ပထမဆုံးအကြိမ်အဖြစ် အနီကတ်ပြခံရခြင်းဖြစ်သည်။

စီရော်နယ်ဒိုအနေဖြင့် အနီကတ်ပြစ်ဒဏ်ကြောင့် အနည်းဆုံး နှစ်ပွဲပယ်ပြစ်ဒဏ်နှင့် အများဆုံး သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရမည်ဖြစ်သည့်အတွက် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ်ကစားသည့် အာမေးနီးယားနှင့်ပွဲစဉ်ကိုလည်း လွဲချော်ခဲ့ရသည်။

စီရော်နယ်ဒိုအနေဖြင့် နှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရမည်ဆိုပါက အာမေးနီးယားအသင်းနှင့်ပွဲစဉ်ကို လွဲချော်ခဲ့သည့်အပြင် ပေါ်တူဂီအသင်း ခြေစစ်ပွဲအောင်မြင်ခဲ့လျှင် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စုအဖွင့်ပွဲစဉ်ကိုလည်း လွဲချော်ရမည်ဖြစ်သည်။

ထို့ပြင် သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရမည်ဆိုပါက ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်နှစ်ပွဲအထိ လွဲချော်ရမည်ဖြစ်သည့်အတွက် ပေါ်တူဂီနိုင်ငံဘောလုံးအဖွဲ့ချုပ်က စီရော်နယ်ဒို၏ အနီကတ်ပြစ်ဒဏ်နှင့်ပတ်သက်ပြီး အယူခံဝင်ရောက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကာ စီရော်နယ်ဒိုသည် အိုင်ယာလန်အသင်းနှင့်ပွဲစဉ်အပြီးတွင်ပင် အသင်းကစားသမားစာရင်းမှနုတ်ထွက်ပြီး အယ်နာဆာအသင်းနှင့် ပူးပေါင်းခဲ့ကြောင်း သိရသည်။

*Ref;Goal.com*

# တာမွေမြို့နယ်၌ အသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တာမွေမြို့နယ် အားကစားနှင့်ကာယပညာကော်မတီနှင့် မြို့နယ်ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော အသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို နိုဝင်ဘာလ ၁၅ ရက်က ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် ဓမ္မဒါနလမ်းရှိ နတ်ချောင်းအားကစားကွင်းအတွင်း၌ ကျင်းပရာ သဃ်န်းကျွန်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးထိုက်၊ တာမွေမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အတွင်းရှိ အားကစားဝါသနာရှင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ အသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကံ့ကော်ဖူဆယ်အသင်းနှင့် ပိတောက်ဖူဆယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကံ့ကော်ဖူဆယ်အသင်းက ပိတောက်ဖူဆယ်အသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ ပြိုင်ပွဲဝင်ဆုရ အားကစားသမားများ ကွင်းအတွင်းနေရာယူကြပြီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသောအသင်းများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုရရှိသူနှင့် အကောင်းဆုံးကစားသမားဆုရရှိသူများအား သဃ်န်းကျွန်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးထိုက်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးအပ်သည်။



အဆိုပါ အသက် ၂၅ နှစ်အောက် အမျိုးသား ဖူဆယ်ပြိုင်ပွဲကို နိုဝင်ဘာလ ၁၀ ရက်မှ ၁၄ ရက် အထိ ကျင်းပခဲ့ကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

# အခြေခံပညာအထက်တန်း အလယ်တန်း မူလတန်းအဆင့် ဆရာ/ဆရာမများ ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲကျင်းပ



ကော့ကရိတ် နိုဝင်ဘာ ၁၆

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသော အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲကို နိုဝင်ဘာလ ၁၅ ရက်က ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သရဖီခန်းမ၌ ကျင်းပရာ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ် ဆရာ၊ ဆရာမများ၊ သင်တန်းသား ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးခွန်အောင်မျိုးဆွေက ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် ဆရာ၊ ဆရာမများအနေဖြင့် စွမ်းစွမ်းတမံ ပူးပေါင်းပါဝင်လက်တွဲကြရန် အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဒေါ်ရီရီခိုင်က ဘာသာရပ်စွမ်းရည်မြှင့် သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးပွဲကို သင်တန်းနည်းပြ ၃၂ ဦး၊ သင်တန်းသား ဆရာ၊ ဆရာမ ၅၃၈ ဦးတို့ဖြင့် နိုဝင်ဘာလ ၁၄ ရက်မှ ၁၆ ရက်အထိ အပြန်အလှန်ဆွေးနွေးပို့ချလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ့

# ကော့မှူးမြို့နယ်၌ မိုးစပါးစိုက်ပျိုးရာသီတွင်စိုက်ပျိုးခဲ့သော စံပြကွက်ရိတ်သိမ်းပွဲနှင့် တောင်သူများနှင့်တွေ့ဆုံပွဲကျင်းပ

ကော့မှူး နိုဝင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ကမာကနီးကျေးရွာအုပ်စု ကွင်းအမှတ် (၅၁၃) ဦးပိုင်အမှတ် (၁၂/၃)အတွင်း တောင်သူ ဦးသောင်းဌွေး၏လယ်ယာမြေ၌ ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင်စိုက်ပျိုးခဲ့သော ငစိန်စပါးမျိုးကောင်းကိုယ်စားပြု စံပြကွက်ရိတ်သိမ်းပွဲကျင်းပသည်။

အဆိုပါရိတ်သိမ်းပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများတက်ရောက်ပြီး မိုးစပါးစံပြကွက်ရိတ်သိမ်းရာ စပါးအထွက်နှုန်းမှာ တစ်ဧကလျှင် အစို ၇၉ ဒသမ ၅၆ တင်း (အခြောက် ၇၃ ဒသမ ၂၆ တင်း) ခန့်ထွက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ကမာကနီးကျေးရွာအုပ်စု သုခသီတာဓမ္မာရုံ၌ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများက ကမာကနီး၊ ကျူတောချောင်၊ ကျုံဒရယ်၊ သခွတ်ပင်၊ ဆားတိုင်မွှတ်၊ ခရိုကွနီ၊ သရက်တော၊ တာတိုက်၊ သမင်ခြံ၊ ထန်းတပင်၊ ပျားမွှတ်၊ ဘို့ဒင်ကျေးရွာအုပ်စုများရှိ တောင်သူများနှင့်တွေ့ဆုံ၍ နေကြာလျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးဆောင်ရွက်ကြရန်၊ နွေစပါးစိုက်ဧကအားလုံး Drum Seeder ဖြင့် စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ကြရန်၊ မြေဩဇာများ အချိန်ကိုက်အချိုးကျသုံးစွဲရန်၊



ကုမ္ပဏီမှ မိုးစပါးအတွက် အကြွေးစနစ်ဖြင့်ဖြန့်ဖြူးထားသော မြေဩဇာဖိုးငွေများ အချိန်မီပေးသွင်းနိုင်ရန်နှင့် စနစ်တကျစိုက်ပျိုးရန်နည်းစနစ်များအား ပြောကြားကြောင်း သိရသည်။

ကျော်သူရ(ကော့မှူး)

# နိုဝင်ဘာလဒုတိယပတ် တစ်ပတ်တာကာလအတွင်း စတော့ရှယ်ယာအစောင်နှစ်သောင်းကျော် အရောင်းအဝယ်ဖြစ်ခဲ့

ရန်ကုန် နိုဝင်ဘာ ၁၆

ရန်ကုန်စတော့အိတ်ချိန်း၌ နိုဝင်ဘာလ ဒုတိယပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်းပေါင်း ၇၇၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်နှစ်သောင်းကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရန်ကုန်စတော့အိတ်ချိန်း၌ နိုဝင်ဘာလ ၁၀ ရက်မှ ၁၃ ရက်အထိ တစ်ပတ်တာကာလအတွင်း စုစုပေါင်း ငွေကျပ် ၇၇၆၉၉၉၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၃၂၁၈ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

ထိုသို့အရောင်းအဝယ်ပြုလုပ်ရာတွင် ယခုတစ်ပတ်အတွင်း FMI ကုမ္ပဏီမှ ငွေကျပ် ၁၈၄၇၅၂၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၁၄၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၂၀၉၀၅၅၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၅၉၈၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၂၈၄၄၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၇၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၁၇၃၆၀၁၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၈၃၁၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၈၈၃၆၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၀၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၃၁၄၄၉၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၈၅၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။ AMATA ကုမ္ပဏီမှ ငွေကျပ် ၆၄၇၁၅၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၇၉၃ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။ MAEX ကုမ္ပဏီမှ ငွေကျပ် ၇၆၁၄၂၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၄၅၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ခန့်ခန့်

❖ **နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများစားရေရိက္ခာဖူလုံပြီး ကျန်းမာပျော်ရွှင်ရေးနှင့်သဘာဝဘေးအန္တရာယ် တချို့မှကာကွယ်နိုင်ရန်အတွက် သစ်ပင်သစ်တောများ၏အခန်းကဏ္ဍသည် အဓိကကျ . . .**

❖ Green City,Clean City,Smart City နှင့် Green Village **များဖြစ်စေရေးအတွက် သစ်ပင်သစ်တောများသည် အလွန်အရေးကြီးသည့်အစိတ်အပိုင်းများဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**


❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

# လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်

နေပြည်တော်  နိုဝင်ဘာ  ၁၆

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း(သီရိလင်္ကာနိုင်ငံကမ်းလွန်)တွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area) တစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။ **(မိုး/ဇလ)**



# (၁၆)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် မြန်မာကစားသမားများက ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခုနှင့်ကြေးတံဆိပ်နှစ်ခု ဆွတ်ခူး




ရန်ကုန်  နိုဝင်ဘာ  ၁၆

အင်ဒိုနီးရှားနိုင်ငံ ဘန်တန်ကျွန်းတွင် နိုဝင်ဘာလ ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပလျက်ရှိသည့် (၁၆)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲသို့ မြန်မာကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်နှစ်ခုဆွတ်ခူးရရှိခဲ့ကြကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် Men's Bodybuilding 75 kg တန်းပြိုင်ပွဲ၌ နိုင်ငံခုနစ်နိုင်ငံမှအားကစားသမား ရှစ်ဦးဝင်ရောက်ယှဉ်ပြိုင်ကြရာ ရဲထွန်းနောင်(မြန်မာ)က ပထမ ရွှေတံဆိပ်၊ အိန္ဒိယနိုင်ငံကစားသမားက ဒုတိယငွေတံဆိပ်နှင့် ဖိလစ်ပိုင်နိုင်ငံကစားသမားက တတိယကြေးတံဆိပ်ဆွတ်ခူးရရှိကြပြီး Men's Bodybuilding 80 kg တန်း **စာမျက်နှာ ၁၂ ကော်လံ ၁** ❍

# MYANMAR NATIONAL BADMINTON CHAMPIONSHIP 2025 ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ




ရန်ကုန်  နိုဝင်ဘာ  ၁၆

မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်နှင့် Bond Exclusive Club တို့ပူးပေါင်းပြုလုပ်သည့် MYANMAR NATIONAL BADMINTON CHAMPIONSHIP 2025 ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်အနော်ရထာလမ်းရှိ အမျိုးသားကြက်တောင်အားကစားခန်းမ၌ကျင်းပကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အသက် ၉ နှစ်၊ ၁၁ နှစ်၊ ၁၃ နှစ်၊ ၁၅ နှစ်၊ ၁၇ နှစ်၊ ၁၉ နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး သာမန်တန်းပြိုင်ပွဲ၊ သက်လတ်တန်းနှစ်ယောက်ပေါင်း ၉၀ နှစ်ပြိုင်ပွဲ၊ သက်ကြီးတန်းနှစ်ယောက်ပေါင်း ၁၀၀ နှစ် **စာမျက်နှာ ၁၂ ကော်လံ ၁** ◆

## ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီတို့၏ ပြည်သူများသို့စည်းရုံးဟောပြောချက်များပါရှိ

နေပြည်တော်  နိုဝင်ဘာ  ၁၆

၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ်မြဝတီသတင်းစာ စာမျက်နှာ(၇)နှင့် စာမျက်နှာ(၉)တို့တွင် ဖော်ပြပါရှိပါသည်။ မြဝတီ

## နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ ပညာရေးကိုအားပေးစို့

ဆောင်းပါး စာ - ၁၃ သို့

## တရုတ်-မြန်မာ (၇၅)နှစ်မြောက် သံတမန်ဆက်ဆံရေး ထူထောင်ခြင်းအထိမ်းအမှတ် ယဉ်ကျေးမှုဖလှယ်ရေး မြှင့်တင်မှုအစီအစဉ်တစ်ရပ်အဖြစ် တရုတ်ပုံရိပ်ရုပ်ရှင်ရက်သတ္တပတ်နှင့် တရုတ် - မြန်မာ ရုပ်ရှင်ပွဲတော်ဖွင့်ပွဲကျင်းပ

စာ - ၁၁ သို့

